စိတ်ကူးချိုချိုအနုပညာ

# ခင်နှင်းယု

## ပါရမီဖြည့်စမို့

မဂ္ဂဇင်းဝတ္ထုရှည်များ



ပိုးခန်းဆီးနောက်မှ ငရဲခန်း၊ ဘူဇဂါလော ဇူဇကာလော၊
ဘယ်သို့သောအကြောင်းကြောင့်၊ ပါးဖောင်းဖောင်း
ပြဿနာ၊ ပဝါတစ်ကမ်း၊ မဲဇလီ၊ မောတယ် တောအလွမ်း၊
ဆီးနှင်းပြိုက်ကျ ဆောင်းတစ်ည၊ ပါရမီဖြည့်စမို့

mgyoe.com

# ခင်နှင်းယု

မဂ္ဂဇင်းဝတ္ထုရှည်များ

ပိုးခန်းဆီးနောက်မှ ငရဲခန်း၊ ဘူရဝါလော ရူရကာလော၊ ဘယ်သို့သောအကြောင်းကြောင့်၊ ပါးဖောင်းဖောင်း ပြဿနာ၊ ပဝါတစ်ကမ်း၊ မဲဇလီ၊ မောတယ် တောအလယ်၊ ဆီးနှင်းပြိုက်ကျ ဆောင်းတစ်ည၊ ပါရမီဖြည့်စမို့

mgyoe.com

KHY0013
4,000.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်ဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို၊
၂၀၁၃၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄၀၀၀ ကျပ်

၈၉၅·၈၃

ပါရမီဖြည့်စမို့ဝတ္တုရှည်များ
ခင်နှင်းယု၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၃၀၁ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ပါရမီဖြည့်စမို့ဝတ္တုရှည်များ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပါရမီဖြည့်စမို့

## မဂ္ဂဇင်းဝတ္ထုရှည်များ

ခင်နှင်းယု

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ပါရမီဖြည့်စမို့

မဂ္ဂဇင်းဝတ္ထုရှည်များ


| | |
|---|---|
| ပိုးခန်းဆီးနောက်မှငရဲခန်း | ၁ |
| ဘူဇဝါလော ဖူဇကာလော | ၄၉ |
| ဘယ်သို့သောအကြောင်းကြောင့် | ၉၇ |
| ပါးဖောင်းဖောင်ပြုသနာ | ၁၅၅ |
| ပဝါတစ်ကမ်း | ၁၆၇ |
| မဲဇလီ | ၁၈၉ |
| မောတယ်တောအလယ် | ၂၀၉ |
| ဆီနှင်းပြိုက်ကျဆောင်းတစ်ည | ၂၃၇ |
| ပါရမီဖြည့်စမို့ | ၂၅၉ |


mgyoe.com

mgyoe.com

# ပိုးခန်းဆီးနောက်မှ ငရဲခန်း

(၁)

လောင်ကျွမ်းစ ပြုနေသော ဖယောင်းတိုင်သည် ငြိမ်သက်တည့်မတ်နေပေသည်။ ဖယောင်းတိုင်ထိပ်ရှိ မီးညွန့်မှာမူ ယိမ်းယိုင်လှုပ်ရှား၍ နေပေသည်။

ဘုရားရှင်ရုပ်ပွားတော်၏ မျက်နှာတော်မှာ တည်ကြည်ငြိမ်သက်၍ နေသော်လည်း မီးညွန့် လှုပ်ရှားသည်နှင့်အမျှ မျက်နှာတော်မှ ရွှေရောင်များမှာ အရောင်ပြေးနေသလို ဖြစ်နေပေသည်။

တောင်ဘက်ပြတင်းမှ လေအေးများ တိုက်လိုက်သောအခါ မီးညွန့်သည် ပြာ၍ မှိန်သွားတော့သည်။

အမှန်တော့ တောင်ဘက်မှပြတင်းကို ပိတ်လိုက်ဖို့ကောင်းပေမယ့် ဘုရားကို အာရုံပြုနေသော ဒကာမလေး သီသီသည် ငြိမ်သက်ရာမှ လှုပ်ရှား၍ မရပေ။ သို့သော် ခန္ဓာကိုယ်က ငြိမ်သက်၍နေပေသည်။ စိတ်များကမူ လေတိုက်နေရသော မီးညွန့်များထက်ပင် လှုပ်ရှား၍နေသေးသည်။ မျက်စိများကမူ ဘုရားသခင်၏ ရုပ်ပွားတော်ကို အာရုံပြုနေသော အချိန်က နည်း၍ ဖယောင်းတိုင်မီးညွန့်ကို ကြည့်နေသောအချိန်က များပေသည်။

'လွတ်မြောက်ခြင်း' နှင့် 'မလွတ်သေးခြင်း' တို့မှာ စကားအားဖြင့် တစ်လုံးသာ ကွာသော်လည်း ဘဝအားဖြင့် ခြားနားလှေစွတကား။

သံသရာမှ လွတ်မြောက်လေပြီဖြစ်သော ဗုဒ္ဓဂေါတမတွင်မူ ကြွင်းကျန်သော ရုပ်ပွားတော်သည် ပင်လျှင် ငြိမ်သက်အေးချမ်းသော ရူပကာယတော် ရှိ၍ ထက်ဝန်းကျင်တို့သည်လည်း ချမ်းမြေ့အေးချမ်းဖွယ်ရာ ဖြစ်နေပေသည်။

ဘုရားရုပ်ပွားတော်ရှေ့ရှိ သီသီ၏ အသည်းနှလုံးများကမူ ကပ်နှစ်စွဲငြိသော တဏှာ၏ပြင်းစွာ လောင်ကျွမ်းခြင်း ခံနေရ၍ တည်ငြိမ်ခြင်းကို မတတ်စွမ်းနိုင်ရှာပေ။ သီသီသည် မလွတ်မြောက်သေး

mgyoe.com

 mgyoe.com 

သူ ဖြစ်ပေသည်။ သို့သော် သူသည် လွတ်မြောက်ခြင်း၏ အကြောင်းအရာများကို တွေးတောကြံဆမိ၍ ဘုရားရှင်၏ မျက်မှောက်တော်တွင် ပုဆစ်တုပ်ကာ ကြည်ညိုနေခြင်း မဟုတ်ပေ။ ဤရှည်လျားလှသော သံသရာဝဃ် ချစ်ကြင်သူနှင့်အတူ လည်ပတ်ရပါမည့်အကြောင်းကို ဆုတောင်းဆုယူ ပြုနေခြင်းမျှသာ ဖြစ်သည်။

ဤဖယောင်းတိုင်၏ တန်ခိုးကလည်း သူ၏ဆန္ဒကို ပြည့်ဝလိမ့်မည်ဟု သီသီက အကြွင်းမဲ့ ယုံကြည်နေပေ၏။

စရမ်းရောင်တောက်နေသော လျှပ်စစ်မီးလုံးများ ငြိမ်းထား၍ ဘုရားခန်းတစ်ခုလုံးတွင် ဖယောင်းတိုင်၏ အလင်းရောင်သာ ရှိနေလေသည်။

မီးစာသည် လောင်တိုင်းလောင်တိုင်း ဖယောင်းတိုင်မှာ တို၍တို၍လာသည်။ သီသီ၏ရင်ခုန်သံများသည်လည်း တဖြည်းဖြည်း မြန်၍လာသည်။ နားကလည်း ခြံဝဆီသို့ စွင့်၍နေပေသည်။

ဖယောင်းတိုင်မီးတောက်သည် နောက်ဆုံးတစ်ချက် ဝင်းခနဲ ထတောက်မီး မီးတောက်မှာ မှေးမှိန်သွားတော့သည်။ ယခုတစ်ခါတွင်မူ ပြန်လည်၍ လင်းမလာတော့ပေ။

သီသီသည် ဒူးတုပ်ရာမှ ထလိုက်၏။ ဖယောင်းတိုင်ငြိမ်းသွားပြီဖြစ်၍ စရမ်းရောင်မီးလုံးကို ဖွင့်လိုက်သည်။ မှေးမှိန်မှိန်ဖြစ်နေသော စရမ်းရောင်မှာ ဘုရားဆင်းတုတော်ရှေ့တွင် ချမ်းအေးသောအရောင် ဖြစ်နေပြန်၏။

သီသီကတော့ သက်ပြင်းတစ်ချက် ပြင်းစွာချလိုက်မိ၏။ တောင်ဘက်တံခါးရှိရာသို့ သွားရင်း လမ်းဘက်ဆီသို့ မျှော်ကြည့်မိပြန်သည်။

မိုးရေကြောင့် ပြောင်ချောနေသော ကတ္တရာလမ်းကို လရောင်မှိန်မှိန်အောက်တွင် မြင်နေရသည်။ လသာပုံကလည်း မှေးမှိန်လှပေသည်။ ညဉ့်နက်ပြီဖြစ်၍ လမ်းမကြီးကလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ခါတစ်ခါတွင် ဝင်းနေသော မီးလုံးကြီးနှစ်လုံး တပ်ထားသည့် ကိုယ်ပိုင်ကားကြီးတစ်စီး နှစ်စီးသာ လမ်းမပေါ်သို့ ဖြတ်၍သွားလေသည်။

အိမ်သည် ကတ္တရာလမ်းမကြီးပေါ်တွင် အရှေ့ဘက်သို့ မျက်နှာပြု၍ ဆောက်ထားသည်။ တောင်ဘက်မှ မီးနှစ်လုံးဝင်းနေသော ကားကြီးတစ်စီးစီး မောင်းလာတိုင်း သီသီသည် မျှော်လင့်ချက်ပြင်းစွာနှင့် ကြည့်နေသည်။ မီးလုံးများသည် ခြံဝင်းဘက်ဆီသို့ ကွေ့မလာဘဲ ကျော်သွားတိုင်း ရင်ထဲမှာ ဟာ၍ ဟာ၍ သွားတော့သည်။

လရောင်သည် တဖြည်းဖြည်း မှိန်၍လာသည်။ မိုးဖွားလေးများသည် စိပ်စိပ်ရွာချနေရာမှ တဖြည်းဖြည်း အသံကျယ်လာကြသည်။ မိုးသက်လေများကလည်း ပြတင်းကို တိုးဝှေ့ဝင်လာကြသည်။ ခြံထဲရှိ သစ်ပင်ကြီးများသည် အမှောင်ထဲတွင် ယိမ်းယိုင်နေကြသည်။ သစ်ရွက်များ ရိုက်ခတ်သံကလည်း သရဲကြီးတွေ ညည်းညူနေသလို ငြီးငွေ့ကြောက်မက်ဖွယ် ကောင်းနေလေသည်။

ဝင်းခနဲ လျှပ်စီးလက်လျှင် မှန်ပြတင်းသည် အရောင်တောက်၍သွားသည်။ သီသီသည် ကြာရှည် မကြည့်ရဲတော့ပေ။ ပြတင်းကို ပိတ်လိုက်၏။

mgyoe.com

mgyoe.com

ဘုရားကို ဝတ်ပြုကာ ဘုရားခန်းမှ ထွက်လာတော့သည်၊ တစ်အိမ်လုံးသည် တိတ်ဆိတ်၍ သူ့အိပ်ခန်း တစ်ခုတည်းမှ မီးရောင်သာ လင်းနေလေသည်၊

အောက်ထပ်မှ နံရံကပ်နာရီ၏ ၁၂ နာရီတီးသံကို သီသီသည် လမ်းလျှောက်ရင်း ကြားလိုက်သည်၊

အိပ်ခန်းဝတွင် ရပ်ရင်း ခုတင်ကို ကြောင်၍ကြည့်နေမိသည်၊ ဖြူဖွေးသော ခုတင်ကြီးကို ကြည့်နေရသည်မှာ သရဲခြောက်သလို စိတ်နှလုံးမချမ်းမြေ့စရာလို ဖြစ်၍နေပေသည်၊

သူသည် ခုတင်ဘေးတွင် ရပ်နေစဉ် အိပ်ရာဘေးမှ တယ်လီဖုန်းခေါ်င်းလောင်းသံ မြည်၍လာသည်၊ သီသီသည် တယ်လီဖုန်းကို ကောက်၍ ကိုင်လိုက်သည်၊

တစ်ဖက်မှ ဘာတွေပြောနေသည် မသိပေ၊ သီသီကတော့ သက်ပြင်းချလျက်ရှိသည်၊ သူသည် တုန်နေသောအသံကို ထိန်း၍ ပြန်ပြောနေသည်၊

"ဖယောင်းတိုင် ငြိမ်းတဲ့အထိ သီသီ ထိုင်ရာက မထဘူး၊ လှုပ်လဲ မလှုပ်ပါဘူး မင်းကတော်၊ မီးကလဲ လုံးလုံးမကျန်ဘူး လောင်သွားတယ်၊ ဒါပေမဲ့ ဒါပေမဲ့.. အခု ၁၂ နာရီထိုးပြီ.. သူ ပြန်မလာသေးဘူး"

သီသီသည် တစ်ဖက်မှ ပြောသည်ကို ငြိမ်၍ နားထောင်ပြန်သည်၊

"ကျေးဇူးတင်ပါတယ် မင်းကတော်၊ သီသီ့ကို ဒီလို ဂရုစိုက်လို့ ဝမ်းသာပါတယ်၊ ဖယောင်းတိုင် ငြိမ်းချိန်အထိ စောင့်နေလို့ သီသီအားနာလိုက်တာ၊ ဟုတ်ကဲ့.. ဘယ်လို ဘယ်လို နက်ဖြန်ကို နည်းတစ်ခု ပြောဦးမယ်လား"

သီသီသည် တစ်ဖက်မှပြောသည်ကို ခေါင်းတညိတ်ညိတ်နားထောင်ရင်း နောက်ဆုံးနှုတ်ဆက်၍ တယ်လီဖုန်းကို ချလိုက်သည်၊

မိုးသည်းထန်စွာ ရွာနေသည့်ကြားထဲက လျှပ်စီးကလည်း လက်ပင် လက်လွန်းလှပေသည်၊ သီသီသည် ပြတင်းအနားသို့ မကပ်ရဲတော့ပေ၊ အခန်းထဲတွင် မီးကိုလည်း မပိတ်ရဲ၊ မှောင်ထဲတွင် တစ်ယောက်တည်း ထိုင်နေရသည်မှာ အသည်းထိတ်စရာ ကောင်းလှသည်၊ လင်းနေခြင်းကလည်း ဟာလာဟင်းလင်းနှင့် ကျောမလုံသလို စိတ်ချောက်ချားစရာလို ဖြစ်နေပေသည်၊

ခေါင်းရင်းဘက်ရှိ အပြာရောင်မီးလုံးအငယ်ကို ဖွင့်ကာ မီးချောင်းအဖြူ လင်းလင်းကြီးကို ပိတ်လိုက်သည်၊ အိပ်ခန်းသည် ပြာမှိုင်းမှိုင်းဖြစ်လာသည်၊ မိုးသံ၊ လေသံများသည် တိုး၍ ဆူလာသည်၊

လေများကလည်း အေးစက်စက်ဖြစ်လာသည်၊ သီသီသည် ထိုမိုးနှင့် လေတိုက်သံများကို ကြာကြာ ထိုင်၍ နားမထောင်လိုတော့ပေ၊

ပြုန်းခနဲ ဗီရိုကို ဖွင့်လိုက်သည်၊ မီးခိုးရောင် သိုးမွေးဆွယ်တာအရှည်ကို ထုတ်ယူလိုက်သည်၊ ခေါင်းပတ်ဖို့ အပြာရောင် ပဝါပါးတစ်ခုကိုလည်း ယူလိုက်သည်၊

သူသည် ဘာမဆိုလုပ်ရဲသူလို ရဲရင့်ဖျတ်လတ်၍ နေပေသည်၊ အခန်းဝတွင် မတ်တတ်ရပ်ရင်း အပြင်ရှိ မီးလုံးများကို အားလုံးဖွင့်လိုက်သည်၊ လှေကားထိပ်တွင် မီးခလုတ်များကို နှိပ်လိုက်သော

mgyoe.com

mgyoe.com

အခါ နီညိုရောင်လေ့ကားကြီးမှာ လင်း၍သွားသည်။ လှေကားထစ်များအလယ်တွင် ကော်ဇောအရှည် ခင်းထား၍ သူ့ခြေနင်းသံကို မကြားရပေ။

"မသက် မသက်ရေ.. မသက်၊ ထစမ်း"

သူသည် လှေကားရင်းရောက်သည့်အထိ မသက်နာမည်ကို ခေါ်၍ ဆင်းလာသည်။ လှေကား ရင်းမှ မီးခလုတ်ဖွင့်လိုက်သည်တွင် ဧည့်ခန်းမှာ လင်းသွားပြန်သည်။

သူသည် ဧည့်ခန်းဆိုဖာပေါ်တွင် ထိုင်လိုက်၏။ လွန်ခဲ့သော သုံးလလောက်က ကိုကိုနှင့် ရန်ဖြစ် ခဲ့သော ရေဒီယိုရှေ့ကို လှည့်၍မျှ မကြည့်ပေ။

မကြာခင် မသက်သည် အနီးသို့ ရောက်လာသည်။

"မမ.. အနွေးထည်တွေ ဝတ်လို့ ဘာဖြစ်လို့လဲ"

"သွားစမ်း... ဒရိုင်ဘာကို သွားနှိုး၊ ကားထုတ်ခဲ့လို့ ပြော"

"ဟင်.. မမ ဘယ်သွားမလို့လဲ"

"ဘယ်သွားသွား... နှိုးမှာ သွားနှိုးစမ်း"

မသက်သည် စိုးရိမ်သလို၊ ကြောက်သလို ဖြစ်နေသည်။ ပဝါပါးကို ခေါင်းတွင်သိုင်းပြီး မေးမှာ ချည်ထားသောကြောင့် သီသီ့မျက်နှာမှာ ဖြူဝိုင်းဝိုင်းလေး ဖြစ်၍ ပေါ်နေသည်။

"ဤမျှချစ်ဖွယ်ကောင်း၍ ယဉ်ရွယ်သော မိန်းကလေးတစ်ယောက်၏ စိတ်ကို ဘာကများ တိုက် တွန်း၍ ညဥ့်ကြီးသန်းခေါင် သွားရဲလာရဲပါလိမ့်"

မသက်သည် ခဏတော့ တွေးနေမိပြန်သည်။

သို့သော် သီသီ နောက်တစ်ခါအမိန့်မပေးခင်ပင် သူသည် ဒရိုင်ဘာကိုစံငွေရှိရာသို့ ပြေး၍သွား တော့သည်။

ကားဆင်ဝင်ဝသို့ မောင်းလာစဉ် သီသီကို သံတံခါးဝတွင် အဆင်သင့်တွေ့နေရလေသည်။

မသက်သည် သီသီ့နောက်တွင် ကပ်၍ရပ်နေသည်။

"ကိုစံငွေ.. ကိုကို့ကို နောက်ဆုံး ရှင် ဘယ်မှာထားခဲ့သလဲ"

ကိုစံငွေသည် မျက်လုံးများကို ပွတ်ရင်း "ကလပ်မှာပါ" ဟုပြန်၍ပြောလိုက်သည်။

"မသက် တံခါးပိတ်ထားလိုက်တော့"

ကိုစံငွေ တံခါးဖွင့်ပေးသည်ကိုမှ မစောင့်တော့ဘဲ သီသီသည် ကားကို သူ့ဘာသာဖွင့်၍ ဝင်ထိုင် လိုက်တော့သည်။

မိုးသည်းထန်စွာ ရွာနေသော ညဥ့်၏အမှောင်ထုထဲသို့ ကားမှာ ထိုးလိမ့်၍ ဝင်သွားတော့သည်။

မသက်သည် သက်ပြင်းချလိုက်၏။ သူ့သခင်မလေး ဘာလုပ်သည်ကို သူ နားမလည်နိုင်ပေ။ သံတံခါးကို ဆွဲပိတ်ရင်း သော့ခတ်လိုက်၏။

သူ့ကိုယ်တိုင်လည်း ထိုင်မရ၊ ထမရနှင့် ဘာလုပ်ရမှန်း မသိ၊ တစ်ခါမျှ ဤကဲ့သို့ ထွက်မသွားဖူး

mgyoe.com

mgyoe.com

သော သခင်မနောက်သို့ သူ လိုက်မသွားမိသည်မှာ မှားများ မှားနေပြီလားဟု တွေးနေမိပြန်သည်၊ တစ်စုံတစ်ခုများ ဖြစ်လာလျှင် သူ့ပေါ် တာဝန်ကင်းမည်မဟုတ်သည်ကို စဉ်းစားမိပြန်သည်၊

မသက်သည် ကမန်းကတန်းလေ့ကားရှိရာသို့ ပြေးတက်၍ သီသီ့အခန်းရှိရာသို့ ဝင်သွားသည်၊ ခုတင်ခေါင်းရင်းရှိ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်၊

"ဒီမှာ မြောက် ၁၀၄ ကို ပေးပါ"

တယ်လီဖုန်းမှာ တော်တော်နဲ့ မလာပေ၊ ခုချိန်မှာ အိပ်ချိန်ဖြစ်၍ ကြာမည်ကို မသက်က သိပေသည်၊

သည်းခံ၍ စောင့်စဉ်တွင် တစ်ဖက်မှအသံကို ကြားရလေသည်၊

"မေမေကြီးလား.. သိပ်လန့်သွားတယ်လား၊ ခွင့်လွှတ်ပါမေမေကြီး.. မသက်ပါ၊ မသက် စကားပြောနေတယ်"

"မမရယ်.. အခုညကြီး အပြင်ထွက်သွားတယ်၊ ကိုကိုသွားတဲ့ ကလပ်ကို လိုက်သွားမယ်ဆိုပြီး ထွက်သွားတယ်၊ မသက် ဘာမှမလုပ်တတ်လို့ မေမေကြီးကို လှမ်းပြောတာပါ"

တစ်ဖက်မှ သက်ပြင်းချသံကို မသက် ကောင်းစွာ ကြားလိုက်ရလေသည်၊

(၂)

မိုးသားများ မှောင်နေသည့်အထဲတွင် ကလပ်အဆောက်အဦသည် လင်း၍နေသည်၊ ပြတင်းမှ မီးရောင်များ ဖြာထွက်နေ၍ ပတ်ဝန်းကျင်အမှောင်ထုသည်ပင် ထိုနေရာတစ်ဝိုက်တွင် လျော့ပါး၍နေပေသည်၊ ပြတင်းမှ တေးသံများသည် လျှံ၍လျှံ၍ ထွက်လာကာ မိုးသံများကို ဖောက်ခွဲ၍ ထွက်လာကြသည်၊

သီသီသည် စိတ်ကို ရဲရဲထားလိုက်၏၊ ခေါင်းကိုမတ်ကာ ကလပ်၏အဝင်ဝတွင် ရပ်လိုက်သည်၊ သီသီဝင်လာခြင်းမှာ ဘယ်သူ့အတွက်မှ မထူးခြားပေ၊ အဘယ့်ကြောင့်ဆိုသော် ဤကလပ်သို့ သီသီကဲ့သို့ ငယ်ရွယ်နုပျိုသော မိန်းကလေးများ လာနေကျဖြစ်သည်၊

သီသီသည် ကပွဲခန်းမအဝတွင် အသာပင် မှောင်ခို၍ ရပ်နေသည်၊ အခန်းထဲသို့ ကြည့်ရင်း သံသယဖြစ်လာသည်၊ အကယ်၍သာ အခန်းထဲရှိ လူတို့၏ မျက်နှာများမှာ ဗမာမျက်နှာသာ မဟုတ်ပါက သီသီသည် သူ့ကိုယ်သူ နိုင်ငံခြားရောက်နေသည်ဟူ၍ ထင်မိပေလိမ့်မည်၊ တီးလက်စ တေးသံများမှာ မဆုံးသေး၍ အဖိုနှင့် အမတို့သည် တွဲလျက် က,နေဆဲပင် ဖြစ်သည်၊ သူသည် ထိုတေးသံနှင့် အဓိပ္ပာယ်တို့ကို လုံးဝမစဉ်းစားနိုင်သေးပေ၊ သူ့မျက်လုံးများသည် ဦးကြော့ရှင်းကိုသာ လိုက်၍ရှာ၏၊

သွေ့ခြောက်အေးစက်သော သူ့အိပ်ခန်းနှင့် ပူနွေး၍ တေးသံမြိုင်သော ဤကပွဲခန်းတို့မှာ ကွာခြားလှပေ၏၊

ဟော.. တွေ့ပေပြီ၊

mgyoe.com

mgyoe.com

မိန်းမငယ်၏ ဖွံ့သောရင်ကို ဖိ၍ နွဲ့သောခါးကို ဘယ်လက်ဖြင့် ပတ်ကာ ခပ်ကြမ်းကြမ်း က,နေသော ဦးကြော့ရှင်းကို သူ တွေ့လေသည်။ မီးရောင်အောက်တွင် ရှင်လန်း၍ တေးသံနှင့် ချိုပြုံးနေသော ဦးကြော့ရှင်းမျက်နှာမှာ လှပလွန်းပါ၏။

သူတို့သည် မျက်နှာချင်းလည်း အပ်ကြ၏၊ ရင်ချင်းလည်း အပ်ကြ၏၊ ခြေများမှာ ကြမ်းပေါ်တွင် လှပစွာ ရွေ့လျား၍သွားကြသည်။

သီသီကတော့ ရပ်နေရာမှ လှုပ်ရှား၍မရ၊ နွဲ့နွဲ့နှင့် တွေ့စဉ်ကထက် သူ့ရင်သည် လှုပ်ရှား၍နေပေသည်၊ ဦးကြော့ရှင်း သူ့ဘက်သို့ ကျောခိုင်းရာမှ ဘေးချင်းတိုက် အလှည့်လိုက်တွင် ဦးကြော့ရှင်း ရင်ခွင်ထဲမှ မိန်းကလေးကို သူ သတိထား၍ ကြည့်လိုက်မိသည်။

"လှုစီသက်ဖေပါကလား"

ကျန်သောအတွဲများမှ မိန်းမတချို့မှာ သူ့အသိကတော်များလည်း ပါ၏၊ မသိသူတွေလည်း ပါသည်၊ ခပ်နနရော ခပ်ရင့်ရင့်ပါ မျိုးစုံနေပေသည်။

သူသည် ကျောက်ရုပ်ကြီးလို ငြိမ်သက်နေလိုက်မိသည်၊ ဘာလုပ်ရမှန်းလည်း မသိပေ၊ ထွက်လာစဉ်က ဘာလုပ်ဖို့ ထွက်လာသည်ကိုပင် သူ တွေး၍ မရပေ။

တေးသံရပ်သွား၍ လူများ အတွဲကိုယ်စီနှင့် ရပ်နား၍ နေလိုက်ကြသည်၊ သူသည် တစ်စုံ တစ်ယောက်က သူ့ကိုမြင်မှာကို အလိုလိုစိုးရိမ်လာ၏၊ ဖြုန်းခနဲ လှည့်၍ လှေကားကို အပြေးဆင်းလာမိသည်၊

အောက်ဆုံးထစ် ရောက်ခါနီးမှ မိုက်ခနဲဖြစ်ကာ ခြေထောက်များ ချော်၍သွား၏၊

"အို.. မူးသွားသလားခင်ဗျာ"

ယောက်ျားတစ်ယောက်အသံမှာ ရုတ်တရက် ပေါ်လာ၍ သူ့ကို ဖေးကိုင်ထားလိုက်သည်၊ သီသီသည် လှေကားရင်းတွင် ရပ်ရင်း လက်ရန်းကို တစ်ဖက်မှကိုင်၍ ထားလိုက်၏၊ သူ့ကို လာတွဲသောလူကိုလည်း တုန်တုန်ရီရီနှင့် ကြည့်လိုက်မိသည်။

"ကျေးဇူးတင်ပါတယ်ရှင်.. ကျွန်မ ပြန်မလို့" ဟု ပြောလိုက်လေသည်။

"ကျွန်တော် ကားအထိ လိုက်ပို့ပေးပါ့မယ်၊ အေးလွန်းလို့ ထင်တယ်၊ လူတွေ ကောင်းကောင်းနေမကောင်းချင်ဘူး.. ရှူစရာလေး ယူဦးမလား"

သီသီသည် ခေါင်းခါ၍ ထိုလူကို ထပ်ကြည့်မိပြန်သည်၊ အပေါက်ဝအထိ ထိုလူ လိုက်ပို့သေးသည်၊

ကားရောက်လာလျှင် သီသီသည် နှုတ်ဆက်၍ ကားပေါ်ကို တက်သွားသည်၊

သီသီကို လက်ပြနှုတ်ဆက်နေစဉ်တွင် ထိုလူ၏ မျက်လုံးများမှာ ရွှန်းစိုချိုပြုံး၍ နေပေသည်၊ မြင့်၍ သွယ်သောကိုယ်လုံးမှာ အနောက်နိုင်ငံ အဝတ်အစားနှင့် ပန်ရ၍ နေပေသည်၊

သီသီ နောက်ဆုံးကြည့်နေစဉ်အထိ ထိုလူသည် လက်ကိုဝှေ့ယမ်း၍ နှုတ်ဆက်နေသေးသည်၊

mgyoe.com

mgyoe.com

(၃)

ကားနောက်ပိုင်းတွင် သီသီသည် ခွေ၍လိုက်လာသည်။ မျက်စိထဲတွင်တော့ မီးရောင်အောက်တွင် ရေလှိုင်းများ အိ၍ ရွေ့လျားနေသလို ရွေ့လျားနေကြသော စုံတွဲများကို မြင်၍နေသည်။ မြင်ခင်းသည် သာယာလှပပေမယ့် ကြည့်ရသူ သီသီ၏ နှလုံးသားများကမူ ပူလွန်းလှပေ၏။ စုံတွဲများ စုပေါင်းသောအခါ ကြီးမားသော လှိုင်းလုံးကြီးတစ်ခုနှင့် တူ၍လာသည်။ ဤလှိုင်းလုံးကြီးသည် အနောက်ဘက် ပင်လယ်တို့မှ ဤဗမာပြည်သို့ အရှိန်ပြင်းစွာ ဝင်ရောက်၍ လာလေသည်။

ငယ်သော သီသီက ဤလှိုင်းလုံးများကို သူ၏ နုပျော့သော လက်ဝါးများဖြင့် ကာရှာပါ၏။ လှိုင်းတံပိုးကား ကြီးစွ။ သူ့ခင်ပွန်း ဦးကြော့ရှင်းကိုပင် အရှိန်ဖြင့် သယ်ယူသွားလေပြီ။ မြောက်မြားစွာသော မိန်းမကြီးငယ်နှင့် ယောက်ျားတို့သည် ဤလှိုင်းလုံးများဝယ် ပါသွားကြသည်။ သူတို့သည် ငြိမ့်သော လှိုင်းရှိန်ဝယ် လှိုင်းစီးရသည်ကို နှစ်သိမ့်ပျော်ရွှင်ကြပေသည်။

သို့သော် တစ်နေ့သောအခါတွင် သောင်မမြင်၊ ကမ်းမမြင် ပင်လယ်ပြင်သို့ ရောက်မှဖြင့် တစ်ယောက်နှင့် တစ်ယောက် ပြန်လည်တွေ့ဆုံဖို့ ဝေးကြမည့်အဖြစ်ကို သီသီက တွေးရင်း မောရ်လာသည်။

အမှန်တော့ ဆင်သေနှင့် တွေ့ခါစတွင် ကျီးငယ်သည် သောင်ကမ်းအကြောင်းကို လုံးဝ တွေးမိပေလိမ့်မည် မဟုတ်။ မျက်မျက်စားရသော ဆင်သေ၏ အရသာသည် ရှိုးတွင်းခြင်ဆီကို ထိခိုက်ပေလိမ့်မည်။

သို့ကြောင့်လည်း သမုဒ္ဒရာသို့ရောက်၍ သောင်ကမ်းမမြင်သည်တွင် ရေသို့ကျ၍ သေကြသော ကျီးငယ်တို့ မည်မျှများပြားလာသည်ကို ဤကပ္ပဲခန်းမတို့က ထုတ်ဖော်၍ပြောမည် မဟုတ်ပေ။

သီသီသည် အဝေးကပင် သူ့အိမ်ကြီးကို လှမ်း၍မြင်၏။ ခြံဝကနေ ကြည့်လိုက်လျှင် မာမီနှင့် မသက်သည် မီးထွန်း၍ သံတံခါးနောက်တွင် ရပ်နေကြသည်ကို အတိုင်းသား မြင်နေရသည်။

ကားသည် ဆင်ဝင်အောက်တွင် ရပ်လိုက်၏။ မာမီသည် သံတံခါးဖွင့်ကာ ကားအနားသို့ ကပ်လာသည်။

"သမီး..."

သီသီသည် ပြန်၍မထူးဘဲ ကားမှဆင်း၍လာသည်။ သူ့မျက်လုံးများသည် မှုန်ရီ၍ ခြေလှမ်းများကလည်း နေးကွေးလေးလံလှသည်။

စကားတစ်လုံးမျှ မပြောဘဲ ဧည့်ခန်းထဲသို့ ဝင်လာသည်။

သီသီသည် မာမီ့ကို တစ်ချက်ပြန်ကြည့်လိုက်သည်။

"ကိုကို့ဆီက ပြန်လာတာ၊ သမီး အိပ်ရာထဲမှာ ခွေနေချင်တယ်"

လှေကားရှိရာသို့ ဖြည်းဖြည်းပင် လျှောက်သွားတော့သည်။ မာမီသည် ဘာမျှမမေးတော့ဘဲ သီသီ့နောက်မှ လိုက်သွား၏။

mgyoe.com

mgyoe.com

အိပ်ခန်းရောက်လျှင် ခေါင်းစည်းပဝါသာ ဖြုတ်၍ ဆွယ်တာကို မချွတ်ဘဲ သီသီသည် အိပ်ရာပေါ် လှဲလိုက်သည်။

မာမီသည် သီသီ၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ" ဟု မာမီက သီသီ့မျက်နှာကို ကြည့်၍ မေး၏။ သီသီကမူ မျက်စိကို မှိတ်၍ထားသည်။

"ကြာပြီ၊ ဟို နွဲ့နွဲ့သေတဲ့ကိစ္စ စကားများပြီးကတည်းက ဆိုပါတော့"

"ဒီတုန်းက သမီးလုပ်ပုံဟာ ရဲလွန်းပါတယ်"

"စိတ်ထဲမှာတော့ သူ့အမှားတွေကို သိလာလိမ့်မယ်လို့ ထင်တာကိုး"

"နောင်ကိုတော့ လိုက်မသွားပါနဲ့ကွယ်၊ ဟိုကိစ္စတောင် ခွင့်လွှတ်ရတာပဲ၊ ဒါလောက်တော့ ခွင့်လွှတ်ပါ၊ ဒီနေရာတွေဟာ သိပ်အန္တရာယ်များတယ်နော်၊ တော်ကြာ ကိုယ့်ကိုမြင်တဲ့သူတွေက ကာလပ်တက်တဲ့ မိန်းမစားမျိုးတွေနဲ့ ရောထင်လိုက်မှဖြင့်..."

"မနေနိုင်ဘူးမာမီ..မနေနိုင်ဘူး၊ မာမီသာ အေးစက်စက် သွေ့ခြောက်ခြောက်ဖြစ်နေတဲ့အိပ်ရာကျယ်ကြီးပေါ်မှာ ညတိုင်း တစ်ယောက်တည်းအိပ်နေ၊ သမီးတော့ မနေနိုင်ဘူး၊ ဘယ်လောက် စိတ်ချောက်ချားစရာ ကောင်းသလဲ၊ မာမီဟာ အိမ်ထောင်သည်ပါ၊ မာမီလဲ သိသင့်တယ်၊ ကိုကိုကလဲ သိသင့်ပါတယ်၊ အခုပြောင်းလဲလာတာက အရင်ကလိုတောင် သမီးကို မပြုံးတော့ဘူး"

မာမီသည် ငြိမ်သက်သွား၏။ သူ့အနေနှင့် သမီးလေးကို နှစ်သိမ့်အောင် တစ်ခုခုတော့ လုပ်ပေးသင့်ပေသည်။

သီ၏ လက်ထပ်ပွဲကို မာမီနှင့် ဒက်ဒီက စီမံခဲ့ခြင်း ဖြစ်ပေသည်။ သို့အတွက် ယခုအိမ်ကြီးကို သီးသန့်ဆောက်ပေးခဲ့သည်၊ သီ၏လက်ထပ်ပွဲသဘင်ကိုလည်း ဤအိမ်ကြီးပေါ်တွင် ဆင်ယင်ကျင်းပခဲ့လေသည်။

သီသည် မာမီနှင့် ဒက်ဒီတို့၏ စီမံကိန်းများကို လုံးဝမငြင်းဆန်ခဲ့ပေ။

သောကများ ယှက်သန်း၍ ညစ်နွမ်းနေသော သမီး၏ ယခုမျက်နှာကို မာမီက မကြည့်ရက်ပေ။

တစ်ခါက သီ၏မျက်နှာသည် အေး၏၊ ကြည်လင်ချမ်းမြေ့ခဲ့၏။ လက်ထပ်စဉ်နေ့ကမူ သီ၏ကျက်သရေသည် မင်းသမီးလေးတစ်ပါး၏ ကျက်သရေနှင့် တူသည်ဟု မာမီက ထင်သည်။

ထိုစဉ်အခါတုန်းကတော့ အားလုံး၏အသွင်အပြင်များသည် သစ်လွင်တောက်ပခဲ့၏။ ဆောက်ပြီးစ အသစ်စက်စက် နံရံများ၏အရောင်များကလည်း တန်ပြန်ဟပ်၍ နန်းတော်ကြီးနှင့် တူနေသည်။

မဟော်ဂနီရောင် လှေကားကြီးပေါ်မှ သမီးလေးသည် ပိုးပဝါပါးအဖြူကို လျော့ရဲရဲခြုံ၍ ဆင်းလာဟန်သည် လနတ်သမီးလေးလို တင့်တယ်၍ နွဲ့ပျောင်းလှသည်၊ ရွှေဖလားရောင် ဇလာထဘီ ဆင်တူဝတ်ထားသော အပျိုဖော်ခုနစ်ယောက်ကလည်း ကြယ်ပွင့်လေးများလို သမီးကို ခြံရံ၍ ဆင်းလာကြသည်။

အမှန်တော့ လက်ထပ်ပွဲကို ကျင်းပစဉ်က အောင်ဖေယျာတု သဗ္ဗမင်္ဂလာတို့နှင့် စခဲ့ခြင်းဖြစ်ပါ၏။

mgyoe.com

mgyoe.com
ဆရာ့ဆရာကြီးများဖြစ်သော ပုဏ္ဏားတော်တို့နှင့် ဇာတာစန်းလဂ် တွက်ချက်ကိုက်ညီပြီးမှ မာမီသည် သမီးလေး၏ လက်ထပ်ပွဲကို စီစဉ်ခဲ့ခြင်း ဖြစ်ပေသည်။

ဘာကြောင့်များ ပုဏ္ဏားတော်တို့သည် သမီးလေး၏ နောင်ရေးကို မတွက်ချက်ခဲ့နိုင်ကြပါလိမ့်။

"ဟိုတုန်းက မောင်ကြော့ရှင်းဟာ မင်းသားလို ပျော့ပျော့အေးအေးလေးပါကွယ်"

မာမီသည် ငြိမ်သက်စွာ တွေးနေရာမှ စကားစ၍ ပြောလိုက်၏။

"လက်ထပ်တဲ့နေ့တုန်းက သမီး သတိရသေးလား၊ သူ့မိတ်ဆွေတွေကို ညဥ့်နက်ထိအောင် တောင် ဧည့်ခံလို့ သူ့အဖေက ဆူသေးတယ်လေ၊ ပြီးတော့လဲ မိတ်ဆွေတွေ အရက်တိုက်တာတောင် သူငြင်းတာပဲ၊ သူ ဘယ်လိုဖြစ်လာတာပါလိမ့်ဟင်"

မာမီသည် သီ့ကို လှမ်း၍မေးပြန်၏။

"ခက်တာက လက်ထပ်ပြီးစတုန်းက သူ အတော်အေးပါတယ်၊ သမီးရဲ့ ချွတ်ယွင်းချက်များ ရှိ လားဟင်"

သီသည် ခေါင်းကို တွင်တွင်ခါလိုက်သည်။

"လက်ထပ်ပြီး ဒီမှာ ဘယ်လောက်များ နေရလို့လဲ၊ သမီးတို့ အညာကို ပြောင်းရတာ သူ့ အ ကြောင်းတွေ မေးမနေပါနဲ့ မာမီ၊ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးပါ၊ ကဲလေ.. ညဥ့်နက်ပြီ၊ မာမီ ပြန်ဖို့ကောင်းတယ်၊ ဒက်ဒီ့ကို ဘယ်လိုပြောခဲ့လဲ.. တော်ကြာစိတ်ပူနေမယ်"

"သမီး နေမကောင်းလို့ သွားဦးမယ်လို့ ပြောခဲ့တယ်၊ သမီးတစ်ယောက်တည်း မနေရဲရင် မာမီ မိုးလင်းအထိ စောင့်နေမယ်လေ"

သီသည် အလွန် စိတ်တိုလာသည်။ မျက်နှာများ ရဲရဲနီလာသည်။

"မနေရဲတာမဟုတ်ဘူး မာမီ.. မနေချင်တာ.. မနေချင်တာ၊ မာမီက ခုထိ မသိသေးဘူးလား၊ မာမီ အနားမှာရှိနေရင် သာတောင် စိတ်ညစ်ဦးမယ်၊ တစ်ယောက်တည်းပဲ နေမယ်.. ပြန်ပါတော့၊ ကိုကို လာလို့ တွေ့နေရင် စကားစ များလာဦးမယ်၊ ဒက်ဒီကလဲ စိတ်ပူပြီး လိုက်လာဦးမယ်၊ သမီးတစ် ယောက်တည်းပဲ နေမယ်"

သီသီသည် စကားကို ပစ်ပစ်ခါခါပင် ပြော၍ တစ်ဖက်လှည့်နေသည်။ သူ ဘာဖြစ်နေသည်ကို မာမီက နားလည်ပါ၏၊ စိတ်ထဲတွင် သမီးကို သနားပေမယ့် မာမီက ဘာများတတ်နိုင်ပါမည်နည်း။

သီသီ၏နဖူးကို အသာနမ်း၍ မာမီသည် အခန်းထဲမှ ထွက်လာသည်။ ယခုလို မာမီထွက်သွား ပြန်တော့လည်း မာမီအား ပစ်ပစ်ခါခါပြောလိုက်မိသည်ကို သီသီက ဝမ်းနည်း၍ သွားပြန်သည်။

(၄)

နံနက်တွင် နေခြည်များ ပြူထွက်လာ၍ နွေးသလိုရှိလာသည်။ ညဥ့်က မိုးများ သည်းထန်စွာ ရွာထား၍ သစ်ရွက် သစ်ကိုင်းများမှာ ရေများနှင့် လေး၍ ကိုင်းညွတ်နေသည်။
mgyoe.com

mgyoe.com

တောင်လေက တစ်ချက်တစ်ချက် တိုက်လိုက်တိုင်း ရှဲခနဲဖြစ်ကာ သစ်ရွက်များပေါ်မှ ရေလုံး ရေပေါက်များ မြေပေါ်သို့ပြန့်ကျဲ၍ ကျသွားလေသည်။

ပူနွေးသော နေရောင်ခြည်ကြောင့် သစ်ရွက်များပေါ်ရှိ ရေစက်များသည် စိန်ရောင်လက်၍ နေသည်။

နေခြည်သည် ခြံထဲမှ ဖြတ်သန်း၍ ပြတင်းပေါ်သို့ ကျရောက်နေသည်။ ထမင်းစားခန်းတွင် နေခြည် လျှောကျနေ၍ ခပ်နွေးနွေးဖြစ်နေပုံရသည်။

သီသီ၏ မျက်နှာတစ်ခြမ်းပေါ်သို့ နေရောင်ကျရောက်နေသော်လည်း တစ်ညလုံး စံစားထားရသော စိတ်ဒုက္ခကြောင့် မျက်နှာလေးမှာ မရွှင်လန်းပေ။ ဦးကြော့ရှင်းသည် ညက ၄ နာရီထိုးမှ ပြန်လာ၍ အိပ်ရာထ နေမြင့်နေလေသည်။

သီသီသည် သူတစ်ယောက်တည်း ကော်ဖီသောက်၍နေသည်။ ဦးကြော့ရှင်း နိုးလည်း နိုးစေချင်သည်၊ နိုးပြန်လျှင် ယခင်ကလို သူ့အပေါ် မချိုပြုံးတော့မည့် မျက်နှာကိုလည်း မတွေ့လိုပေ။

သို့သော် ယခုအချိန်များတွင် ပို၍ဂရုစိုက်ရပေမည်။

လက်ဖက်ရည်ကရားကို အဖုံးအုပ်၍ ငွေရောင်လင်ပန်းပေါ်တွင် ထည့်လိုက်၏၊ မုန့်နှင့်ပန်းကန်ကို တခြားဗန်းတစ်ခုတွင် ထည့်ကာ မသက်ကို ကိုင်ခိုင်း၍ သူ့နောက်မှ လိုက်စေသည်။

သူကိုယ်တိုင်ကမူ လက်ဖက်ရည်ကရားဗန်းကို ယူ၍ လှေကားကို တက်သွားသည်။

ဇာခန်းဆီးများကို မ,ထား၍ အိပ်ခန်းထဲတွင် နေခြည်များသည် ငွေချည်လမ်းခင်းထားသလို အတန်းလိုက် ကျနေပေသည်။ မှန်တင်ခုံဘေးတွင်လည်း မနက်စောစောက လဲ၍ထားသော ပုန်းညက်ပန်းများမှာ လန်းဆတ်၍နေပေသည်။

မသက် ထွက်သွားလျှင် သူသည် ပြတင်းတွင် တစ်ယောက်တည်း ရပ်နေသည်။ သူ့အိပ်ခန်း လေးသည် လှပကျက်သရေရှိသော အခန်းလေးပင် ဖြစ်ပေသည်။

ဇာခြင်ထောင်ထဲမှ ဦးကြော့ရှင်းသည် လူးလွန့်လိုက်၏။ သီသီသည် ပြတင်းမှ အသာခွာကာ ရေချိုးခန်းဆီသို့ သွားသည်။ မျက်နှာသစ်ခွက်အပေါ်ရှိ စင်လေးပေါ်မှ သွားပွတ်တံကို ယူလိုက်သည်။ သွားတိုက်ဆေးများကို သွားပွတ်တံပေါ်သို့ ညှစ်၍ထည့်လိုက်သည်။

သူပြန်ထွက်လာချိန်တွင် ဦးကြော့ရှင်းသည် အိပ်ရာမှထ၍ ညဝတ်အင်္ကျီကို ချွတ်နေပေသည်။

"ကိုကိုတောင် နိုးနေပြီနော်"

"အေးကွဲ့၊ ညက ညဉ့်နက်သွားတယ်နော်"

သီသီသည် ခဏ ကြောင်သလိုဖြစ်သွားသည်။ ဘုရား သိကြားမ,လို့ ယခုလို 'နော်' တွေ ဘာတွေနှင့် ပျော့ပျော့ပျောင်းပျောင်း မပြောသည်မှာ ကြာခဲ့လေပြီ၊ မဟုတ်ခါမှ လွဲရော ညက ဆေး ဖယောင်းတိုင်တန်ခိုးပေပဲလား။

"ကိုကို ရေချိုးလိုက်ရင် အိပ်ပျက်ပေမယ့် လန်းသွားမှာပဲ၊ သီသီ လက်ဖက်ရည်လုပ်ထားလိုက်မယ်နော်"

mgyoe.com

mgyoe.com

ဦးကြော့ရှင်းသည် ခေါင်းညိတ်ပြ၍ ရေချိုးခန်းသို့ ဝင်သွားသည်။

"ဟင်း" ခနဲ သီသီက သက်ပြင်းချလိုက်သည်။

နာရီဝက်လောက်ကြာမှ ဦးကြော့ရှင်းသည် ရေချိုးခန်းမှ ထွက်လာသည်။ အဝတ်များကို လဲလိုက်၍ ခုတင်ဘေးရှိ စားပွဲပေါ်တွင် ထိုင်လိုက်သည်။

သီသီသည် ဖဲပန်းများ ဖော်ထားသော လက်သုတ်ပဝါအဖြူကို ဦးကြော့ရှင်းပေါင်ပေါ်တွင် ဖြန့်ခင်းပေးလိုက်၏။ အသင့်ဖျော်ပြီးသော လက်ဖက်ရည်ပန်းကန်ကို ဦးကြော့ရှင်းလက်ထဲသို့ ထည့်ပေးလိုက်သည်။

"နေ့လယ်ကျရင် ဒေါ်ခင်မလေးတို့အိမ် သီသီ သွားလည်ဦးမယ်နော်"

ဦးကြော့ရှင်းက ခေါင်းညိတ်၍ပြသည်။ အမှန်တော့ သီသီသည် ခွင့်တောင်းနေကျမဟုတ်ပေ။ သို့သော် သူသည် ဦးကြော့ရှင်းအား မည်မျှဂရုစိုက်သည်ကို သိအောင်ကြိုးစားနေခြင်း ဖြစ်ပေသည်။

## (၅)

မင်းကတော် ဒေါ်ခင်မလေးအိမ်သည် ရွှေတောင်ကြားလမ်းတွင် ဖြစ်သည်။ ခြံစည်းရိုးကို ဝါးပင်များဖြင့် လုပ်ထားသော်လည်း ဖြတ်တောက်ညှိမထား၍ အပင်များမှာ ထိုးထိုးထောင်ထောင် ဖြစ်နေသည်။

ခြံဝန်းသည် အုံ့မှိုင်းမှိုင်းဖြစ်၍ ရှင်လန်းစရာမကောင်းပေ။

သီသီ ဧည့်ခန်းထဲသို့ ဝင်လာသော်လည်း ဘယ်သူ့ကိုမျှ မတွေ့ပေ။

"ဒေါ်ခင်မလေး"

သီသီသည် အသံပြုလိုက်၏။ မကြာခင် ကလေးမလေးတစ်ယောက် ထွက်လာသည်။

"ခဏလေး စောင့်ပါဦး၊ မမ အိမ်ပေါ် ဘုရားခန်းထဲ ရောက်နေလို့ပါ"

သီသီသည် ခေါင်းညိတ်၍ ဧည့်ခန်းတွင် ထိုင်လိုက်သည်။ ဧည့်ခန်း၏ ခေါင်းရင်းဘက်တွင် ဟာသ်ကို စီး၍ထားသော သူရဿတီနတ်သမီးရုပ်ပုံကို ရွှေမှုန်များကပ်လျက် တွေ့ရသည်။

မကြာခင် ဒေါ်ခင်မလေး ရောက်လာသည်။

"ဟော.. သီသီပါလား၊ အဆင်သင့်ပဲ.. ဆရာကြီးရောက်နေလို့ တစ်ခါတည်း တွေ့သွားပေါ့၊ အခု ဘုရားခန်းမှာ ဘုရားဝတ်ပြုနေတယ်" ဒေါ်ခင်မလေးသည် ပိန်ပိန်သွယ်သွယ်ဖြစ်၍ မျက်လုံးများမှာ ဝိုင်းသော်လည်း အရောင်မှာ ကြောင်၍နေပေသည်။ နှုတ်ခမ်းမှာ ပါးပါးလေးနှင့် စကားပြောလျှင် ခပ်သွက်သွက် ပြောတတ်ပေသည်။ သီသီ့ဘေးတွင် ဝင်ထိုင်ရင်း တစ်စုံတစ်ခု စဉ်းစားသလို လုပ်နေပြန်သည်။

"ညက တကယ်ပဲ အကြောင်းမထူးဘူးလား သီသီ"

သီသီသည် အားကိုးစွာကြည့်ရင်း ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်၏။

mgyoe.com

mgyoe.com

"မထူးပါဘူး မင်းကတော်.. မနက် လေးနာရီထိုးခါနီးမှ ပြန်လာတယ်၊ တစ်ခုတော့ ရှိတယ်၊ မနက်ကျတော့ စကားပြောတာပြုတာ ချိချိသာသာဖြစ်လာတယ်"

"အို.. ဒါကြောင့် တစ်ခုခုတော့ ထူးခြားရမယ်လို့ ပြောတာ၊ ဆရာကြီးဆေးဟာ နယ်နယ်ရရ မဟုတ်ဘူးနော်၊ ဒီဖယောင်းတိုင်ကို မင်းကြီးကတော် မရွှေထွန်းတုန်းကများ သူ့လင်ဟာ ချက်ချင်း အိမ်ပြန်ရောက်လာတာပဲ၊ ခြောက်လလုံးလုံး အငယ်ဆီမှာ သွားနေတာ၊ အခု ဆရာကြီးကို အားလုံး ပြောပြ၊ အဲဒါနဲ့ မရရင် ဒုတိယဖယောင်းတိုင်နဲ့ ဆေးလုံး ရှိပါသေးတယ်၊ အားမငယ်ပါနဲ့ ညီမရယ်"

သီသီ့မျက်နှာလေးသည် ပုံးလေးတစ်ကောင်၏မျက်နှာနှင့် တူသွားကာ ကြောင်စီစီဖြစ်နေလေသည်။ ယခင်သော အချိန်အခါများက ဤဆေးဝါးမန္တန်များကို ယုံကြည်ခဲ့သော မိန်းကလေး တစ်ယောက် မဟုတ်ပါပေ၊ သို့သော် ယခုအအချိန်တွင်တော့ သူသည် ဤဆေးများ၏တန်ခိုးကို ယုံကြည်စပြုလာသည်။

"ခုလောက်ဆို ဆရာကြီး ဘုရားရှိခိုးပြီးရော့မယ်၊ ကဲ.. အိမ်ပေါ်တက်ကြစို့"

ဒေါ်ခင်မလေးက ခေါင်းဆောင်၍ လှေကားဆီသို့ ထသွားသည်။ သီသီသည် နောက်မှ လိုက်ရင်း ရင်ထဲတွင် ခုန်နေသည်။ ဒေါ်ခင်မလေးမှာ ငယ်ရွယ်ပုံရသော်လည်း သူ့ကိုယ်မှာ ပိန်လွန်းလှသည်။

လှေကားတက်ရင်း ဒေါ်ခင်မလေးသည် သီသီ့နားသို့ ကပ်၍ပြောပြန်သည်။ "ဆရာကြီးကိုမရှက်နဲ့ပေါ့၊ အိမ်ကလူတုန်းကလဲ ဒီလိုပဲ ဖွင့်ပြောရတာပဲ၊ ခုများ ငြိမ်လိုက်တာ ဝပ်နေတာပဲ"

သီသီ့စိတ်ထဲတွင်တော့ ခပ်ရှုပ်ရှုပ်ဖြစ်နေသည်။ လှေကားထိပ်မှ အရှေ့ဘက်တစ်ခန်းကျော်တွင် ဘုရားခန်းကို တွေ့ရသည်။

ဘုရားခန်းထဲသို့ ဝင်လျှင်ဝင်ချင်း သူတို့ဘက်သို့ ကျောခိုင်း၍ ဘုရားဝတ်ပြုနေသော ဆရာကြီးကို တွေ့ရလေသည်။ ဆရာကြီးနောက်တွင် ကြုံ့ကြုံ့ထိုင်ကာ သူတို့နှစ်ယောက်သည် ဘုရားဝတ်ပြုလိုက်၏။

ဘုရားစင်ဝဲယာတွင် ဇလုံအဖြူနှင့် ပြင်ထားသော အုန်းသီး၊ ငှက်ပျောသီး နှစ်ပွဲကိုတွေ့ရသည်။ ဝါဆိုဖယောင်းတိုင် နှစ်တိုင်ကိုလည်း ထွန်းညှိလျက် တွေ့ရလေသည်။

အခန်းမှာ မှောင်ကုပ်ကုပ်ဖြစ်နေ၍ သီသီ့စိတ်ထဲတွင် ကျဉ်းကျပ်၍နေပေသည်။

ဆရာကြီးမှာ ဘုရားဝတ်ပြု၍ ပြီးသွားလေသည်။

"ဟောဒီက ဆရာကြီးတပည့်အဖြစ် ခံယူမယ့်မင်းကတော်လေး ခင်သီသီပါ၊ ဆရာကြီးဦးမောင်မောင်ထွန်းဆိုတာ မမတို့ဆရာကြီးပဲ"

ဒေါ်ခင်မလေးသည် ဆရာကြီးတစ်လှည့်၊ သီသီတစ်လှည့် ကြည့်ကာ မိတ်ဆက်ပေးလိုက်သည်။

သီသီသည် ဆရာကြီးမျက်နှာကို မော့၍ကြည့်လိုက်၏။ ခဏမျှ ငေးကြောင်နေရင်း သူ့စိတ်ထဲတွင် တစ်ခုခုကို သွားသတိရနေသည်။ ဆရာကြီးဆိုပေမယ့် အသက်မကြီးလှသေးပေ၊ မြင့်မားမာန်ရှိသော ခန္ဓာကိုယ်ကြောင့် ကြီးထွားပုံရသော်လည်း မျက်နှာက အတော်ပင် နုပျို၍နေပေသေးသည်။
mgyoe.com

mgyoe.com

နဖူး ထောင့်ကျနေပုံနှင့် မည်းနက်သော မျက်ခုံးများမှာ ဖြူသောအသားနှင့် ပနံရလှပေသည်။ ဆရာကြီးကလည်း သီသီ့ကိုကြည့်၍ စကားမပြောနိုင်ဘဲ ကြောင်နေပြန်သည်။ မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်လုပ်၍ သီသီ့ကို ထပ်ကြည့်လိုက်လျှင် သူ့မျက်လုံးများသည် အရောင်တဖျပ်ဖျပ်တောက်၍ အရည်ရွှန်းသလို ထင်လာရလေသည်။

ဤမျက်လုံးရှင်ကို သီသီက မြင်ဖူးသည်။ ဖြောင့်စင်းသော နှာတံမြင့်မြင့်ကလည်း အနောက်ဆန်၍နေပေသည်။

"အင်း... ဆိုပါဦး နာမည်က ဘယ်လို..."

"ခင်သီသီ" သီသီက ပြန်ဖြေသည်။

"ဩော် အင်း... ခင်သီသီ ဘယ်လိုများ ဒုက္ခတွေ့ရလို့လဲ"

သီသီသည် ဒုက္ခကို မပြောနိုင်သေးဘဲ ထိုသူကို ဘယ်နေရာ တွေ့ခဲ့ဖူးသည်ကိုပင် စဉ်းစားနေပြန်သည်။

"ကျွန်မ ဆရာကြီးကို တွေ့ဖူးတယ် အောက်မေ့လို့"

"ဟုတ်တယ် ကျွန်တော်လဲ ထင်လို့ ကြည့်နေတာပဲ၊ ဩော် ဩော်.. ကျွန်တော်သတိရပြီ၊ ကလပ်မှာတုန်းကလေ"

"ဟုတ်ကဲ့ ကျွန်မလဲ သတိရပါပြီ၊ ဒါပေမဲ့ ဟိုတုန်းက ဘောင်းဘီနဲ့ဆိုတော့ တစ်မျိုးဖြစ်နေတယ်"

ဦးမောင်မောင်ထွန်းသည် ချည်ပုဆိုး အဖြူရောင်နှင့်တိုက်ပုံအပေါ်အင်္ကျီအဖြူရောင်တို့ကို ဝတ်၍ထားသည်။ ခေါင်းတွင်လည်း ပိုးအဖြူရိုးရိုး ခေါင်းပေါင်းကို ပေါင်းထား၍ မြင်ရသည်မှာ ဟိုညကနှင့် ဆိုလျှင် ခြားနားလွန်း၍ နေပေသည်။

"ကျွန်မ ကလပ်ကိုလာနေကျမဟုတ်ဘူး၊အဲဒီညကကိုကို့ကိုလိုက်ရှာရင်းနဲ့ ရောက်သွားတာပါ"

ဦးမောင်မောင်ထွန်းသည် ခေါင်းတညိတ်ညိတ်လုပ်၍ နေလေသည်။

"ကဲလေ ပြောပါဦး... ဒေါ်သီသီဆန္ဒ ဘယ်လိုရှိတယ်၊ဒုက္ခတွေ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး"

သီသီသည် ခေါင်းငုံ့၍နေ၏။ ကော်ဇောပေါ်မှ ပန်းပွင့်အဖြူလေးများကို စိုက်၍ ကြည့်နေမိသည်။ စိတ်ဒုက္ခဖြစ်နေသည်မှာတော့ အမှန်ပင်ဖြစ်သည်။

သို့သော် "ယခုလိုအချိန်တွင် ဘယ်လိုစိတ်ဒုက္ခရောက်ရပါသလဲ၊ ချစ်လင်က ဘယ်လိုဆိုးသွမ်း၍ နေပါသလဲ" ဟူသော မေးခွန်းကို ယတိပြတ်ဖြေဆိုဖို့မှာမူ ခဲယဉ်းလှသည်။ သူစိမ်းတစ်ရံဆံ တစ်ယောက်အား ကိုယ့်လင်သား ဆိုးသွမ်းသည့်အကြောင်း ကိုယ့်ဟာကိုယ် ဖွဲချက်တင်ရမည်မှာ ပါးစပ်မှ ထွက်၍ပင် မရလောက်အောင် ပင်ပန်းလှပေသည်။

တစ်ပတ်တွင် တစ်ရက်၊ နှစ်ရက်မျှသာ အိမ်ပြန်အိပ်သည်ဟု ပြောရမည်လား။ ဒီအကြောင်းကို ပြောပြရမည်ကလည်း ရှက်စရာကြီးပင် ဖြစ်နေပြန်သည်။ ခေါင်းထဲတွင် ချွေးပြန်လာသလို မှုထူ၍နေ

mgyoe.com

mgyoe.com

ပေသည်။ စိတ်ထဲတွင်လည်း ဦးမောင်မောင်ထွန်းရှေ့ ထိုင်နေရသည်ကို စိတ်ကျဉ်းကျပ်၍ လာပေသည်။

"ဘာမဆို ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြော သီသီ.. ဆရာကြီးက ရတနာသုံးပါးဂုဏ်နဲ့ မေတ္တာတရားကို ရှေ့ထားပြီး ဆောင်ရွက်ပေးမှာ" ဒေါ်ခင်မလေးက စကားကြောင်း၍ ပေးသည်။

"ကျွန်မ ဘာမှမပြောချင်ပါဘူး၊ အမှန်တော့ ကိုယ့်လင်သားနဲ့ ပျော်ပျော်ရွှင်ရွှင် အေးအေး ချမ်းချမ်း နေချင်တာပါပဲ"

သီသီသည် ကော်ဇောကို ကြည့်မြဲကြည့်၍ ပြောလိုက်၏။ နှုတ်ခမ်းပါးလေးနစ်ခုမှာ တဆတ်ဆတ် တုန်၍နေပေသည်။

"ဟုတ်ပါတယ်လေ.. ကျွန်တော်လဲ ဒါလောက်ဆို ရိပ်မိပါတယ်၊ ဟိုညကဆို ဦးကြော့ရှင်းတော် တော်နဲ့ ပြန်မလာနိုင်လို့ လာကြည့်တာပေါ့နော်၊ အင်း.. ဒီလိုအချိန်တွေ များလာတော့လဲ စိတ်နွမ်း ကိုယ်နွမ်း ဖြစ်ရတာပေါ့လေ၊ တစ်ခုတော့ မေတ္တာရပ်ခံပါရစေ၊ စိတ်ဆိုတာ ညစ်မယ်ဆိုလဲ ညစ်ထိုက် တာပေါ့လေ၊ ဒါပေမဲ့ တတ်နိုင်သလောက် ကြိုးစားပြီး ပျော်ပျော်ရွှင်ရွှင်နေပါ၊ မင်းကတော်ရဲ့ ပင်ကို အလုပ်ဟာ ဘယ်လိုပဲ လုပ်ပါတယ်ဆိုပေမယ့် စိတ်ဓာတ်မရွှင်လန်းနေရင် ဒီအလုပ်ကလဲ မပွင့်လင်းပါဘူး၊ ကိုယ့်လင်သားရဲ့စိတ်ဓာတ် ညွှတ်နူးအောင် လုပ်တဲ့နေရာမှာ တန်ခိုးဟာ လျော့သွားတတ်ပါတယ်"

ဦးမောင်မောင်ထွန်း၏စကားကို နားထောင်ရင်း သီသီ့မျက်နှာမှာ ရဲ၍လာသည်။ သို့သော် စိတ် ထဲတွင် ဆရာကြီး၏ နောက်ဆုံးစကားလုံးကို မကျေနပ်နိုင်ပေ။

"မေတ္တာစိတ်ဓာတ်ဟာ နှလုံးသားကနေ အလိုအလျောက် ဆင်းသက်လာစမြဲပဲ မဟုတ်လား ဆရာကြီး၊ လုပ်ယူရမယ်ဆိုတော့.."

"မှန်ပါတယ် မင်းကတော်လေးရဲ့၊ ဒါပေမဲ့ ပုထုဇဉ်လူသားတွေကလား၊ တစ်ခါတစ်ရံ စိတ်ဓာတ် ပြောင်းလဲသွားတဲ့အခါကျတော့ 'မေတ္တာ' ဟာ လုပ်ပြီးယူရပါတယ်၊ ဒါကြောင့်လဲ လောကီပညာတွေ ပေါ်ခဲ့တာပေါ့"

စကားပြောသည်မှာ ကြာမြင့်လာတိုင်း သီသီ့ခေါင်းထဲတွင် ဝေ၍လာသည်။

"လပြည့်နေ့ တစ်နေ့နေ့မှာ ကျွန်တော်ကိုယ်တိုင် ဒုတိယဆေးဖယောင်းတိုင်ကို လာပြီး ထွန်း ပေးမယ်နော်၊ ဆေးလုံးကတော့ဖြင့် နောက်ဆုံးအချိန်မှာမှ သုံးရင် ကောင်းပါလိမ့်မယ်"

"ဒီလိုဆိုတော့ ဦးကြော့ရှင်း ခရီးထွက်နေချိန်ကို သီသီက ဆရာကြီးဆီ အကြောင်းကြားပေါ့"

ဒေါ်ခင်မလေးက ဝင်၍ပြောလိုက်သည်။

"ကောင်းပါပြီ၊ သီသီ့ကို ပြန်ခွင့်ပြုပါဦး"

သီသီသည် ဆရာကြီးကို မော့၍ကြည့်လိုက်ပြန်သည်။ နောက်ဆုံး ဘုရားကို ဝတ်ပြုပြီး၍အခန်း ထဲမှ ထွက်လာခဲ့သည်။

ဒေါ်ခင်မလေးသည် ဆင်ဝင်ဝအထိ လိုက်၍ပို့လေသည်။ ခြံဝင်းထဲမှ ကားထွက်သွားမှပင် သီသီ့ ရင်ထဲတွင် ရှင်းသလိုဖြစ်သွားတော့သည်။

mgyoe.com

mgyoe.com

(၆)

မိုးသည်းထန်စွာ ရွာပြီးသည့်နောက် ရာသီဥတုသည် လှပ၍လာသည်။ အေးနေသော လေနှင့် ပတ်ဝန်းကျင်တွင် ပူနွေးသောနေခြည်များ ဖြာကျလာပုံသည် အရသာတစ်မျိုးပင် ဖြစ်နေပေသည်။

ခြံထဲရှိ ပန်းပွင့်များအားလုံးသည် မိုးသည်းထန်စွာရွာစဉ်က ငုပ်လျှိုးပုန်းခို၍ နေခဲ့ရသမျှညနေ နေခြည်အပွင့်တွင် အရွက်များကြားမှ ခေါင်းပြူ၍ ထွက်လာကြသည်။ နှင်းဆီခိုင်များသည် ဝတ်လွှာကို ဖြန့်ခြံ၍ နေခြည်ဘက်သို့ ဦးညွှတ်ကြသည်။ ဖူးငုံ၍နေသော စံပယ်ဖူးတို့သည်လည်း ညနေစောင်းတွင်မှ ဝတ်လွှာကို ဖွင့်ကြတော့သည်။

နှင်းဆီခိုင်မှ ဆူးများကို သီသီသည် တစ်ခုချင်းလိုက်၍ဖဲ့ပစ်နေသည်။ မသက်ကလည်း အလှဆုံး နှင်းဆီခိုင်များကို ကတ်ကျေးနှင့်ဖြတ်၍ သီသီ့ဆီသို့ ယူလာသည်။

အကျည်းအတန်ဆုံး ကျီးကန်းမည်းမည်းပင် ညနေ နေခြည်အောက်တွင် လှပ၍နေသည်။ သူသည် စိုနေသော အတောင်များကို တဖျတ်ဖျတ်ခါ၍ ရေစင်အောင် လုပ်နေပေသည်။ ပြီးလျှင် ပုန်းညက်ကိုင်းပေါ်တွင် ခုန်ဆွခုန်ဆွနှင့် လျှောက်၍နေသည်။

သီသီ့စိတ်ထဲတွင်လည်း လွတ်လပ်ပေါ့ပါး၍ နေသည်။ မနေ့ကပင် ဦးကြော့ရှင်းသည် သတ္တုတွင်းများကိုစစ် စုံစမ်းရန် ထားဝယ်သို့ ထွက်ခွာသွားသည်။ မာမီနှင့် ဒက်ဒီကလည်း ပဲခူးသို့ ညအိပ် သွားကြသည်။ ယနေ့ညလို အဆင်ပြေသည်မှာ မရှိပေ။

ယနေ့မှာ လပြည့်နေ့လည်း ဖြစ်ပေသည်။ ဘုရားခန်းကို အစွမ်းကုန် သပ်ရပ်လှပအောင် ပြုလုပ် ရပေမည်။

ဦးမောင်မောင်ထွန်းလာချိန်တွင် ဘုရားခန်းသည် အားလုံးအဆင်သင့် ဖြစ်နေရပေမည်။

သီသီသည် နှင်းဆီပန်းများကို ထားခဲ့၍ သစ်ခွပင်များ ဆွဲချိတ်ထားရာ ခြံ၏တောင်ဘက်သို့ ထွက်၍လာသည်။ ခြံတောင်ဘက် သရက်နှစ်ပင်ကို သစ်သားတန်းတစ်ခု စိုက်ကာ သစ်ခွပန်းများကို ဆွဲ၍ထားသည်။

စိုသော မိုးရေအောက်တွင် ဖယောင်းပန်းအဝါတို့သည် ရွှေရောင်တောက်၍ နေပေသည်။ ဗုဒ္ဓရုပ်ပွားတော် ရွှေဆင်းတုရှေ့တွင် ဤဖယောင်းပန်း ရွှေရောင်တို့သည် ပို၍ပန့်ရ လှပပေသည်ဟု သီသီက တွေးမိပြန်သည်။ သူသည် ဖယောင်းပန်းများကို အခိုင်လိုက် ဖြတ်၍ယူလိုက်သည်။

အဝါတောင်ပံတွင် နီညိုရောင်အနားကွပ်ထားသော လိပ်ပြာလေးနှစ်ကောင်သည် နေခြည်ထဲတွင် ပျံသန်းလာ၍ ဖယောင်းပန်းများအနီးတွင် ဝဲပျံနေသည်။

သီသီသည် အလိုလို ရွှင်လန်းလာသည်။

"ကြည့်စမ်းပါဦး… သူတို့ ပျံနေပုံလေးတွေက လှလိုက်တာ၊ ပျော်စရာကြီးပဲ"

သူသည် လိပ်ပြာလေးများ ပျံရာသို့ လိုက်၍ကြည့်၏။ မိုးအဆုံး၊ မြေအနံ့ ကိုကိုနဲ့အတူ သီသီသည်လည်း လှည့်ပတ်ပျံသန်း၍ သွားလိုပါ၏။

mgyoe.com

mgyoe.com

"မမ.. ညှော့သည်ကားဝင်လာပြီ"

မသက်သည် သူ့အနားသို့ လာပြော၍ သူ့စိတ်ကူး ပျက်၍သွားသည်။

အိမ်ရှေ့မြေနီလမ်းမှ ကားတစ်စီးဝင်လာ၍ ဆင်ဝင်အောက်တွင် ရပ်ထားသည်ကို သီသီ မြင်လိုက်လေသည်။ သူသည် လက်ထဲမှ ပန်းများကို မသက်အား ပေးပြီး ကားရှိရာသို့ ခပ်မြန်မြန်လျှောက်လာသည်။

"မင်းကတော်လေး.. နေကောင်းရဲ့နော်"

ကားဘေးမှ မတ်တတ်ရပ်လျက်ရှိသော ဦးမောင်မောင်ထွန်းသည် သူ့ကို လှမ်း၍နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့၊ သီသီထင်တာက ည ၇ နာရီလောက်မှ ထင်နေလို့ပါ၊ ကြွပါ.. ညှော့ခန်းမှာ ထိုင်ပါဦး"

"အို.. နေပါစေတော့၊ ဒီနေ့ညနေ အတော်ကို လှတာပဲ၊ ခြံထဲမှာပဲ အေးအေးဆေးဆေး နေပါရစေ၊ ဒီအဝတ်ထည့်ထားတဲ့အိတ်သာ အိမ်ထဲမှာ ထားချင်ပါတယ်"

ဦးမောင်မောင်ထွန်းသည် ကလပ်တုန်းက ဝတ်စားထားသည့်အတိုင်း ဘောင်းဘီအရှည်နှင့် ကုတ်အကျႌကို ဝတ်၍ထားပေသည်။

"ကောင်းပါပြီရှင်.. ပေးပါ"

သီသီသည် ဦးမောင်မောင်ထွန်းလက်ထဲမှအိတ်ကို ဆွဲယူ၍ အိမ်ထဲ ယူသွားတော့သည်။

သီသီပြန်ထွက်လာချိန်တွင် ဦးမောင်မောင်ထွန်းသည် စံပယ်ရုံများဘေးရှိ မြေနီလမ်းပေါ်တွင် လမ်းလျှောက်နေသည်ကို တွေ့ရလေသည်။

သီသီသည် ဦးမောင်မောင်ထွန်းအနားသို့ ကပ်လာရသော်လည်း ဘာစကားက စ၍ ပြောရမှန်း မသိပေ။ စံပယ်နှင့် ပုန်းညက်ရနံ့မှာ သူတို့အနားတွင် ရော၍နေသည်။ ဦးမောင်မောင်ထွန်းကမူ တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေသလို ခေါင်းငုံ့လျက်ရှိပေသည်။

နေခြည်များဟပ်၍နေသော ဦးမောင်မောင်ထွန်းမျက်နှာကို သီသီက ခဏစိုက်၍ ကြည့်မိပြန်သည်။

"ဖယောင်းတိုင်ထွန်းတော့ ဘယ်အချိန်လောက်က စ ထွန်းမှာလဲဟင်"

"ည ၇ နာရီလောက်က စ မှာပဲ မင်းကတော်"

ဦးမောင်မောင်ထွန်းသည် ဆတ်ခနဲ ခေါင်းမော့၍ ပြန်ပြောလိုက်သည်။ သူ့မျက်လုံး၏အကြည့်များ ဖျတ်လတ်လျင်မြန်ပုံရသည်။ သီသီ့ကို ခေါင်းမှခြေအထိ ဖြို၍ကြည့်လိုက်သည်မှာ မြန်လွန်းလှသည်။

"ဒီနေ့ ကြည့်ရတာ မင်းကတော် စိတ်ရွှင်လန်းနေပုံရတယ်"

သီသီသည် မျက်နှာထားခက်သလို ရှက်သလို စိတ်များက ရှုံ့တွန့်တွန့်ဖြစ်၍နေသည်။

"ဟုတ်ကဲ့"

"ဒီလိုမှပေါ့၊ ကျွန်တော်တို့အလုပ်က စိတ်တန်ခိုးကကို ငါးဆယ်ရာခိုင်နှုန်းလောက်ပါပါတယ်၊

mgyoe.com

mgyoe.com

ကျန်းမာအောင်လဲ နေဖို့ အရေးကြီးပါတယ်၊ ခုလိုညနေဆို ရာသီဥတု သာယာနေပေမယ့် လေတွေက အေးနေတုန်းပဲ၊ မိုးသက်ပါတဲ့လေဟာ ရင်ကို အအေးမိတတ်တယ်၊ ညနေစောင်းလဲဖြစ်တော့ အနွေးထည် ခြုံထားရင် ကောင်းမယ်ထင်တယ် မင်းကတော်"

သီသီသည် ရုတ်တရက် ဘာပြန်ပြောရမုန်း မသိသလို ငေးနေသည်၊ သူ့စိတ်ထဲတွင် ဝမ်းသာသလို ဝမ်းနည်းသလို ဖြစ်၍သွားသည်၊ သူသည် အဝါနရောင် နိုင်လွန်အင်္ကျီနှင့် ပိုးလုံချည် နက်ပြာကို ဝတ်၍ထားသည်၊ သူ့လုံချည်ပေါ်မှ ပန်းပွင့်အဖြူကျဲကျဲ အစက်များကို ငုံ့၍ကြည့်နေပြန်သည်၊ ဘာ ကြောင့်များ စကားသွက်သွက်လက်လက် ပြော၍ မထွက်သည်ကို သူ့ကိုယ်သူ အံ့သြနေပေသည်၊

"မင်းကတော်ကလဲ ကလေးလိုပဲနော်"

ဦးမောင်မောင်ထွန်းသည် သီသီ၏ ရှိုးတိုးရှန့်တန့်ဖြစ်နေသော အမူအရာကို နေသာအောင် ပြောလိုက်သည်၊

"ဟုတ်ကဲ့၊ ကျွန်မက မာမီတို့နဲ့သာ အနေများတာကိုး၊ ကျွန်မမှာ မိန်းမမိတ်ဆွေတွေလဲ နည်း သားပဲ၊ ကဲ..အိမ်ထဲကို ဝင်ထိုင်ကြရအောင်၊ မိုးအေးတဲ့အခါ ကော်ဖီပူပူနွေးနွေးသောက်ရအောင်ပေါ့"

သီသီသည် ရှေ့မှခေါင်းဆောင်၍ ဦးမောင်မောင်ထွန်းကို ခေါ်သွားသည်၊ ဧည့်ခန်းထဲတွင်အတူ ထိုင်၍ မနေချင်ပေ၊ မသက်အား ကော်ဖီနှင့် မုန့်များ ထည့်ကာ ပေးခိုင်းလိုက်လေသည်၊

သူကိုယ်တိုင်ကမူ ဘုရားခန်းရှိရာသို့ သွား၍ နေရာတကျ ပြင်ဆင်၍နေပေသည်၊

မကြာခင် မသက် ရောက်လာလေသည်၊

"မသက် ဒီမှာ စောင့်နေနော်၊ ငါ အောက်က ဆရာကြီးကို သွားခေါ်ဦးမယ်"

မသက်သည် ခပ်ကြောင်ကြောင် ငေးနေပြန်သည်၊

"ဘာလုပ်မလို့လဲ မမ"

"နင်ကလဲ ဒါလောက်မှ မရိပ်မိဘူးလား၊ မာမီတို့ကိုရော၊ ကိုကို့ကိုရော ဘာမှပြန်မပြောနဲ့နော်၊ ကိုကို အိမ်မှာမြဲအောင်လို့ ဆရာကြီးက လုပ်ပေးမှာ"

သီသီသည် မသက်ကို တိုးတိုးလေးပြော၍ ဘုရားခန်းထဲမှ ထွက်သွားသည်၊ သီသီ့အဖြစ်ကို မသက်က တွေး၍ ငိုင်မိပြန်သည်၊ ကြာမြင့်ခဲ့လေပြီ၊ သီသီ၏ တစ်ကိုယ်တော်ဇာတ်ထုပ်မှာ ကြာမြင့်ခဲ့ ပြီ ဖြစ်သော်လည်း သီသီသည် ဣန္ဒြေရစွာနှင့် မျိုသိပ်ခဲ့သူဖြစ်သည်၊ သန်းခေါင်လောက် ထွက်သွား သော ညဥ့်ကိုမူ တွေးရင်း မသက်က ကျောစိမ့်၍သွားပေသည်၊

အပြင်တွင် တဖြည်းဖြည်း မှောင်စ ပြု၍ လာလေသည်၊

ဆရာကြီးနှင့် သီသီ ဘုရားခန်းထဲသို့ ဝင်လာချိန်တွင် မသက်မှာ အံ့သြ၍နေပြန်သည်၊ ဆရာ ကြီးသည် လာစဉ်ကကဲ့သို့ ဘောင်းဘီ၊ ကုတ်အင်္ကျီတို့နှင့် မဟုတ်တော့ဘဲ ပိတ်ဖြူပုဆိုး၊ ပဒုမ္မာအထူ အပေါ်အင်္ကျီဝတ်လျက် ခေါင်းပေါင်းအဖြူကြီးကို ပေါင်း၍ထားလေသည်၊ မြင့်မားဖြူဖွေးသော ကိုယ် လုံး ကိုယ်ထည်ကို ကြည့်ကာ မသက်ပင်လျှင် ကြည်ညိုစိတ်ဖြစ်မိပေသည်၊

အခန်းထဲတွင်မူ ရှီးရှီးမီးချောင်းထွန်းထား၍ ထိန်လင်းနေလေသည်၊ နှင်းဆီရနံ့မှာ သင်းပျံ့၍

mgyoe.com

နေသော်လည်း တစ်ချက်တစ်ချက် ဖယောင်းပန်းရနံ့များကလည်း တိုးဝင်၍ လာသည်၊ မှန်စီရွှေချ ဘုရားကျောင်းဆောင်၏ ရှေ့ဘက် ထောင့်နှစ်ထောင့်တွင် ဖယောင်းပန်း ရွှေဝါရောင်တို့မှာ တွဲရရွဲ ကျ နေ၍ ဘုရားသခင်၏ မျက်နှာတော်ရောင်နှင့် ပန်းရကာ ကြည်ညှိုသပ္ပာယ်ဖွယ် ကောင်းနေပေသည်၊

ဆရာကြီးသည် သူ၏ လက်ဆွဲအိတ်ထဲမှ တစ်တောင်နီးနီးခန့်ရှိသော အဝါရောင် ဖယောင်း တိုင် တစ်တိုင်ကို ထုတ်လိုက်လေသည်၊

ဘုရားကျောင်းဆောင်ရှေ့ရှိ ကျောက်သားအောက်ခံတွင် ဖယောင်းတိုင်ကို စိုက်လိုက်လေ သည်၊

"ကဲ.. မင်းကတော်လဲ ကိုယ်ရည်စွးတဲ့သူကို အာရုံပြုနော်၊ ကျွန်တော် စပြီးညှိုတော့မယ်၊ ကျွန် တော် အာရုံပြု မေတ္တာပို့နေစဉ်အတွင်းတော့ စကားမပြောပါနဲ့နော်"

သီသီနှင့် မသက်တို့သည် ဘုရားကို ဦးချ၍ လက်အုပ်ချီကာ ငြိမ်သက်နေကြသည်၊ သီသီသည် မျက်လုံးများကို စုံမှိတ်၍ စိတ်ထဲတွင်မူ ထားဝယ်သို့ သွားနေသည့် ဦးကြော့ရှင်းကို အာရုံပြု၍ထားပေ သည်၊

အာရုံပြုရင်းက စိတ်ကူးကလည်း ပါပေသေးသည်၊ ဒီတစ်ခါပြန်လာလျှင် ယခင်ကလို ရှင်ချိုပြုံး သော ဦးကြော့ရှင်းမျက်နှာကို တွေ့ရတော့မည်၊ ယခုတစ်ခါဆိုလျှင် ဖြစ်ချင်တာဖြစ်ပေစေတော့၊ ဘယ် အခါမှ မဆူတော့ပေ၊ အပြင်တွင် မယားတစ်ဒါဇင်ပဲ ထားဦးတော့ အိမ်ကို အချိန်မှန်ပြန်၍ မျက်နှာ ရွှင်ရွှင်ထားလျှင် မိသီသီတစ်ယောက် လူ့ဘဝတွင် နေပျော်ပေပြီ၊

တောင်လေသည် အချိန်မှန်မှန်တိုက်ခတ်၍ လာပြန်သည်၊ ဘုရားခန်းထဲတွင် အေးစိမ့်၍လာရုံ မက တိတ်ဆိတ်ငြိမ်သက်၍လည်း နေပေသည်၊ အပြင်တွင် မိုးစိပ်စိပ်ရွာနေသံကို သဲ့သဲ့မျှ ကြား၍နေ ရပေသည်၊

လေးနာရီလုံးလုံး မလှုပ်မယှက် ဒူးတုပ်၍ထိုင်နေရသည်ကို ညောင်းရမှန်း မသိနိုင်ပေ၊

ဖယောင်းတိုင်သည် မှန်မှန်လောင်ကျွမ်းနေရာမှ ဖျတ်ခနဲ ငြိမ်း၍သွားပေသည်၊ နှစ်လက်မ လောက် ကြွင်းကျန်နေသော ဖယောင်းတိုင်ထိပ်မှာ တစ်ဖက်စောင်း၍ နေပေသည်၊

ဆရာကြီးသည် ငြိမ်သက်စွာပင်နေ၍ ပါးစပ်မှလည်း မှန်မှန် ရွတ်ဖတ်လျက်ရှိပေသည်၊ ဖယောင်းတိုင် တစ်ဝက်တစ်ပျက်နှင့် ငြိမ်းသွား၍ သီသီ့ရင်ထဲတွင်မူ ထင့်၍နေပေသည်၊ ဆရာကြီး၏ ရွတ်ဖတ်ခြင်းမှာ ရပ်နား၍ သွားပြန်သည်၊

"ကဲ.. ဒီနေ့အဖို့ရာမှာတော့ ဒီလောက်ပဲရပ်သင့်ပြီ မင်းကတော်၊ ခုလို တစ်ဝက်တစ်ပျက်နဲ့ ငြိမ်း သွားတာကတော့ နောက်တစ်တိုင် ထပ်ထွန်းရမယ့် အဓိပ္ပာယ်ပဲ၊ ဒီတော့ နောက်တစ်ခါ လပြည့်အထိ စောင့်သေးတာပေါ့နော်၊ ကဲ.. မင်းကတော်လဲ လှုပ်ရှားနိုင်ပါပြီ"

ဆရာကြီးသည် သီသီ့ကို လှည့်မကြည့်ဘဲ ပြောလိုက်လေသည်၊

သီသီသည် ကွေးနေသောခြေထောက်ကို အသာဆန့်လိုက်၏၊ ခြေထောက်များမှာ ကျဉ်နေ၍ မတ်တတ်ရပ်ရန် မနည်းကြိုးစား၍နေရလေသည်၊ မတ်တတ်ရပ်လျှင်ရပ်ချင်း မျက်စိထဲတွင် အခန်း

mgyoe.com

mgyoe.com

တစ်ခုလုံး မှောင်သလို ပြာသလို ဖြစ်သွားတော့သည်။ ခြေထောက်များသည် လေထဲတွင် ရပ်နေရသလို ထိန်း၍မရနိုင်တော့ပေ။ ရင်ထဲမှ တလှပ်လှပ်ဖြစ်လာ၍ အသက်ရှူရကျပ်လာပြန်သည်။

"မမ.. ဘာဖြစ်သွားသလဲ"

မသက်သည် သူ့ကို ဖေး၍ ကိုင်ထားသည်။

"ငါ့ကို အိပ်ခန်းထဲရောက်အောင် မြန်မြန်လိုက်ပို့စမ်း"

သီသီသည် ခုတင်ပေါ်သို့ ဘယ်လိုရောက်သွားမှန်းပင် သူ့ကိုယ်သူ မသိပေ။ ခေါင်းထဲတွင် နည်းနည်း လင်းလာမှ မျက်စိကို အားယူ၍ ဖွင့်လိုက်သည်။

မျက်လုံးဖွင့်ဖွင့်ချင်း ဖြူန်းခနဲ ထိတ်လန့်၍သွားလေသည်။ ဆရာကြီးသည် သူ့အနားတွင် မားမားရပ်၍ သူ့ကို ငုံ့ကြည့်နေလေသည်။

"ရော့.. ဒီပန်းထုပ်ကို ရှူထားဦး၊ နှလုံးသွေးကလဲ သိပ်အားနည်းနေတာကိုး၊ မသက်ကို အိမ်သားတွေ နှိုးခိုင်းလိုက်တယ်"

သီသီသည် ရုတ်တရက် လှုပ်၍မရသေးပေ။ ဆရာကြီး နှာခေါင်းဝတွင် တေ့၍ပေးထားသော ပန်းပေါင်းထုပ်ကိုပင် ရှူ၍နေရတော့သည်။ ပန်းထုပ်မှာ သင်းပျံ့သော ပန်းပွင့်ဝတ်ဆံများကို စုပေါင်းထုပ်ထား၍ ရနံ့မှာ နှလုံးကြည်လင်စရာကောင်း၍ လာလေသည်။

မသက်သည် အရင်ဆုံး အခန်းထဲသို့ ဝင်၍လာ၏။ မသက်နောက်မှ ထမင်းချက် ဒေါ်ရင်တို့လင်မယားနှင့် ကိုစံငွေတို့လင်မယား ဝင်၍ လိုက်လာကြသည်။

"ဘာဖြစ်သွားတာလဲဟင်"

ဒေါ်ရင်သည် ပြောပြောဆိုဆို သီသီ့ဘေးတွင် ဝင်၍ထိုင်သည်။ သီသီသည် အသက်မှန်မှန်ရှူ၍ ရလာသည်။

"ကျွန်မရင်ဝကို ခဏဖိထားပါ ဒေါ်ရင်၊ ကဲ.. ဆရာကြီးလဲ ညဥ့်နက်ပါပြီ ပြန်နိုင်ပါတယ်၊ ကိုစံငွေ ဒေါက်တာစံလင်းကို ခေါ်ပေးနော်"

ကိုစံငွေသည် သီသီ့တစ်လှည့်၊ ဦးမောင်မောင်ထွန်းအားတစ်လှည့် ကြည့်၍ အခန်းထဲမှ ထွက်သွားတော့သည်။ ဦးမောင်မောင်ထွန်းသည် သီသီ့ကိုကြည့်၍ နှုတ်ဆက်လိုက်သည်။ အားငယ်နေပုံရသော သီသီ့မျက်နှာသည် သနားစရာဖြစ်၍နေပေသည်။

မသက်က ဆရာကြီးအား တံခါးဝအထိ လိုက်၍ပို့လိုက်လေသည်။

## (၇)

နောက်နေ့တွင် ဒက်ဒီနှင့် မာမီတို့ ရောက်လာကြသည်။ သူတို့နှစ်ယောက်လုံးပင် အိမ်တွင် မအိပ်တော့ဘဲ သီသီ့အိမ်သို့ ပြောင်း၍အိပ်ကြသည်။ ဒက်ဒီကမူ ဦးကြော့ရှင်းမရှိသည်ဖြစ်စေ၊ ရှိသည်ဖြစ်စေ သူ့သမီးကို အိမ်သို့ ခေတ္တခေါ်၍ထားချင်သည်။

သို့သော် မာမီက ဒက်ဒီ့အကြံကို လက်မခံပေ။ သီသီတို့အတွင်းရေးကို အမေက ပို၍သိသည်။

ယခုလိုအချိန်တွင် သီသီသည် ဘယ်လိုနည်းနှင့်မျှ သူ့အိမ်မှ ရွှေ့ပြောင်းနေဖို့ မသင့်တော့ပေ။ မီးအနီးတွင် ရှိနေစဉ်တောင် ချိပ်မှာ အေးနေပါလျှင် အကယ်၍ မီးသာဝေးခဲ့ပါမူ ဦးကြော့ရှင်းနှလုံးသားသည် ကျောက်ခဲအဖြစ်သို့ ပြောင်းလဲတော့မည်မှာ မလွဲပေ။

ထို့ကြောင့် လင်မယားနှစ်ယောက်စလုံး သီသီ့အိမ်သို့ ပြောင်းရွှေ့၍လာကြသည်။

သီသီ့ရောဂါသည် နှလုံးရောဂါဟူ၍ ဒေါက်တာစံလင်းက ပြောပေသည်။

ဦးကြော့ရှင်းပြန်လာသောနေ့တွင် သီသီ့ရောဂါမှာ အတော်သက်သာ၍နေပေသည်။ သို့သော် သိပ်လှုပ်လှုပ်ရှားရှား မလုပ်ရသေး၍ သီသီသည် အိပ်ရာပေါ်မှာပင် နေရသေးသည်။

"သီသီ.. နေမကောင်းနေတော့ ကိုကို ဟိုဘက်ခန်းမှာပဲ အိပ်မယ်နော်"

ဦးကြော့ရှင်းသည် မြောက်ဘက်အပေါ်ထပ်အခန်းသို့ ပြောင်းရွှေ့၍အိပ်သည်။ သီသီကမူ ဘာတစ်လုံးမျှ မပြောပေ။ ဦးကြော့ရှင်းသည် မနက်တစ်ခေါက်၊ ညတစ်ခေါက် မိနစ်ပိုင်းလောက် သီသီ့ကို လာ၍တွေ့သည်။

ဦးကြော့ရှင်း၏ စိမ်းသောအမူအရာများကို ဒက်ဒီသိမှာ သီသီက စိုးရိမ်လာသည်။

"သီသီ နေကောင်းပြီပဲ၊ ဒက်ဒီတို့ လိုသေးသလား၊ အဘိုးကြီးတွေ ကိုယ်တို့အိမ်မှာ နေရတာ စိတ်များ ကျဉ်းကျပ်သလား မသိဘူး"

ဦးကြော့ရှင်းသည် ညအိပ်ခါနီးတွင် သီသီ့ကို လာ၍ပြောသည်။ သီသီသည် ငြိမ်သက်၍နေ၏။ ခြောက်၍ဖြူသော နှုတ်ခမ်းကို အသာကိုက်၍ထားသည်။ သူ၏ ဝိုင်းဝန်းသော မျက်လုံးတို့သည် အရောင်များ လျော့ပါး၍ လာသည်။ ဦးကြော့ရှင်းကို စိုက်၍ကြည့်နေနိုင်သော အားကလည်း မရှိပေ။ မျက်လုံးကို အသာမှေး၍ ထားလိုက်သည်။ အမှန်တော့ အဘိုးကြီးများ အနေကျဉ်းကျပ်သည် မဟုတ်၊ ဦးကြော့ရှင်း အနေကျဉ်းကျပ်သည်ကို သီသီက သိလိုက်ပါသည်။ သူ့စိတ်ထဲတွင်မူ ဟင်းလင်းကြီး အထီးတည်း နေရသည်ထက် အဖေ အမေနှင့် ယခုလို နေမကောင်းစဉ်တွင် အတူနေရသည်ကို အားရှိသလို ဖြစ်၍နေပေသည်။

သို့သော် စိတ်ကို တင်းလိုက်၏။

ကိုကို့သဘောပေပဲ။

နောက်နေ့တွင် မာမီသည် ဒက်ဒီ့ကို လှည့်ပတ်ခေါ်ပြောပြီး အိမ်ပြန်၍ သွားကြတော့သည်။ အမှန်တော့ မာမီသည် နားလည်မှုနှင့် လုပ်လိုက်ခြင်း ဖြစ်ပေသည်။

နေ့ခင်းတိုင်းလိုလို မာမီသည် သီသီ့ကို လာ၍ကြည့်ပေသည်။

သီသီသည် ယခုတလော အတော်ကျန်းမာလာ၍ နှုတ်ခမ်းမှာလည်း သွေးရောင်များသန်းလာသည်။ အိပ်ခန်းထဲတွင် လမ်းလျှောက်စ ပြု၍ လာလေသည်။

ယနေ့ညနေတွင် မာမီသည် ဒေါက်တာစံလင်းကို ပို့ရင်း စောစောပြန်သွားလေသည်။ သီသီသည် မှန်ရှေ့တွင် ထိုင်စ ပြု၍ ဝမ်းသာနေသော်လည်း သူ့မျက်နှာများမှာ ယခင်ကလောက် ဖြိုးဖြိုးလန်းဆတ်ခြင်း မရှိသေးပေ။

mgyoe.com

mgyoe.com
မသက်သည် သူ့ဆံပင်များကို ဆီမွှေးလူး၍ ဖြီးပေးနေလေသည်။
"ကျွန်မ ဖွန်ပန်းလေးတွေ သီထားတယ်၊ ခေါင်းဖြီးပြီးရင် ပန်ရအောင် မမ"
မသက်က သူ့ကို လှမ်း၍ပြောသည်။
"မေမေကြီးကလဲ မှာသွားတယ်၊ မွှေးမွှေးကြိုင်ကြိုင်ပန်းတွေ ပန်းပေးရမယ်တဲ့"
သီသီသည် မေးခွန်းကို ဘာမျှမပြောပေ။ "ညက နင့်အစ်ကို ဘယ်အချိန်လောက် ပြန်လာလဲ" သူသိလိုသော မေးခွန်းကိုသာ ထပ်၍မေးလိုက်သည်။
"သုံးနာရီ.."
"ဩော်.. ဒီနေ့ညတော့ ပြန်ချင်မှ ပြန်လာမယ်လို့ ပြောသွားတယ် မသက်၊ ငါနေမကောင်းဖြစ်နေတယ်ဆိုတာ သူ သတိရမယ်မထင်ပါဘူးနော်"
"ဒါကို ဘာလို့တွေးနေမလဲ၊ ကိုယ့်မှာ ငွေကြေးနဲ့ ဝတ်ဖို့စားဖို့ တစ်ပုံကြီး ပျော်ပျော်နေပေါ့"
"နင် ဘာမှမသိပါဘူး မသက်ရယ်"
"နေ့လယ်ကလဲ ဒေါက်တာက မေမေကြီးကို ပြောနေတယ်၊ မမမှာ ဘာအကြီးအကျယ် စိတ်မချမ်းသာစရာ ရှိသလဲတဲ့၊ အစစ ပြည့်စုံနေပေမယ့် မိန်းကလေးမှာ စိတ်အကြီးအကျယ် ထိခိုက်စရာရှိနေတယ်ထင်တယ်၊ နလုံးသွေးအား သိပ်နည်းနေတယ်တဲ့၊ အဲဒီလို ပြောနေသံကို မသက် ကြားတယ်၊ စပြီးဖြစ်တဲ့နေ့ကလဲ ဟိုဆရာကြီးက မမကို ပွေ့ထားရင်း ပြောတယ်၊ မမဟာ သိပ်ပြီး နလုံးအားနည်းတယ်တဲ့"
"ဟင်.. ဦးမောင်မောင်ထွန်းဟာ ငါ့ကို ပွေ့ထားတယ်.."
"ဟုတ်တယ်၊ မမက ဗြုန်းဆို ယိုင်သွားတယ်၊ ကျွန်မက ပွေ့ရုံပဲ ပွေ့နိုင်တာကိုး၊ အိပ်ခန်းထဲကို ရွှေ့ဖို့ ဘယ်သယ်နိုင်မလဲ၊ ဆရာကြီးက ပွေ့လာရတယ်"
"ဟယ်.."
သီသီသည် မှန်ထဲကို ကြည့်ရင်း မျက်စိများမှာ ရက်သလိုဖြစ်သွားပြန်သည်။ မသက်သည် ဆံပင်ကို အပေါ်ခပ်ရောက်ရောက် တစ်ပတ်လျှိုထုံးလိုက်၏။ ဆံထုံးမှာ သပ်သပ်ရပ်ရပ် ဖြစ်၍ သွားသည်။ ဖွန်ပန်းကုံးကို မသက် လှမ်းအယူတွင် တယ်လီဖုန်းခေါင်းလောင်းသံသည် ပေါ်၍လာပြန်သည်။
"သွားပြီး နားထောင်စမ်း... ပန်းကုံး ငါ့ကို ပေးခဲ့"
မသက်လက်ထဲမှ ပန်းကုံးကို လှမ်းယူ၍ သီသီသည် သူ့ကိုယ်တိုင် ဆံထုံးမှာ ခွေ၍ပန်လိုက်သည်။ သူ့မျက်နှာမှာ မဟာဆန်သလို ယဉ်စစဖြစ်၍ လာသည်။ ဆံထုံးပုံ့ပုံ့လေးအောက်တွင် ဖွန်ပန်းအခွေမှာ အိ၍ကျနေပေသည်။
"မမ ဘယ်သူလဲ မသိဘူး၊ မမ နေကောင်းရင် မမနဲ့ပဲ စကားပြောပါရစေတဲ့"
"အေး အေး.. ငါလာမယ်လို့ ပြောလိုက်၊ စကားချထားစမ်း၊ ပြီးတော့ မမစားဖို့ နို့နဲ့ သစ်သီးတစ်ခုခု ယူခဲ့နော်၊ ခုလဲ နောက်ကျောဘက်မှာ ခေါင်းအုံးများများ ခုပေးပါဦးကွယ်"
သူသည် မသက်ကို ဆက်တိုက် ခိုင်းလိုက်သည်။ ခုတင်ဘက်သို့ ပြန်သွားကာ မသက်ဆင့်ပေး
mgyoe.com

mgyoe.com

သော ခေါင်းအုံးအများကြီးကို ကျောနောက်တွင် မှီ၍ ခုတင်ပေါ်တွင် ထိုင်လိုက်သည်။ မသက်သည် သီသီ၏ခြေဖျားကို စောင်အပါးလေးနှင့် ဖုံး၍ပေးခဲ့သည်။

တယ်လီဖုန်းကို ကောက်၍ကိုင်လိုက်လေသည်။

"သီသီ စကားပြောနေပါတယ်"

မသက်သည် ခပ်ဖြည်းဖြည်းနင်း၍ အပြင်သို့ ထွက်သွားလေသည်။

"သီလား.. ဝမ်းသာလိုက်တာ သီရယ်၊ နေကောင်းပြီပေါ့နော်၊ လာချင်လိုက်တာလဲ အလွန်ပဲ"

"အခု စကားပြောတာ ဘယ်သူပါလဲ"

"မောင်မောင်ထွန်းလေ"

"ဟုတ်.. ဟုတ်ကဲ့" သီသီသည် စကားပြောရင်း အလိုလို ထစ်၍သွားသည်။

"အိမ်ကနေပြီးလဲ ဆုတောင်းလျက်ပါပဲ၊ လာဖို့ ခွင့်တောင်းချင်ပေမယ့် နေမကောင်းတုန်း ဖုန်းဆက်ဖို့ မကောင်းလို့ပဲ၊ ဒီညလာခဲ့ပါရစေ ဘယ့်နယ်လဲ"

သီသီသည် ငိုင်၍ ခဏစဉ်းစားနေသည်။

"ဘယ့်နယ်လဲ သီ"

"ဟုတ်ကဲ့.. လာနိုင်ပါတယ်"

"ကျေးဇူးပဲ သီရေ.."

တစ်ဖက်မှ တယ်လီဖုန်းချသွားပေမယ့် သီသီသည် သူ့တယ်လီဖုန်းကို မချသေးပေ။ ဘာကြောင့် ဦးမောင်မောင်ထွန်း လာမည်ကို လာခွင့်ပြုလိုက်ပါသလဲဟု၍ စိတ်ထဲတွင် ပြန်တွေးနေမိသည်။ လာမည်ဆိုတော့လည်း ဝမ်းသာသလို စိတ်ထဲမှာ ဖြစ်၍နေပြန်သည်။

"ဟော.. မမ စကားလဲမပြောဘဲနဲ့ တယ်လီဖုန်း ကိုင်ထားပြန်ပြီ"

မသက်သည် ပြောပြောဆိုဆိုနှင့် လက်ထဲမှ သစ်သီးနှင့် နို့ပန်းကန်ထည့်ထားသော လင်ပန်းကို အသာချ၍ထားလိုက်ကာ သီသီ့လက်ထဲမှ တယ်လီဖုန်းကိုယူ၍ နေရာတကျ ပြန်ထားလိုက်သည်။ လူနာအတွက်ဖြစ်သည့် သစ်သားခုံတန်းလေးကိုလည်း သီသီ့ရင်ခွင်ရှေ့တွင် ချလိုက်၏။ ပြီးလျှင် သစ်သီးပန်းကန်နှင့် နွားနို့ကို ခုံပေါ်သို့ ယူတင်လိုက်သည်။

"ကဲ.. မမ၊ နို့အေးအေးလေး သောက်ဦး"

"ဆရာကြီးရဲ့ ဇယောင်းတိုင်ကလဲ ဘယ်လိုမှ မစွမ်းဘူးနော်.. မသက်"

မဆီမဆိုင်သော စကားလုံးများကို သီသီပြောနေ၍ မသက်မှာ အံ့အားသင့်နေသည်။ မသက်သည် ရေခဲစိမ်ထားသောစပျစ်သီးများကို အခွံနွှာ၍ ပန်းကန်ပြားအဖြူပေါ်သို့ တစ်လုံးချင်း ထည့်ပေး၍နေလေသည်။ နို့အေးကို မော့သောက်လိုက်၍ ရင်ထဲတွင် အေး၍သွားသည်။ စပျစ်သီးများကို မြုံ၍ ဝါးလိုက်၏။ နို့နှင့် သစ်သီးများ ရင်ထဲရောက်သွားပေမယ့် ရင်ထဲတွင် ကတုန်ကရီနှင့် တလှပ်လှပ် ဖြစ်နေသည်။

သီသီသည် သူ့ကိုယ်သူ ပြန်၍စဉ်းစား၏။ ယခုလို ကတုန်ကရီဖြစ်လာသည်မှာ တယ်လီဖုန်း

mgyoe.com

mgyoe.com

နားထောင်ပြီးမှလား၊ မပြီးခင်ကလား။ တယ်လီဖုန်းနားထောင်ပြီးမှ စိတ်လှုပ်ရှားလာရသည်ဆိုလျှင် ဘာကြောင့် ယခုလို ဖြစ်ရပါသလဲ။

သူ့စိတ်များ ချောက်ချားနေသည်ကို သူ သတိထားလိုက်မိသည်။

မှောင်စပျိုးလာ၍ အခန်းထဲရှိမီးများကို မသက်က ဖွင့်လိုက်သည်။ အရှေ့ဘက်ပြတင်းမှလျှော့ကျနေသော လရောင်ခြည်သည် အခန်းထဲမှ ဖွင့်လိုက်သောမီးရောင်ကြောင့် အလှပျက်၍သွားသည်။

"အပြင်မှာ လသာနေလား မသက်"

"နက်ဖြန်ဆို လပြည့်ပဲ မမ"

သူသည် ပြတင်း၏အပြင်ကို လှမ်း၍ကြည့်၏။ ပိတောက်ပင်ကြီးသည် လရောင်အောက်တွင် လှုပ်ရှားနေသည်ကို ခပ်ရေးရေးမြင်နေရသည်။

မသက်သည် စားသောက်ပြီးသော ပန်းကန်တို့ကိုယူ၍ အောက်သို့ ဆင်းသွားသည်။ သူသည် ကိုယ်ကို လျှော့ကာ ခေါင်းအုံးတွင်မှီ၍ မှိန်းနေသည်။

မကြာခင် ခြေသံနှင့်အတူ မသက်အသံသည် အခန်းဝတွင် ပေါ်လာသည်။

"မမ.. ဆရာကြီး အောက်မှာရောက်နေတယ်၊ ခေါ်ခဲ့ရမလား"

သူ့ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားသည်။ မျက်လုံးကို ရုတ်တရက်ဖွင့်၍ ဘာလုပ်ရမှန်း မသိသလို ကြောင်၍သွားသည်။

"ရောက်နေပြီလား"

သူ့အသံကို မတုန်အောင် မနည်းထိန်း၍ မေးလိုက်သည်။

"ဟုတ်ကဲ့"

"အေးလေ.. ခေါ်လိုက်"

ဘာ့ကြောင့်များ စိတ်လှုပ်ရှားရပါလိမ့်ဟု၍ သူ့ကိုယ်သူ ပြန်မေးနေမိပြန်သည်။ မျက်လုံးများသည် အခန်းဝကို ငေးကြည့်နေမိပြန်သည်။

အပြာနုရောင် ဂျပန်ပိုးတွန့်ခန်းဆီးသည် လေရှိန်ကြောင့် လှိုင်းအိများလို ငြိမ့်၍ လှုပ်ရှားသွားသည်။ ခန်းဆီးရှေ့တွင် ဦးမောင်မောင်ထွန်းကို ရုတ်တရက် တွေ့လိုက်ရ၏။ သူသည် မျက်လွှာကို အသာချကာ ငြိမ်သက်၍ နေလိုက်သည်။

"ဟော.. သီတစ်ယောက် အတော်နေကောင်းလာပြီနော်"

ဦးမောင်မောင်ထွန်း၏အသံသည် ရှင်လန်း၍ အောင်မြင်လှသည်။ သီသီသည် မျက်လွှာကိုပင့်၍ လှမ်းပြုံးလိုက်သည်။

"လာပါ.. ဒီမှာထိုင်ပါ ဆရာကြီး"

သီသီက ဆရာကြီးဟုခေါ်ပေမယ့် ဦးမောင်မောင်ထွန်းကမူ သူ့ကို သီတစ်လုံးပဲ အရျားဆွတ်၍ခေါ်သည်ကို သူက သတိထားလိုက်မိလေသည်။

mgyoe.com

mgyoe.com

ဦးမောင်မောင်ထွန်းသည် ခုတင်နှင့် အနီးဆုံးဆိုဖာတွင် ဝင်၍ထိုင်လိုက်၏။

"ပန်းတွေ ဘာတွေ ပန်လို့ အတော်နေကောင်းတယ်ထင်တယ်၊ သီ အိပ်ရာထဲ လဲနေတာ နက်ဖြန်ဆို တစ်လပြည့်တော့မယ်နော်"

သီသီသည် ဦးမောင်မောင်ထွန်းနှင့် ဘုရားခန်းတွင် နောက်ဆုံးတွေ့သောနေ့ကို မျက်စိထဲ သွား၍ မြင်လိုက်မိသည်။

"ဟိုတုန်းက ကလပ်မှာ မူးသွားပါသေးရောလား၊ အဲဒီကတည်းက ရောဂါက စ ချင်တာပါ၊ စိတ်တင်းအားကြီးလို့"

"အမှန်တော့ သီသို့မှာ ဘာရောဂါမှမရှိဘူး"

ဦးမောင်မောင်ထွန်းသည် သီသို့မျက်လုံးများကို စူးစိုက်၍ ပြောသည်။ သူ၏မျက်လုံးများမှာ တောက်ပ၍ တလက်လက်ဖြစ်လာသောကြောင့် သီသီသည် ဆက်မကြည့်ရဲတော့ပေ။

"ဆရာဝန်ကတော့ နှလုံးအားနည်းတယ်လို့ ပြောတာပဲ"

"ဟုတ်တာပေါ့၊ နှလုံးခန်းခြောက်နေတာ၊ အမှန်တော့ မေတ္တာမိုး တစ်ပေါက်လောက် ရွာပေးလိုက်ရင် သီ တစ်ယောက် ပြန်ပြီးရွှင်လန်းလာရမှာပေါ့"

သီသီသည် လုံးဝခေါင်းမဖော်တော့။ လက်များကို ဆုပ်နယ်ရင်း အပျိုလေးတစ်ယောက် မျက်နှာ မထားတတ်သလို ဖြစ်နေပြန်သည်။ ဘာကြောင့် ရှက်နေရသလဲ၊ ဘာကြောင့်မျက်နှာမထားတတ်ရပါသလဲ၊ ဦးမောင်မောင်ထွန်းစကားက ဘာများဆန်းလို့လဲ ဟူ၍ သူ့စိတ်ကိုသူ ပြန်မေးနေမိပြန်သည်။

"ကျွန်တော်တို့အိမ်မှာ ပွင့်တဲ့ပန်းတွေက ရှားလဲရှားတယ်၊ ဆေးနဲ့လဲ ပတ်သက်တယ်၊ သူတို့ရနံ့တွေက ရှူလိုက်ရင် နှလုံးနောက်ကျိုနေသူတွေအဖို့ ကြည်လင်သွားတာပဲ.. ရှူကြည့်ပါဦးနော်"

ဦးမောင်မောင်ထွန်းသည် သူ့အင်္ကျီဘေးအိတ်ထဲမှ လက်ကိုင်ပဝါနှင့်အထုပ်ကို ထုတ်ယူလိုက်သည်။ မတ်တတ်ရပ်၍ ခုတင်ဘက်တိုးကာ သီသို့လက်ထဲသို့ ပန်းထုပ်ကို ဖွင့်ပေးလိုက်လေသည်။ ပန်းများသည် အပွင့်သေး၍ နီနီထွေးထွေးဖြစ်နေသည်။ ပန်းပွင့်များကို သီသီက ငုံ၍ရှူလိုက်လေသည်။ ခေါင်းမော့လိုက်သည်တွင် ဦးမောင်မောင်ထွန်း၏ မျက်လုံးဝင်းဝင်းကြီးနှင့် မျက်နှာချင်းဆိုင်နေပြန်သည်။

နှစ်ယောက်လုံးသည် ငြိမ်သက်၍ နေသည်။ တစ်ခုခု လှုပ်ရှားနေသည်ဖြစ်စေ၊ စကားပြောနေသည်ဖြစ်စေ ကောင်းပေသေးသည်။ ယခုလို ငြိမ်သက်နေခြင်းမှာ နှစ်ယောက်ကြားရှိ လေဟာပြင်ထဲတွင် အဆုံးမသတ်နိုင်သော ဇာတ်ထုပ်များ ခင်းနေသလို အဓိပ္ပာယ်တွေ အများကြီးပေါ်နေလေသည်။

မသက်သည် ဦးမောင်မောင်ထွန်းအတွက် လက်ဖက်ရည်တစ်ပန်းကန်ကို လာ၍ ချသွားပြန်သည်။

လက်ဖက်ရည်သောက်ခြင်းသည် ဦးမောင်မောင်ထွန်းအတွက် လှုပ်ရှားခွင့် ရလာပြန်သည်။

mgyoe.com

mgyoe.com

"ဟိုနေ့ညကများ စိတ်ထဲမှာ မပြန်ချင်ဘူး၊ ရင်ခွင်ထဲမှာ ပျော့ခွေခွေလေး ပါလာတော့ သီ့ကို သနားလိုက်တာ၊ ခုလို နေမကောင်းတဲ့အခါမှာကော ဦးကြော့ရှင်းဟာ အနားမှာ မရှိဘူးလား"

သီသီသည် ခေါင်းကို ပို၍ငုံ့လိုက်၏။

"သူ အမြဲပဲ သွားနေသလား"

"မမေးပါနဲ့ ဆရာကြီးရယ်.. သီသီ့ကို သနားရင် သူ့အကြောင်းကို မမေးပါနဲ့"

သီသီသည် ပြောရင်း ငိုသံပါလာသည်။

"သူ့အတွက်ကြောင့်သာ ဆရာကြီးကို တွေ့ရတာပါ၊ သူသာ သီသီ့အနားမှာ မြဲခဲ့ရင် သီနဲ့ ဆရာကြီး တွေ့ကြဖို့ အကြောင်းမရှိပါဘူး"

"ဟင် ဘယ်လို.. ကျွန်တော်နဲ့ တွေ့ရတာဟာလား၊ ဝမ်းသာစရာမဟုတ်လား သီရယ်.. ပြောစမ်းပါ.. ဟင်"

သူသည် လက်ထဲမှ ပန်းကန်ကို ခုံပေါ်ချ၍ လှမ်းမေးလိုက်သည်။

သီသီသည် ရှိုက်၍နေမိပြန်သည်။

"ဝမ်းမနည်းပါနဲ့လေ.. အကြောင်းတရားပေါ့၊ မျက်ရည်တွေ သုတ်လိုက်ပါဦး၊ စိတ်ညစ်လာလို့ မူးလာဦးမယ်"

သူသည် ညင်သာလွန်းသောအသံမျိုးဖြင့် သီသီ့အနားသို့ ကပ်၍ ပြောလိုက်သည်။ သီသီ့ရင်ဘတ်ပေါ်ရှိ ပန်းထုပ်ကိုယူကာ နာခေါင်းဝသို့ တေ့ပေးလိုက်ပြန်သည်။

ယုယကြင်နာသော လေလှိုင်းသံတို့မှာ သီသီ့နှလုံးသားကို နှစ်သိမ့်စရာလို ဖြစ်လာပြန်သည်။

"ကျွန်တော့်စိတ်ထဲမှာတော့ ဦးကြော့ရှင်းနဲ့ သီတို့ ပြေပြေပြစ်ပြစ် မြန်မြန်ဖြစ်စေချင်ပါတယ်၊ ခုလို ကင်းကင်းကြီး နေကြတဲ့အချိန်ဟာ များလေလေ သီ့မှာလဲ ရောဂါက တိုးမှာပါပဲ၊ ပြီးတော့ အိမ်ထောင်သည် တစ်ယောက်ဟာ ခုလို မြင်ရုံသာမြင်ရ၊ မကြင်ရမယ့်ကိုယ် ဖြစ်နေတာဟာလဲ သဘာဝ မကျပါဘူး"

"ကျွန်မတို့ ဒီအကြောင်းကို ဆက်ပြီးမပြောကြရင် ကောင်းပါလိမ့်မယ်၊ ဘဝအကြောင်းတရားပဲပေါ့"

"ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ၊ သီတစ်ယောက်အတွက် စိတ်ပင်ပန်းလွန်းလို့ပါ၊ ဆေးဖယောင်းတိုင်ကိစ္စကလဲ မပြီးပြတ်သေးတော့ အစွမ်းလဲ မပြနိုင်သေးဘူး၊ ဒီလပြည့်မှာလဲ သီက မထိုင်နိုင်သေးတော့ ဆက်လက်ထွန်းဖို့ ကျွန်တော်လဲ စိတ်မကူးဘူး"

"ဆေးဖယောင်းတိုင် မထွန်းဘဲ ဆေးလုံးဆိုတာကော သုံးရင် မဖြစ်ဘူးလား"

သီသီသည် ယုံကြည်အားကိုးသော မျက်နှာဖြင့် မေး၍နေပြန်သည်။ ဦးမောင်မောင်ထွန်းသည် သီသီ့ကို ငေး၍ကြည့်နေ၏။ သီသီ၏မျက်နှာဝိုင်းလေးမှာ ဖြူလျော်လျော်ဖြစ်နေသော်လည်း မျက်လုံးများမှာ အရောင်တောက်စ ပြုလာပြန်သည်။ နှုတ်ခမ်းနှစ်ခုမှာမူ တင်းတင်းရင်းရင်းဖြစ်၍ မလာသေးပေ။ အိပ်ရာပေါ် ခွေနေသည်မှာ နေနွမ်းသော စံပယ်ကုံးလေးလို ပျော့ခွဲခွဲဖြစ်၍နေပေသည်။ သီသီ့

mgyoe.com

mgyoe.com

တစ်ကိုယ်လုံးကို အပြန်အလှန် ကြည့်လိုက်ပြန်သည်။ သက်ပြင်းကြီးချ၍ သီသီ့မျက်နှာကို စိုက်၍ကြည့်ပြန်သည်။ ယခုတစ်ခါတွင်မူ သီသီသည် မော်ဆရာကြီးတစ်ယောက် အညှိုခံနေရသလို ဦးမောင်မောင်ထွန်းကို စိုက်၍ကြည့်၏။ ရင်ခုန်သံနှစ်ခုသည် တိတ်ဆိတ်နေသော အခန်းတွင် ကြားရလောက်အောင်ပင် ပြင်းထန်နေသည်ဟု သူတို့စိတ်ထဲတွင် ထင်နေရလေသည်။

"ကျွန်တော် တစ်ခုပြောမယ်လေ"

ဦးမောင်မောင်ထွန်းသည် သူ့အသံကို နှိမ့်၍ပြောသည်။

"ဒေါ်ခင်မလေးတို့ ဘုရားခန်းမှာ သီနဲ့ တွေ့တုန်းက သီက ပြောတယ်လေ.. မေတ္တာဆိုတာ နှလုံးသားက အလိုလိုဖြစ်ပေါ်လာရတယ်ဆိုတာ..မှတ်မိသေးလား၊ အခု ဦးကြော့ရှင်းရဲ့မေတ္တာက လုပ်ယူရမှာပါ သီတယ်.. ဘာဖြစ်လို့ 'လုပ်မေတ္တာ' ကြီးကို လိုချင်ရတာလဲ"

သီသီသည် နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်သည်။ ခေါင်းကိုဖြည်းညင်းစွာ ခါလိုက်သည်။

"ကိုကို့မေတ္တာကလွဲလို့ ဘာမှ မလိုချင်ပါဘူး၊ ဒီလိုသာ နေသွားရရင် သီသီတော့ ဒေါ်ခင်မမကြီးလို သေမှာပဲ၊ စိတ်ထဲမှာ ထင်နေတာက လောကကြီးမှာ ငွေနဲ့ အဆောင်အယောင်တွေ ပြည့်စုံရင် စိတ်ချမ်းသာမယ် ထင်တာကိုး၊ တကယ်တော့ ဒီလိုလဲ မဟုတ်ဘူး"

"တကယ်ပဲ စိတ်ချမ်းသာချင်လား သီ"

သီသည် ခေါင်းအုံးကို မှီရာမှ ဖြည်းဖြည်းပင် ထ၍ ထိုင်လိုက်သည်၊ ဦးမောင်မောင်ထွန်း၏မေးခွန်းကို ခေါင်းညိတ်ဖြေလိုက်လေသည်။

ဦးမောင်မောင်ထွန်းသည် ထိုင်ရာမှ ထ၍ သီသီ့ဘက်သို့ တိုးသွားသည်။ သူ့ကိုယ့်ကို ညွတ်၍ သီသီ့မျက်နှာနားသို့ ကပ်လိုက်ပြန်သည်။

"သီ ကိုယ်နဲ့လိုက်ခဲ့ပါလားဟင်၊ သီနဲ့ကိုယ် တစ်နေရာရာကို ထွက်သွားရင် ဘယ်လောက်ပျော်စရာကောင်းမလဲ၊ ဟင်.. သီ"

ဦးမောင်မောင်ထွန်းသည် သီ၏ပခုံးများကို တင်းတင်းဆုပ်၍ မေးလိုက်လေသည်။ သူ့မျက်နှာတစ်ခုလုံးသည်လည်း သီသီ၏မျက်နှာပေါ်တွင် မိုး၍နေသည်။ သီသည် ကျောက်ရုပ်လို ငြိမ်သက်နေ၏။ လူသေလို ဖြူလျော်၍နေသည်။

"ပြောစမ်းပါ သီရယ်.. ဘာလို့ငြိမ်နေရတာလဲ"

ဦးမောင်မောင်ထွန်းသည် ခုတင်ပေါ်တွင် ဒေါးတိုက်ထိုင်၍ သီ့ကို တင်းတင်းကြီးပွေ့၍ မေးပြန်သည်။ ဖြူလျော်နေသော သီ၏ နှုတ်ခမ်းခြောက်ခြောက်လေးများပေါ်သို့ သူ၏ပူနွေးစိုစွတ်နေသော နှုတ်ခမ်းများကို တင်လိုက်သည်။ သီသီသည် အားလုံးကို သတိရနေ၏။ စိတ်ကတော့ တွန်းကန်လှုပ်ရှား၍ နေသည်၊ ရုန်းကန်နေသည်၊ မသင့်တော်သည်ကို ဆူညံစွာ အော်ဟစ်ပြောဆို၍ နေပေသည်။

သို့သော် ခန္ဓာကိုယ်က လှုပ်ရှားရုန်းထွက်၍ မရပါပေ။ ငြိမ်သက်ပျော့အိ၍ ဦးမောင်မောင်ထွန်း အလိုကျ လိုက်၍ဖြစ်နေပေသည်။

ဦးမောင်မောင်ထွန်းသည် သီ၏မျက်နှာလေးမှ သူ့မျက်နှာကို ခွာလိုက်၏။

mgyoe.com

mgyoe.com
"သီ.. ကိုယ်တို့ သွားရအောင်နော်"

ရစ်ပတ်နေသော ဦးမောင်မောင်ထွန်း၏လက်များကို သီသီက ဖြုတ်လိုက်လေသည်။

"မသွားဘူး.. မလိုက်ဘူး၊ အခု ကျွန်မတို့ မှားနေကြပြီဆိုတာ ကျွန်မစိတ်က သိတယ်၊ သီ မသွားဘူး.. သီ မလိုက်ဘူး"

သီသီသည် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ခေါင်းအုံးပုံတို့အပေါ်တွင် လှဲ၍ချလိုက်သည်။

"ခုမှတော့ ငိုမနေပါနဲ့ မရွှေသီ" အကယ်၍သာ တံခါးဝတွင် မိုးကြိုးပစ်ချမည်ဆိုလျှင် သီသီသည် ဒါလောက် ထိတ်လန့်မည်မဟုတ်ပေ။ သို့သော် ယခုစကားလုံးများမှာကား မိုးကြိုးပစ်သံထက် ပြင်းထန်၏။ သီသီ၏ အသည်းနှလုံးများကို ကွဲပြတ်သွားမတတ် ဖြစ်၍သွားပေသည်။

ဦးကြော့ရှင်းသည် တံခါးဝမှ ပိုးခန်းဆီးကိုဖယ်၍ အတွင်းသို့ တစ်လှမ်းချင်း ဝင်လာသည်။ သီသီ့ မျက်နှာသည် ယခုမှ လူသေမျက်နှာနှင့် တကယ်တူလာသည်။ တစ်ချက်ချက် ရင်ခုန်သံများဝေးသွား၍ လက်ဖျားများ အေးစက်လာလေသည်။ သူ့မျက်လုံးသည် ဦးကြော့ရှင်းမျက်နှာမှ ခွာ၍မရပေ။ ကိုကို့ မျက်နှာသည် ဒေါသအလွန်တရာ ထွက်နေသော လူတစ်ယောက်လိုလည်း မဟုတ်ပေ။ အေးစက်စက် ရီတီတီနှင့် ဘယ်လိုဖြစ်နေသည်ကို သီသီက မခန့်မှန်းတတ်ပေ။ သို့သော် ဤမျက်နှာထားမျိုးကို သီသီက ပို၍ကြောက်၏။

ဦးမောင်မောင်ထွန်းသည် ခပ်အေးအေးပင် ခုတင်ဘေးတွင် မတ်တတ်ရပ်လိုက်သည်။ သူတို့ နှစ်ယောက် မျက်နှာချင်းဆိုင်ကြလေပြီ။

"ဘယ့်နယ် ဦးမောင်မောင်ထွန်း.."

ဦးကြော့ရှင်းမျက်နှာသည် အေးအေးနှင့် ခပ်ပြုံးပြုံးဖြစ်နေသည်။ ဦးမောင်မောင်ထွန်းမျက်နှာကလည်း အပြစ်ကျူးလွန်ထားသူတစ်ယောက်လို အမူအရာများ မလှုပ်ရှားပေ။ ခပ်အေးအေးပင် ရပ်နေသည်။

"စံငွေပြောတာကို ကျုပ်က မယုံဘူး၊ ခင်ဗျားက ဒီမှာ စားကျက်ဖြစ်နေတာပေါ့၊ ဘယ့်နယ်လဲ ဒေါ်ခင်သီသီကလဲ မမာတာ အမေ၊ ခုလိုတော့ ကျန်းမာတယ်နော်"

သီသီ့ဘက်သို့ ပြုံး၍မေးလိုက်သည်။ သီသီ့နှလုံးသားထဲသို့ လှံစူးဝင်သွားသလို ရင်ထဲတွင် နင့်၍သွားသည်။ ခုအချိန်တွင် အသက်ထွက်သွားပါစေတော့ဟု၍ သီက ဆုတောင်းမိသည်။ နှုတ်ခမ်းလေးများကမူ တစ်စုံတစ်ရာ လှုပ်ရှား၍မရပေ။

"သို့ကို ဘာမှပြောမနေပါနဲ့ဗျာ.. သီ မမာတာဟာ အမှန်၊ သို့ကို ကျုပ်က သနားနေတာ၊ ချစ်နေတာ.."

"ဟဲ ဟဲ.. ခင်ဗျားက ကျုပ်မိန်းမကို ချစ်တယ်"

"ဒီမှာ ဦးကြော့ရှင်း၊ ခင်ဗျားလဲ ခုခေတ် ကလပ်လောကမှာ ကျင်လည်နေသူပါ၊ ခင်ဗျားတို့လဲ ညတိုင်း မိန်းမလဲနေကြတာပဲဟာ၊ ခင်ဗျားသာ အစက သီသီ့ကို 'ငါ့မိန်းမ' ဆိုတဲ့အနေနဲ့ သဘောပေါက်ခဲ့ရင် သီနဲ့ ကျုပ်တောင် မတွေ့ဘူး၊ ခုတော့ ခင်ဗျားပိုင်နက်ထဲမှာဆိုတော့ ကျုပ်အမှားတွေ
mgyoe.com

mgyoe.com

အများကြီးရှိပါတယ်၊ ကျုပ်ရဲ့ အညွန့်အဖူးတွေကို ကလပ်မှာ ခင်ဗျားက အများကြီး ခြွေခဲ့တယ်၊ ဒါပေမယ့် အခုကိစ္စမှာတော့ ကျုပ်က စေတနာ မေတ္တာ ရှိးရှိးပါ၊ ကလဲ့စားသဘော မပါဘူးဆိုတာ ယုံပါ၊ ကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ဦးမောင်မောင်ထွန်းသည် ခြေလှမ်းမှန်မှန် နင်း၍ အခန်းထဲမှ ထွက်သွားတော့သည်။

သီက ကိုကို့မျက်နှာကို လုံးဝမကြည့်ရဲတော့ပေ။ မျက်နှာကို လက်ဝါးနှင့်အုပ်ထားသည်ကိုမလုံဟုထင်ကာ ခေါင်းအုံးနှင့် ဖိ၍ထားလိုက်သည်။ ဦးကြော့ရှင်းသည် သီသီထင်သလို ပြင်းပြင်းထန်ထန်မဆူပွက်ပေ။ အထူးငြိမ်သက်၍နေ၏။ စကားတစ်လုံးမျှမပြောဘဲ ခုတင်ခြေရင်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်၍နေသည်။

ဤသို့ ငြိမ်သက်နေခြင်းကို သီက ပို၍ကြောက်သည်။

⁂

"သမီး.."

မာမီက ခေါ်လိုက်မှ သီက ပို၍ဝမ်းနည်းသွားသည်။ မာမီ၏ လည်ပင်းများကို ဆီး၍ ဖက်လိုက်သည်၊ ပြီးလျှင် ရှိုက်၍ ငိုနေပြန်သည်။ ညဥ့်က တစ်ညလုံးငိုထား၍ မျက်လုံးများကလည်း ရဲရဲနီနေသည်။

"တော်တော် နေကောင်းလာမှပဲ၊ ဘာဖြစ်လို့လဲ သမီးရယ်.. အခုတလော နေပွင့်လာပြီ၊ လမ်းလေး ဘာလေး လျှောက်ပေါ့၊ စိတ်ရွှင်အောင်လေ"

"ခက်တယ် မာမီ၊ သမီးစိတ်ကို ထိန်းလို့ရပါတယ်၊ သမီးရဲ့ခန္ဓာကိုယ်ကို ထိန်းလို့မရဘူး မာမီရဲ့"

"ဘာ.. ဘာပြောတယ်ကွယ်" မာမီက ရုတ်တရက် နားမလည်ပေ။ သီ့ကို အသာပင် ခေါင်းအုံးပေါ် လှဲ၍သိပ်လိုက်ရင်း မေးလိုက်သည်။ သီသီကလည်း သူ့စကားလုံးကို ထပ်၍ ရှင်းမပြတတ်ပေ။ မာမို့အား ညကအဖြစ်ကို ဖွင့်ပြောရလျှင် ကောင်းမလား၊ ဒီလိုပဲ နေရ ကောင်းမလား။ ဖွင့်ပြောမည်ဟု စိတ်တင်းလိုက်ပြန်သည်၊ သို့သော် သူ့ပါးစပ်က စကားလုံးများသည် ဘယ်ကစ ထွက်ရမှန်း မသိပေ။ "အမေဆိုတာ သားသမီးတွေရဲ့ မှီရာတည်ရာပဲ၊ အမေ့ကိုမှ ဖွင့်မပြောရင် ဘယ်သူ့ဖွင့်ပြောမလဲ" ဟု သူ့စိတ်ကို သူ အားပေးပြန်သည်၊ သို့သော် သူ၏ မထိန်းနိုင် မသိမ်းနိုင်သောအဖြစ်ကို မိဘများ လုံးဝ မသိစေလိုပေ။

"လူတွေ ပြောပြောနေတာက စိတ်ကို မထိန်းနိုင်လို့ မှားကြတယ်လို့ ပြောတယ် မာမီ၊ ဒါပေမဲ့ တစ်ခါတစ်ခါ စိတ်က သိတယ်.. ဒီအပြုအမူဟာ အမှားဆိုတာ၊ ဟောဒီ ခန္ဓာကိုယ်က တိန်းလို့မရဘူး"

"သမီးလေး.. ဘာမှားလို့လဲဟင်"

သီ၏ထပ်ကာထပ်ကာ ပြောစကားကြောင့် မာမီက စိုးရိမ်သွားသည်။ သို့သော် သူ့သမီးလေးသည် ငြိမ်သက်အေးဆေးသူဖြစ်သောကြောင့် ကိုယ်ခန္ဓာအမှားဟူ၍ မဖြစ်ပေါ်နိုင်ကြောင်းဖြင့် သူကနိုင်မြဲစွာ ယုံကြည်ထားပေသည်။

mgyoe.com

mgyoe.com

"ကဲ.. မာမီကိုယ်တိုင် ကြက်သားစွပ်ပြုတ် သွားလုပ်လိုက်ဦးမယ်၊ သမီးလေး ဒီနေ့စားလို့လဲ ကောင်းရမယ်၊ လမ်းလဲ လျှောက်ရမယ်"

မာမီက ရွှင်ရွှင်ပျပျပြော၍ သူ့အနားမှ ခွာသွားတော့သည်။

ယခုတလော ဦးကြော့ရှင်းကလည်း တစ်နေ့ညက ဖြစ်သည့်အကြောင်းများကို လေသံမျှပင် မဟပေ။ သို့သော် သီသီသည် ဦးကြော့ရှင်းကို မျက်နှာချင်းဆိုင်ရမှာ ကြောက်၏။ သူ့အပြစ်ကို ဘယ်လိုမျှ ဆေးကြော၍ မစင်ကြယ်နိုင်သည်ကို သိသည်နှင့်အမျှလည်း ရင်ထဲမှ လေး၍လေး၍ လာလေသည်။

"သီ.."

ဖြုန်းခနဲ ဦးကြော့ရှင်းသည် အခန်းဝတွင် ပေါ်လာလေသည်။ သီသီသည် ပါးစပ်ဟ၍ ငေးနေမိပြန်သည်။ တစ်ခါမှ ယခုလိုနေ့လယ်အိမ်သို့ ပြန်မလာဖူးပေ။ သီသီ့အနားသို့ ကပ်လာရင်း သီသီ့မျက်နှာကို စေ့စေ့ကြည့်ပြန်သည်။ သီသည် ကြောက်လွန်း၍ သူ့မျက်လုံးများကို စုံမှိတ်၍ ထားပေသည်။

"မနေ့ညက အဖြစ်ဟာ မျက်လုံးထဲမှာ ပေါ်နေတုန်းပဲလား သီ"

"သီ ကြောက်တယ် ကိုကိုရယ်.. မပြောပါနဲ့တော့" သီက တုန်တုန်ရီရီနှင့် တောင်းပန်လိုက်၏။

"တို့ယောကျ်ားတွေ အပြင်မှာ မယားတစ်ကာရှေ့နဲ့ ပွေနေဦးတော့ ကိစ္စမရှိဘူး၊ မိန်းမ တစ်ယောက်ဟာ ဒီလိုဖြစ်ရတယ်ဆိုတာ ဘယ်လောက် အသည်းကွဲဖို့ကောင်းလဲ.. ဟင်၊ ပြီးတော့ ဗမာမ တစ်ယောက်..."

"သီလဲ အသည်းကွဲရုံတင် မဟုတ်ပါဘူး၊ ရှက်လွန်းလို့ ကြေမွနေပါပြီ ကိုရဲ့"

သီသည် ပြောရင်း ဝမ်းနည်းဝမ်းသာဖြစ်လာသည်။ ဦးကြော့ရှင်းသည် သူ့အနားသို့ သားမယား တစ်ယောက်နှင့်တူအောင် ချဉ်းကပ်လာ၍ ဆုံးမနေပေပြီ။ ဘာပဲဖြစ်ဖြစ် ကိုကို့ခြေထောက်ကို စုံဖက်၍ လွန်သမျှ ဝန်ချတောင်းပန်လိုက်လျှင် ကိုကိုက ဘယ်နည်းနှင့်မဆို ခွင့်လွှတ်မည်မှာ မလွဲပေ။ ကိုကိုသည် သူ့အကျင့်များကိုလည်း ပြင်၍လာတော့မည်။

"အခု ဒီကိစ္စကို အဘိုးကြီးသာ သိလိုက်ရင်..."

"ဟင် ဘယ်လို... ကိုကို ဒက်ဒီ့ကို ပြောမယ်"

သီသည် ငုတ်ခနဲ ထထိုင်လိုက်၏။ အဖေဖြစ်သူသာ ဒီအကြောင်းသိလိုက်လျှင်တော့ အမယ်လေး...။

သီသည် ဣန္ဒြေကိုမျှ ထိန်း၍မရပေ။ ရုတ်တရက် ခုတင်ပေါ်မှဆင်း၍ ဦးကြော့ရှင်း ထိုင်နေသော ကုလားထိုင်ခြေရင်းတွင် ထိုင်လိုက်သည်။

"ကိုကို.. ဒက်ဒီ့ကိုပြောမယ်.."

သူသည် နတ်ပူးသလို တုန်ရီနေပေသည်။

"ခု မပြောသေးပါဘူး"

mgyoe.com

mgyoe.com

"မပြောပါနဲ့ ကိုကို.. သီတောင်းပန်ပါတယ်၊ သို့အမှားကို သီလဲ သိပါတယ်၊ ဒီလူနဲ့ ဆက်သွယ်မိတာလဲ ကိုကိုတစ်နေ့ သီသို့အပေါ် ပြန်ချစ်လိမ့်နိုးနဲ့ ဆေးတောင်းရင်းက ရင်းနှီးကြရတာပါ"

"ပိယဆေးလား၊ ဟား ဟား ဟား..."

ဦးကြော့ရှင်းသည် ဟက်ဟက်ပက်ပက် ကျယ်ကျယ်လောင်လောင် ရယ်လိုက်၍ သီသီသည် လိပ်ပြာလွင့်မတတ် လန့်သွားတော့သည်။

"ဟေဟေ.. ငါ့ကိုများ ဆေးနဲ့ လုပ်မတဲ့ကွယ်"

"မဟုတ်ပါဘူး ကို၊ သီလဲ စွဲမိစွဲရာပါ"

"အို.. ဒါတွေ ထားလိုက်ပါလေ၊ ကဲ.. သီဖြစ်ခဲ့တာတွေကို ဒက်ဒီတို့လဲ မပြောဘူး၊ အားလုံး မေ့လိုက်၊ သီလုပ်ခဲ့တာတွေကိုလဲ ခွင့်လွှတ်မယ်၊ ဘယ့်နယ်လဲ"

"ဟင်..."

သီသည် အိပ်မက် မက်၍ ကြောင်နေသလို ရုတ်တရက် ကြောင်သွားသည်။ ပြီးမှ မျက်နှာလေးမှာ နီရောင်သန်းကာ ရွှင်လန်း၍လာသည်၊ ကိုကို၏ ဒူးနှစ်ဖက်ပေါ်သို့ လက်လေးများကို တင်လိုက်သည်။

"ကို.. တကယ်လားဟင်"

"တကယ်ပါကွယ်၊ ဒါပေမဲ့ တစ်ခုတော့ ကိုကိုလိုတာကို ပေးရလိမ့်မယ်"

"ဘာလဲဟင်.. ဘာလဲ"

သီသည် အငမ်းမရ မေးမိ၏။ ဦးကြော့ရှင်းသည် ထုံးစံအတိုင်း သူ၏ 'ရေခဲအပြုံး' နှင့် ပြုံးလိုက်ရင်း..

"သို့မှာ ဝတ်နေတဲ့ လက်ဝတ်လက်စား စိန်တစ်ဆင်စာ အားလုံး ကိုကို့ကို ပေးရမယ်၊ ပေးလိုက်တဲ့အကြောင်းလဲ ဘယ်သူ့ကိုမှ မပြောရဘူးနော်"

ရုတ်တရက် သီက အံ့သြ၍ သွားသည်။ သို့သော် မိန်းမတစ်ယောက်လုံး၏ ဘဝဆုံးမတတ် အရှက် ကာကွယ်ရေးအတွက် ဤလက်ဝတ်လက်စားများမှာ နမြောစရာမဟုတ်ပေ။ သီသည် ခေါင်းလေးကို တညိတ်ညိတ်လုပ်လိုက်၍ ပေါ့ပါးစွာပင် ထိုင်ရာမှ ထလိုက်လေသည်။

ခေါင်းအုံးအောက်မှ သော့တွဲကိုယူကာ သူ့ဗီရိုကို ဖွင့်လိုက်လေသည်၊ ဗီရို၏အလယ်အံဆွဲထဲမှ သားရေသေတ္တာ တစ်ထွာကျော်ကျော်လောက်ကို ထုတ်ယူလိုက်သည်၊ သားရေအိတ်ကို ဦးကြော့ရှင်းလက်ထဲသို့ လှမ်း၍ထည့်လိုက်သည်၊ ဦးကြော့ရှင်းသည် အိတ်ကို ဖွင့်လိုက်၏။ နက်ပြာရောင် ဖဲအောက်ခံထား၍ စိန်နားကပ်များမှာ ဖိတ်ဖိတ်တောက်ပနေသည် ထင်ရပေသည်၊ တစ်ဖက်တွင် သုံးရတီခန့်ရှိ၍ ခဲသားကျ၍နေပေသည်၊ စိန်လက်ကောက် နှစ်တန်းသွား တစ်ရံနှင့် စိန်ကြိုးမှာ နားကပ်ဘေးတွင် ရစ်ခွေ၍ နေကြသည်၊ စိန်လက်ကောက် တစ်ဖက်စီ၏အလယ်၌ ခွ၍ထည့်ထားသော စိန်ကြိုး တစ်လုံးစီမှာလည်း သီသို့ကို နှုတ်ဆက်နေပုံရသည်။

mgyoe.com

mgyoe.com

သီသီသည် သူ့အပျိုတုန်းက ဝတ်သော ခြေကျင်းတစ်ရံကို နောက်ထပ် ထုတ်၍ လာပြန်သည်။ ဦးကြော့ရှင်းလက်ထဲသို့ ထည့်လိုက်၏။ ဦးကြော့ရှင်းမျက်နှာသည် စိန်များနှင့်အတူ တဖိတ်ဖိတ် တောက်ပလာသည်ဟု ထင်ရပေသည်။

သားရေသေတ္တာငယ်ကို ပိတ်လိုက်၍ ခြေကျင်းကို သူ့ဘေးအိတ်ထဲသို့ ဦးကြော့ရှင်းက ထည့်လိုက်သည်။ သီသီ့ကို မော့၍ပြုံးပြကာ ထိုင်ရာမှ ထသွားတော့သည်။

သူ့၏ပစ္စည်းများကို သီက လုံးဝမနမြောပေ။ သူ့တွင် နောက်ထပ်လိုချင်သည်ဆိုလျှင် ရနိုင်သေး၏။ မာမီ့တွင် သမီးတစ်ယောက်တည်း မဟုတ်ပါလား။ အစ်ကိုဖြစ်သူကလည်း ရှိတယ်ပင် မထင်ရအောင် အေးဆေးလှသည်။

သို့သော်လည်း သီက ဦးကြော့ရှင်းအမူအရာများကို နားမလည်ပေ။

ပြတင်းအနားသို့ ထ၍သွား၏။ အပြင်တွင် နေမှာ ခပ်ပြင်းပြင်း ပူ၍နေသည်။ မိုးရွာချိန်မှတစ်ပါး မိုးတွင်းသည် နေပူလျှင် ခပ်ပြင်းပြင်းပဲ ပူတတ်ပေသည်။ အဝေးရှိကတ္တရာစေးလမ်းကြီးမှာ နေရောင်နှင့် ပြောင်လက်လက်ဖြစ်နေပေသည်။

ကတ္တရာစေးလမ်းပေါ်တွင် တရိပ်ရိပ်ပြေးသွားသော ဦးကြော့ရှင်းကားကို သီသီက မျှော်၍ကြည့်လိုက်မိသည်။

ယခင်က အလွန်ချစ်ခင်ကြင်နာခဲ့ကြသော လင်မယား၊ အပြင်တွင် ပွေသည်ဆိုပေမယ့် အိမ်တွင်လည်း မယားအပေါ် အယုအယမပျက်ပေ။ ဤပြုံးရွှင်ချိုသာသော မျက်နှာကြောင့် သီသီသည် အရွးမကြီး တစ်ယောက်လို ကိုကိုလိုမ့်သမျှ ငြိမ်ခံခဲ့ရပါ၏။ ယခု နေ့ခင်းတွင် တွေ့လိုက်ရသော ဦးကြော့ရှင်းမျက်နှာကတော့... သီသည် ယခု တွေးမိသောအချိန်တွင်ပင် ကျောစိမ့်၍သွားပေသည်။

လင်မယား၏ အမူအရာများနှင့် မတူကြတော့၊ ငွေညှစ်ခံလိုက်ရသူလိုလို စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်၍နေပေသည်။ ကိစ္စတစ်ခုခုဖြစ်လာလျှင် ကိုယ့်လင်သားအတွက် ကြေးငွေတွင်မက အသက်ကိုပင် ပေးအပ်ရမည်ဖြစ်သော်လည်း ယခု ပေးလိုက်ရခြင်းကို သီသီ့ရင်ထဲတွင် မကျေနပ်ပေ။ နှုတ်ပိတ်ခ ပေးရသလိုဖြစ်နေပေသည်။ သို့သော် သူ့၌ အပြစ်ရှိခဲ့ပေသည်။ ဒီအပြစ်ကြီးအား ဘယ်လိုများ ဆေးကြော၍ ပစ်ရပါမည်နည်း။

ယခင်က ကိုကို့ကို ကြောက်ရသည်မှာ တစ်မျိုးဖြစ်သည်။ စိတ်မထင်လာလျှင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်၍ ရလေသည်။ ယခုတော့ လုံးဝအလျှော့ပေးရတော့မည်။ ကိုကိုကြိုးဆွဲသည့်အတိုင်း လိုက်၍ က,ရပေမည်။

မနေ့ညက အဖြစ်သည် အိပ်မက်ဖြစ်လျှင်လည်း ကောင်းပါ၏။ မေ့ပျောက်၍ ရကောင်းသော အကြောင်းတရားဖြစ်လျှင်လည်း ဘယ်လောက်များ အဖိုးတန်မည်လဲ၊ သီက သူ့ကိုယ်သူ နမြော၏။ ဖြစ်ခဲ့ရသော အချိန်ပိုင်းလေးကိုလည်း အံ့ဩမိပြန်သည်။ ရှည်လျားလှသော နှစ်ပိုင်းများဖြင့် နေကြသည့် လူ့ဘဝ၏ အပြောင်းအလဲကို ဤမိနစ် စက္ကန့်ပိုင်းလောက် မထိန်းသိမ်းနိုင်မှုလေးက ပြောင်းလဲပစ်လိုက်ပါပကော။

mgyoe.com

mgyoe.com

သီသည် ရိုးသားသူ၊ ကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်သူ မိန်းကလေးတစ်ယောက် မဟုတ်တော့ပေ။

ပြတင်းကို ပစ်၍မှိုကာ ပါးစပ်ဟ၍ အသက်ရှူနေမိသည်။

"တစ်ခါတလေတော့လဲ ပတ်ဝန်းကျင်က ပိလာတဲ့ဒဏ်ကို မခံနိုင်ဘူး၊ အတွေ့အထိ အာရုံတွေကလဲ ဆွဲဆောင်လာတော့ ကျွန်မတို့မှာ လိမ့်ပါသွားတာပဲ" မျက်လုံးထဲတွင် နွဲ့၏မျက်နှာနှင့် တတွတ်တွတ် ပြောနေသော နှုတ်ခမ်းများကို သွား၍မြင်လိုက်သည်။ ဟိုစဉ်ကတော့ 'အာရုံတို့၏ဆွဲဆောင်မှု' နှင့် 'ပိလာသောဒဏ်' ဟူသော စကားလုံးများကို ရယ်မောပြောင်လှောင်စရာလို သီသီက သဘောထားခဲ့၏။ မိန်းမပျက်တို့၏ 'လက်ကာ ချေပ' သော စကားလုံးများဟူ၍ သီက ရှုတ်ချခဲ့၏၊ ရွံရှာ၏။

ယခုတော့ သီကိုယ်တိုင် တွေ့ရလေပြီ။ ငွေကြေး ဂုဏ်ပကာသနများ သူ့တွင် လုံးဝမလိုတော့ပေ။ သို့သော် ညဉ့်က တွေ့ရသောအာရုံကို ဘာကြောင့် ရှန်းကန်ဖယ်ရှား၍ မပစ်နိုင်ပါသနည်း။ ဘာကြောင့် စိတ်က မှားမှန်းသိပေမယ့် ဤခန္ဓာကိုယ်သည် အတွေ့အထိများကို လိုက်လျောပါသနည်း။

"ဘုရား ဘုရား.. နွဲ့တစ်ယောက် ကောင်းရာသုဂတိသို့ လားပါစေ၊ ဘဝဆက်တိုင်း စိတ်နဲ့ ခန္ဓာကိုယ် နှစ်ခုလုံးကို ထိန်းသိမ်းနိုင်တဲ့ အာသဝေါကုန်ခန်းတဲ့တရားတွေကို ရှာဖွေတွေ့ရှိပါစေ..."

သီသည် အသံမထွက်ဘဲ အရူးမကြီးလို တတွတ်တွတ် ရွတ်၍နေပေသည်။

"သမီးလေး.. မူးနေပြန်ပြီလား"

မာမီသည် သူ့ပခုံးကိုကိုင်၍ မေးနေလေသည်။ သူသည် အရက်သောက်လွန်း၍ ကိုယ်ကို မထိန်းနိုင်၊ မျက်လုံးကို မသိမ်းနိုင်သူလို မျက်လွှာကို မနိုင့်တနိုင်ပင့်၍ မာမီ့ကို မော့ကြည့်လိုက်သည်။

"ကြက်သားစွပ်ပြုတ် သောက်မယ်လေ၊ ဒေါက်တာစံလွင်က နက်ဖြန်ကစပြီး ထမင်းလဲ စားနိုင်ပြီတဲ့"

မသက်သည် အိပ်ရာဘေးတွင်ရှိ စားပွဲဝိုင်းပေါ်တွင် ကြက်သားစွပ်ပြုတ်ပန်းကန်နှင့် ပေါင်မုန့်ပန်းကန်များကိုတင်ထားလိုက်သည်။ မသက်နှင့် မာမီကိုတစ်လှည့်စီကြည့်ရင်း သူသည် ခပ်ယိုင်ယိုင်စုတင်ရှိရာသို့ လျှောက်သွားတော့သည်။

*

သီတင်းကျွတ်၍ မိုးသားများ ကင်းစင်စပြုလာလေသည်။ နေရောင်ခြည်သည်လည်း ပွင့်လင်း၍ တောက်ပလာ၏။ ပတ်ဝန်းကျင်သည် စိုထိုင်းထိုင်း အုံ့မှိုင်းမှိုင်းကြီး မဟုတ်ပေ၊ နက်သော ကတ္တရာလမ်းပေါ်ရှိ ဘတ်စ်ကားများပေါ်တွင် သင်္ကန်းရောင်များ ထိန်ထိန်ဝါလာလေသည်။ ဝါကျွတ်ပြီဖြစ်၍ သံဃာတော်တို့သည်လည်း ကြွလိုရာသို့ လွတ်လပ်စွာ ကြွသွားကြပေတော့မည်။

မှန်ပြတင်းပေါက်သို့ ကြည့်လိုက်လျှင် သွေ့ခြောက်စပြုနေသော မြေနီလမ်းသည် ပန်းရုံများကြားတွင် မြွေကြီးတစ်ကောင် လွန့်နေသလိုကွေ့ကောက်၍သွားပေသည်။ မြေနီလမ်းဘေးတွင် မြက်စိုတို့သည် ခြောက်စပြုလာလေသည်။ လိပ်ပြာလေးများနှင့် ပုစဉ်းငယ်များသည် ပန်းခြံဘေးတွင် လွတ်လွတ်လပ်လပ်ကြီး ပျံနေကြသည်။

mgyoe.com

မြတ်လေးပင်ကို ပန်းခုံလုပ်ထားသော သစ်သားတန်းပေါ်တွင် ပုစဉ်းကောင်များသည် လေယာဉ်ပျံများလို တန်း၍နေ၏။ လေအဝှေ့လိုက်တွင် လေယာဉ်ပျံများ ဝဲပျံသလို ထ၍ပျံကြပြန်သည်။

ပျံလွှားငှက်ငယ်များသည် ဝါသောနေရောင်ခြည်ကို ဖြတ်သန်း၍ ကောင်းကင်ပြာဆီသို့ ပျံတက်သွားသည်။ တိမ်ညိုများ ကင်းစင်စပြုသော ကောင်းကင်ပေါ်တွင် အဆုံးအစမရှိသော ကမ္ဘာကို ရှာဖွေ၍ နေကြ၏။

"သွားမယ်.. ငါလဲ သွားမယ်၊ ပျံလွှားလိုလဲ ပျံမယ်၊ လိပ်ပြာလိုလဲ ပန်းပွင့်တွေအနားမှာနေမယ်၊ ဒီအိမ်ကြီးက ငှက်လှောင်အိမ်လိုပဲ လှတော့လှတယ် အရသာ တစ်ချက်မှမရှိဘူး"

သီသည် မှန်ပြတင်းတွင် မတ်တတ်ရပ်ရင်း အသံထွက်အောင် ပြောနေသည်။ သူ့စိတ်သည် အဝေးရှိ နေခြည်တန်းများပေါ်သို့ ရောက်၍သွား၏။ ပျံလွှားငှက်လေးများနှင့် အတူလိုက်ပါသွားသော အခါ ရှင်းလင်းလွတ်လပ်သွားလွန်း၍ စိတ်ထဲမှာ အေးခနဲဖြစ်သွားပြန်သည်။

"မမက.. ဘယ်ကို သွားချင်တာလဲ"

မသက်သည် မှန်တင်ခုံပေါ်မှ အလှစိုက်ပန်းကိုပြင်ရင်း မေးလိုက်၏။

"တစ်နေရာရာကိုပေါ့၊ မြေကြီးက အကျယ်ကြီးပါ၊ ဒီကမ္ဘာမြေကြီးပေါ်မှာတော့ ဒီအိမ်ကြီးထက် ပြန့်ပြူးတဲ့နေရာ တစ်နေရာ ရှိမှာပဲ၊ နင့်အနေနဲ့ စဉ်းစားကြည့်စမ်း မိသက်.. ဒီအိမ်ပေါ်မှာ ငါကပြရတဲ့ ဇာတ်ထုပ်ကြီးက ကြာလဲကြာလှပြီ၊ ဘာမှလဲ မပြောင်းလဲဘူး၊ နင် မပျင်းဘူးလားဟင်.. မပျင်းဘူးလား၊ ငါ့ရုပ်ကို ကြည့်စမ်း.. ပိုးဟပ်ဖြူလေးနဲ့ မတူဘူးလား"

မသက်သည် လန့်သွားသလိုဖြစ်ကာ သီသီ့ကို စိုက်ကြည့်သည်။

"မမ.. တကယ်သွားမှာလား"

"အေးပေါ့"

"ကိုကိုကြီးက ခွင့်လွှတ်ပါ့မလား"

"ဆရာဝန် တစ်ယောက်လုံးရှိတယ်၊ ဒေါက်တာစံလွင်က ကလပ်မှာ သူနဲ့တွေ့ရင် ငါ့ကို တစ်နေရာရာ လွှတ်ဖို့ ပြောမယ်တဲ့၊ ငါသွားမယ်.. စိတ်ရှိသလောက် လည်မယ်၊ အိုလေ.. အဲဒီလိုသာ သွားလိုက်ရင် ငါ.. ငါ.. ဘယ်လောက် ပျော်လိုက်မလဲ"

သီသီသည် မျက်နှာကို မော့၍ လက်လေးနစ်ဖက်ကို ဖျစ်ကာ ကလေးတစ်ယောက်လို ဝမ်းသာ အားရ ပြောလိုက်၏။ သူ့မျက်လုံးလေးနစ်လုံးသည် အပျိုစင်ဘဝတုန်းကလို ကြည်လင်တောက်ပလာ၍ မသက်ပင် ပျော်ပျော်ရွှင်ရွှင်ဖြစ်၍လာသည်။ သီသည် ခုတင်အနားသို့ လျှောက်၍သွားကာ အိပ်ရာပေါ်တွင် ပစ်လှဲလိုက်၏။

"စိတ်က မပျော်ရင် ဒေါ်ခင်မမလို သေမှာ၊ လူတစ်ယောက် ဆိုးသွမ်းမှုအတွက် လူကောင်းတစ်ယောက်က အသေမခံနိုင်ဘူး မသက်၊ ဟုတ်တယ်မဟုတ်လား ဟင်"

အကြီးအကျယ် ပြောင်းလဲနေသော သူ့မမကို မသက်သည် တအံ့တသြ ကြည့်နေပြန်သည်။

"ငါတော့ ပင်လယ်ကမ်းစပ်ကိုလဲ သွားမယ်၊ ခု နွေပေါက်လာပြီ၊ ဟိုမှာ လေ့လှော်မယ်၊ ရေကူး

မယ်၊ ပြီးတော့ ကလောဖြစ်ဖြစ် မေမြို့ဖြစ်ဖြစ် သွားမယ်၊ ခေတ်ကောင်းလို့ တောကောင်းရင် ဒက်ဒီနဲ့ ငယ်ငယ်တုန်းက တောတက်သလို တက်လိုက်ချင်တယ်"

သူသည် ခြင်ထောင်အမိုးကို ကြည့်ကာ တတွတ်တွတ် ပြော၍နေလေသည်။

"ညနေ ငါးနာရီထိုးရင် မေမေကြီး လာခေါ်မယ်ဆိုတာ မမ သတိရသေးလား" မသက်က သူ့ကို သတိပေးလိုက်၏။

"ဟေ.. အေး ဟုတ်ပါရဲ့ ငါ မေ့နေလိုက်တာ၊ ဒေါ်ခင်မလေးတို့ ဘုရားကိုးဆူ သွားရမယ်" သူသည် သူ၏စိန်များကို သွား၍ သတိရလိုက်မိ၏။ မာမိကများ မေးနေမလား။

"ဘုရားကိုးဆူဆိုတော့ စိန်တွေ ဘာတွေ ဝတ်ဖို့ မလိုပါဘူးနော် မသက်၊ အံဆွဲထဲမှာ ကျောက်စိမ်း လက်ကောက် အပျော့ရှိတယ်၊ ကြယ်သီးလဲ ကျောက်စိမ်းပဲ တပ်လိုက်ဟော့၊ လုံချည်ကတော့ အမေရိကန် ပိုးတွန့်အပျော့ထဲက တစ်ထည်ထည် ခပ်ရိုးရိုးပဲ ကောင်းပါတယ်နော်"

လျှာသွက်အာသွက် ဖြစ်လွန်းနေသော သီသို့ကို မသက်က စိတ်များပင် ဖောက်၍နေသလားဟူ၍ အံ့သြနေလေသည်။

ညနေ ငါးနာရီတွင်မှ သီသီသည် အစိမ်းဖက်ရင် ပြင်ဆင်၍ မာမိနှင့်အတူ ထွက်လာသည်။ ယခုပွဲမှာ ဘုရားကိုးဆူ ပူဇော်ပွဲဖြစ်၍ သီသီ၏ ခပ်ရိုးရိုးပြင်ဆင်မှုကို မာမိက သံသယမရှိပေ၊ စိန်များ အကြောင်းကိုလည်း သတိမရပေ၊

သို့သော် သီသို့ရင်ထဲတွင်မူ စိန်များအကြောင်းကို မေးမလားနှင့် တထိတ်ထိတ် ဖြစ်၍ နေပေသည်၊ မာမို့မျက်နှာကို တစ်ချက်တစ်ချက် လှမ်း၍ကြည့်ရင်း သက်ပြင်းတချချ ဖြစ်၍နေပေသည်၊

"မာမိ.."

"ဟင်.." မာမိက သူ့ကို စေ့စေ့စိုက်ကြည့်လိုက်သောကြောင့် သူသည် မျက်နှာမထားတတ်သလို ဖြစ်၍နေသည်၊

"မိန်းကလေးတစ်ယောက်ဟာ သူ့အရှက်ကာကွယ်ဖို့အတွက် သူ့ငွေတွေ ပုံပြီး ဖုံးသင့်သလားဟင်"

"ဖုံးသင့်တာပေ့ါကွယ် ဖုံးသင့်တာပေ့ါ၊ မိန်းမတစ်ယောက်အဖို့ အရှက်တရားထက် အရေးကြီးတာ ဘာများရှိဦးမှာလဲ"

"ဒါပေမဲ့ ရှက်ရတဲ့အကြောင်းက ငွေနဲ့ဖုံးလိုက်လို့လဲ ပျောက်မှာမဟုတ်ဘူးနော်"

"ဘာကို ပြောနေတာလဲ၊ စိတ်ပြေလက်ပျောက် အပြင်ကို ထွက်လာတဲ့အခါ စိတ်ရွှင်ရွှင်နေစမ်းပါကွယ်၊ ခုတလော နေမကောင်းပြီးမှ ပြောတာတွေဟာ သိပ်ဆန်းတာပဲ"

"မာမို့ကို မပြောရင် ဘယ်သူ့ကိုပြောရမလဲ၊ မာမိကလဲ သမီးအနားမှာ မရှိဘူး၊ ဘယ်သူမှလဲ မရှိဘူး၊ တစ်ခါတလေ သိပ်ခက်တာပဲ"

သီက နှုတ်ခမ်းစူ၍ ခပ်ဆောင့်ဆောင့်ပြောကာ ကားညာဘက်ကို ကြည့်၍လိုက်လာသည်၊

mngyoe.com

mgyoe.com

"သမီးက စိတ်တိုတာကို၊ သမီးစကားလုံးတွေ မရှင်းတာကို မာမီက ပြောတာ၊ ဘာကို ဆိုချင်တာလဲ"

သီသည် ဆိုချင်သည့်အကြောင်းကို ရှင်းရှင်းလည်း မပြောရဲပေ။ သူ့ပြစ်မှုသည် တဖြည်းဖြည်းနှင့် မေ့ပျောက်သွားမည်လား။ တစ်ကြောင်းကြောင်းကြောင့်များ လူသိရှင်ကြား ဖြစ်လာမည်လား။ လူသိရှင်ကြား ဖြစ်လာလျှင် ဘာဆက်၍ လုပ်ရမည်နည်း၊ ခေါင်းမှာ တွေးရင်း အနည်းငယ်ဝေလာသည်၊ ဒီအကြောင်းကြီးကို တွေးရသည်မှာ စိတ်ပင်ပန်းလှသည်၊

"ဘာမှ မဟုတ်တော့ဘူး မာမီ၊ ဘာမှမဟုတ်ဘူး၊ ရှေ့အပတ်မှာ သမီး ခရီးထွက်မယ်၊ မာမီလဲ လိုက်ခဲ့.. မသက်လဲ ပါမယ်၊ ဒါပဲ"

မာမီသည် သီ၏အမူအရာများကို အကဲခတ်၍ မရနိုင်အောင် ငေးငိုင်၍ ကြည့်နေမိပေသည်၊

ကားသည် ရွှေတောင်ကြားလမ်းကို ချိုးဝင်လာ၍ ဒေါ်ခင်မလေးတို့ဝင်းဘက်ကို မောင်းလာသည်၊

ခြံဝင်းသည် ယခင်တစ်ခါ လာသလို ရှုပ်ပွပွ မှိုင်းအုပ်အုပ် မဟုတ်တော့ပေ၊ မြက်ခင်းများကို ညှိထား၍ ခြံစည်းရိုးရှိ ဝါးပင်များကိုလည်း သပ်သပ်ရပ်ရပ် ကိုက်ဖြတ်၍ ထားပေသည်၊

ပန်းခြံလေးတိုင်းတွင် မီးလုံးရောင်စုံလေးများ သွယ်၍ထားလေသည်၊

အိမ်ခေါင်းရင်းဘက် ဘုရားခန်းမှ မီးရောင်များ ဖြာထွက်နေ၍ ခြံဝကပင် ဘုရားခန်းကို လှမ်း၍ မြင်နေရပေသည်၊

မှောင်စ ပျိုးလာမှ အိမ်ကြီးနှင့် ခြံမှာ ပိုမို၍ လှပလာသည်၊ ဧည့်သည်များသည် ဘုရားခန်းရှိရာ အပေါ်သို့ တက်လိုက်၊ ဧည့်ခံရာ အောက်ထပ်သို့ဆင်းလိုက်နှင့် လှေကားတွင် ရှုပ်ရှက်ခတ်၍ နေပေသည်၊

ဒေါ်ခင်မလေးသည် သူ့ခင်ပွန်းသည်နှင့် အတူယှဉ်တွဲကာ ဧည့်သည်များကို ဆီးကြို နှုတ်ဆက် ဧည့်ခံ၍နေပေသည်၊

သီသည် ဧည့်ခန်း၏ ချောင်ကျကျထောင့်တွင် ငြိမ်ငြိမ်သက်သက် ထိုင်၍ ဧည့်သည်များနှင့် ဒေါ်ခင်မလေးကို ကြည့်နေသည်၊

ဒေါ်ခင်မလေးသည် ယမန်နှစ်များကထက်ပင် နုပျိုရွှင်လန်း၍ နေပုံရလေသည်၊ အနားတွင် ကပ်၍ မားမားရပ်ကာ လိုက်ပါနေသော ခင်ပွန်းသည် ဦးခင်မောင်လတ်၏အရိပ်မှာ ဒေါ်ခင်မလေးအတွက် ကျက်သရေတစ်ခုလိုပင် တောက်ပနေသည်ဟု သီက ထင်သည်၊

"ဟော.. လူစီသက်ဖေပါလား၊ ကြွပါ.. ကြွပါ"

သီ့မျက်လုံးများသည် ဧည့်ခန်းဝသို့ ရောက်သွားပြန်သည်၊

ဒေါ်ခင်မလေးသည် လူစီ့လက်ကို ဆွဲယူဖျစ်ကာ နှုတ်ဆက်လိုက်သည်၊ လူစီ၏ နှင်းဆီရောင် နှုတ်ခမ်းများသည် ဖြည်းညင်းစွာ ဖွင့်၍ ညင်သာစွာ ပြုံးပြလိုက်သည်၊ မီးရောင်အောက်တွင် သူ့မျက်လုံးသည် တဖျပ်ဖျပ် တောက်ပလာလေသည်၊ အိမ်ထဲဘက်သို့ လျှောက်အလာတွင် ကြွေ့ရှင်းသော

mgyoe.com

mgyoe.com

ကိုယ်မှာ မက်မောစရာကောင်းအောင် လှပနေပေသည်။ ဖွံ့သောရင်များကမူ တစ်ညသောအခါက ဦးကြော့ရှင်းရင်ခွင်ထဲက လှုစီကို သီက ပြန်၍မြင်ယောင်လာအောင် အစဖော်၍ ပေးနေပေသည်။

နိုင်လွန်အဖြူလက်တိုနှင့်ဖြစ်၍ လက်ကောက်ဝတ်တွင် စိန်ပွင့်များသည် တဖျပ်ဖျပ်တောက်ပနေသည်ကို ထင်ရှားစွာ မြင်နေရပေသည်။

ဧည့်သည်များအားလုံးလိုလို လှုစီကို ဝိုင်းဝန်းနှုတ်ဆက်နေသည်။ လှုစီ၏ ရယ်မောသံ၊ စကားပြောသံနှင့် တဖျပ်ဖျပ်တောက်ပနေသော စိန်ရောင်များသည် လုံးထွေးရောယှက်၍ သီသီ့မျက်လုံးထဲတွင် ချာချာလည်၍လာသည်။ ကိုယ်ကျင့်တရားထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌကြီး ဦးဇော်ဝင်းကိုယ်တိုင်ကလည်း လှုစီကို ဖော်ရွေစွာ နှုတ်ဆက်၏။

"ဟော... သီပါလား၊ နေကောင်းပြီလား၊ မတွေ့ရတာ ကြာပြီ"

လှုစီ၏အသံသည် သူ့အနားတွင် ပေါက်ကွဲလာသလို ဖြုန်းခနဲ ပေါ်လာ၍ သီက လန့်သွားသည်။ လှုစီသည် ကိုယ်ကိုညွတ်၍ သူ့လက်များကို ဆုပ်နယ်လိုက်သည်။

"သီ... ခု နေကောင်းသွားပါပြီ" သီသည် ဘာကို ဆက်၍ပြောရမှန်းမသိပေ။ ရုတ်တရက် စကားစပြတ်သွားကာ လှုစီ့လက်ကို ကြည့်လိုက်သည်။ လှုစီ့လက်ရှိ စိန်လုံးများသည် သခင်ဖြစ်သူ သီအားကြည့်နေသလို ဖြစ်နေသည်။ သူ့လက်ကောက်ကို သူ အသေအချာ မှတ်မိပေသည်။ အလယ်တည့်တည့်တွင် ထည့်ထားသော စိန်ကြီးသည် တခြားအလုံးများနှင့် ရွယ်တူမဟုတ်ပေ။

လှုစီသည် ခပ်အေးအေးပင် သူ့လက်ကို လွှတ်၍ တခြားလူများထံသို့ ထွက်သွားတော့သည်။

သီသည် မာမို့ကို လိုက်၍ရှာ၏။ မာမိသည် ဧည့်သည်တစ်စုနှင့် ခပ်လှမ်းလှမ်းတွင် စကားပြော၍နေပေသည်။ သူသည် ထိုအုပ်စုနှင့် လှုစီတို့ တရှုန်းရှုန်းဖြစ်နေသည်ကို တာရှည်ကြည့်၍ မနေနိုင်ပေ။

အသာထ၍ နောက်ဘက်တံခါးမကြီးမှ အိမ်ပြင်သို့ ထွက်လိုက်သည်။ လရောင်အောက်တွင် မီးလုံးများ ပွင့်နေသော ပန်းချုံလေးများကို မြင်နေရသည်။ သီသီသည် မြေနီလမ်းငယ်တစ်ခုမှ ပန်းရုံများရှိရာသို့ ပတ်၍ ပတ်၍ လျှောက်နေသည်။ သူ့၏ စိန်လက်ကောက်သည် လှုစီ့ထံသို့ ဘယ်လိုရောက်၍သွားသည်ကို မတွေးတတ်ပေ။ ဦးကြော့ရှင်းသည် လှုစီနှင့်ပင် ဆက်နေကြ၍ လက်ဆောင်အဖြစ် ပေးလိုက်လေသလား။

ခေါင်းထဲတွင် မူးဝေဝေဖြစ်လာ၍ ပန်းချုံတစ်ခုဘေးရှိ ခုံလေးတွင် ထိုင်ချလိုက်လေသည်။ ပန်းရနံ့များသည် ခြံထဲတွင် ပျံ့လွင့်၍နေလေသည်။

ကောင်းကင်ကို မော့ကြည့်ရင်း သူ့ဘဝကို သီသီသည် အံ့သြနေမိပြန်သည်။ လဝန်း၏ ပင်ကိုစာတ်နှင့် အသွင်အပြင်သည် အေး၏၊ ကြည်လင်၏၊ စင်ကြယ်သန့်ရှင်းပေသည်။ သို့သော် တိမ်တိုက်များသည် လဝန်းကို ဖြတ်၍ဖြတ်၍ သွားကြသောအခါ လဝန်းသည် ညှိုးမှိုင်း၍ သွားပြန်သည်။

တစ်ယောက်ယောက်ကို ဖွင့်၍မေးချင်သည်၊ ပြောချင်သည်။ ဦးကြော့ရှင်းက သူ့အား တစ်ယောက်တည်း ပစ်ထားသည်မှာ ကြာရှည်လာ၍ ဦးမောင်မောင်ထွန်း၏ရင်ခွင်သို့ ရောက်ရှိပါသည်ဟု

mgyoe.com

mgyoe.com

ဆိုလျှင် သူ့ကို လူများသည် ခွင့်လွှတ်လေမည်လား။ လူတွင်ပါလို့ နွားကျားကိုက်သည်ဟုပင် ဆိုလေမလား။

"ငါ့ကို ဘယ်သူက ဂရုစိုက်မှာလိုက်လို့၊ ဘယ်သူမှလဲ ငါ့အကြောင်းကို မသိပါဘူး၊ ငါ့ဟာငါ ပင်ပန်းတကြီး တွေးနေတာ၊ ကိုကိုရယ် ဦးမောင်မောင်ထွန်းရယ် ငါရယ်.. ဒီသုံးယောက်ပဲ သိတယ်၊ ဘယ်သူကမှလဲ ဒီအကြောင်းကို စကားလုပ်ပြီး ပြောရဲမှာမဟုတ်ဘူး"

သူသည် စိတ်ပြန်၍ တင်းလိုက်၏။ အသက်ရှူရသည်မှာ သက်သောင့်သက်သာဖြစ်လာကာ ခေါင်းနည်းနည်း ကြည်လင်၍လာသည်။

မာမိသည် ဘာမဆို စိတ်ပင်ပန်းအောင် လေးလေးနက်နက် တွေးလွန်းသည်၊ သူ့ကိုလည်း ဒီလိုပင် တွေးခေါ်တတ်အောင် လေ့ကျင့်ပေးသည်ကို သူ မကြိုက်ပေ။

ယခုလို မေ့ပျောက်ရအောင် ကြိုးစားလာနိုင်သည်ကို သီသီက ဝမ်းသာလာမိသည်။

"သီ.."

သီသည် အသံရှင်ကို သိ၏၊ အသံရှင်သည် သူ့ကို စိုးမိုးနိုင်သူ ဖြစ်သည်၊ ထိုအသံ၏ လွှမ်းမိုးမှု အောက်တွင် သူ နာခံကျိုးနွံခဲ့ရသော အချိန်ပိုင်းများကို ချက်ချင်း သတိရလာသည်။

"သီသီတစ်ယောက်တည်း ဘာတွေးနေလဲဟင်၊ ဧည့်ခန်းထဲမှာကတည်းက လာစကားပြောမလို့ စိတ်မလုံတာနဲ့ မပြောရဘူး"

ဦးမောင်မောင်ထွန်းသည် ခုံတန်းပေါ်သို့ သီနှင့်ယှဉ်၍ ထိုင်လိုက်၏၊ လရောင်အောက်တွင် ဦးမောင်မောင်ထွန်း၏မျက်နှာကို သီက ပြတ်သားစွာ မြင်နေရသည်၊ သီသည် မလှုပ်မရှက် ငြိမ်သက်စွာပင် ကြည့်နေမိသည်။

"ကျွန်တော် အိမ်ကို ဝင်ခဲ့သေးတယ်၊ အိမ်မှာ ဦးကြော့ရှင်းကို မတွေ့ခဲ့ဘူး၊ မသက်နဲ့ တွေ့ခဲ့တယ်၊ မသက်ကပြောတယ် သီ နောက်အပတ်အတွင်း ခရီးထွက်မယ်တဲ့၊ ပင်လယ်ကမ်းခြေလဲ သွားမယ်၊ တောင်စခန်းတစ်နေရာရာကိုလဲ သွားမယ်ဆို.. ဟုတ်လားဟင်"

သီက ခေါင်းညိတ်၍ပြ၏။

"သီ တစ်ယောက်တည်း သွားမှာလား"

"ဟုတ်တယ်"

"တစ်ယောက်တည်းဆိုတာ အင်မတန် ခြောက်သွေ့သွေ့နိုင်ပါတယ် သီရယ်၊ ပျော်ရတာ ဆိုတာ ကလဲ အဖော်နဲ့ ဘာနဲ့မှ ပျော်တဲ့အရသာကို ခံလို့ရမှာပါ၊ ပျင်းခြောက်ခြောက် အေးစက်စက် ကမ္ဘာကြီးမှာ သီတစ်ယောက်တည်း နေချင်တုန်းပဲလားဟင်၊ ကိုယ်လဲ လိုက်မယ်၊ သီနဲ့ ကိုယ် နှစ်ယောက်တူတူ သွားမယ်၊ ကိုယ်နဲ့ တူတူသွားရင် သီလဲ အပျော်ရွှင်ဆုံး ဖြစ်လာမှာ သိလား"

ဦးမောင်မောင်ထွန်းသည် စိတ်ထက်သန်စွာ ပြောရင်း သီ၏လက်များကို ဆွဲယူဆုပ်ညှစ်၍ထားလေသည်။

mgyoe.com

mgyoe.com

ဘုရား ဘုရား... စိတ်များကလည်း မညွတ်ပါစေနှင့်၊ ခန္ဓာကိုယ်ကလည်း မဆာလောင်ပါစေနှင့်။ သီသည် စိတ်ထဲမှ ဆုတောင်း၍ ခေါင်းငုံ့ထားလိုက်သည်။ သူ၏ပြောင်းလဲလုဆဲဆဲမျက်နှာကိုလည်း ဦးမောင်မောင်ထွန်း မမြင်စေလိုပေ။

"သီ ဘာဖြစ်လို့ ဘာမှမဆုံးဖြတ်သေးတာလဲဟင်၊ ကိုယ်တို့နှစ်ယောက်အဖြစ်ကို ဦးကြော့ရှင်း ကိုယ်တိုင်လဲ မြင်သွားပြီပဲ၊ ပြီးတော့ ကိုယ်တို့စိတ်တွေအကြောင်းလဲ ကိုယ်တို့ သိနေပြီပဲဟာ၊ ခုထိ ဒီ လူကြီးကို သီ မျက်နှာဆိုင်ရဲသေးတယ် ဟင်.. သီ ဘာလို့ အေးစက်စက်လုပ်နေတာလဲကွယ်၊ အဖြေ ပေးစမ်းပါ"

ဦးမောင်မောင်ထွန်းသည် သီ၏မေးဖျားကို ဆွဲ၍မော့လိုက်၏၊ သီ၏တန်ခိုးမရှိသော မျက်လုံး လေးနှစ်လုံးမှာ ကလယ် ကလယ်နှင့် ဦးမောင်မောင်ထွန်းကို ကြည့်၍နေပေသည်။

"ဒီနေရာမှာ အဖြေတစ်ခုခုမပေးရင်တော့ ကိုယ် ဘယ်ကိုမှ ထမသွားဘူး၊ ဘယ်သူပဲမြင်မြင် သီနဲ့အတူပဲ ထိုင်နေတော့မယ်"

"ဟင်.. ဘယ်ဖြစ်မလဲ"

သီသည် အသက် ခုမှဝင်လာသလို ချက်ချင်းလှုပ်ရှားကာ တုန်တုန်ရီရီနှင့် ပြောလိုက်၏။

"မဖြစ်ရင် ဘာလုပ်မလဲ ဆုံးဖြတ်လေ"

ဦးမောင်မောင်ထွန်း၏ ဝင်းပသောမျက်လုံးများက သူ့ကို အမိန့်ပေးနေပြန်သည်။

"ဒီည သီ စဉ်းစားဦးမယ်၊ နက်ဖြန်ကျတော့ ဖုန်းဆက်လိုက်ပေါ့၊ နက်ဖြန်ကျ စကားပြန်မယ်၊ ခု မာမီ စောင့်နေတော့မယ်၊ သီ သွားမယ်နော်"

သီသည် ထိုင်ရာမှ ထလိုက်၏။ ခြေလှမ်းများကိုမူ ရုတ်တရက် ရွှေ့လျား၍ မရသေးပေ။ ဦးမောင် မောင်ထွန်းသည် သူ့လက်နှစ်ဖက်ကို မလွှတ်သေးဘဲ သီနှင့်ယှဉ်၍ မတ်တတ်ရပ်လိုက်သည်။ လဝန်း ကို တိမ်ဖြူတစ်စု ဖြတ်သန်း၍သွားပြန်သည်။

ဤမှေးမှိန်သော လရောင်အောက်တွင် နှစ်ယောက် ထပ်မံ၍ တွေ့ဆုံမိပြန်သည်။

## (၉)

"သီရဲ့ စိန်လက်ကောက်ဟာ ဘယ်လိုလုပ်ပြီး လူစီ့လက်ထဲ ရောက်သွားတာလဲဟင်"

ဦးကြော့ရှင်းသည် ဘာမှမဖြေဆိုသေးဘဲ ငြိမ်သက်စွာ ခုတင်ပေါ်တွင် လှဲနေ၏။ ယခုတစ်ခါ ညဥ့်ဘက်တွင် စောစီးစွာ အိမ်ပြန်လာ၍ သီ၏အဆောင်တော်သို့ ဦးကြော့ရှင်းက ကူးလာခဲ့ခြင်း ဖြစ် ပေသည်။

မြင်လျှင်မြင်ချင်းတော့ ဦးကြော့ရှင်း အိမ်အပြန်စောသည်ကို သီက ဝမ်းမြောက်ဝမ်းသာ ဖြစ်မိ ပေသည်။ ဦးကြော့ရှင်းကလည်း လှပစွာ ဆီး၍ပြုံးပြပေသည်။ သို့သော် ဤအပြုံးနှင့် တစ်ခါပြုံးတိုင်း ကြောက်မက်ဖွယ်ရာကောင်းသော အကြောင်းတို့သည် ပေါ်လာမြဲဖြစ်၏။

ယခုအပြုံး၏ နောက်တွင် ဘာများရှိနေမည်လဲ။

mgyoe.com

mgyoe.com

သီသည် ဦးကြော့ရှင်းကို မချော့ချင်တော့၊ ဘာကြောင့်များ ချော့မော့ဆွဲဆောင်လိုသော စိတ်များ ကုန်ခန်းလာသည်ကို သူမ မတွေးတတ်ပေ။

အဝတ်အစားလဲပြီးပြီးချင်း သူသည် လက်ကောက်အကြောင်းကို စ၍ မေးလိုက်၏။

"ဘာလဲ၊ သီက သီရဲ့စိန်တွေကို ပြန်လိုချင်လို့လား"

ဦးကြော့ရှင်းသည် သူ့ကို မကြည့်၊ ခြင်ထောင်အမိုးကို ကြည့်၍ မေးလိုက်၏။

"လိုချင်တယ်လေ၊ ဒါပေမဲ့ ကိုကို့ကို ပေးလိုက်ရတဲ့အတွက် မနမြောပါဘူး၊ တခြားမိန်းမ လက်ထဲမှာ ဒီလက်ကောက်ကို မြင်ရတော့ သီ ဘယ်လောက်စိတ်ဆင်းရဲမလဲ၊ ပေးလိုက်တဲ့အကြောင်းကို သီ သိရရင်တော့ တော်သေးတာပေါ့"

"အို.. ဒါကိုတော့ သိပ်ရှည်ဝေးပြီး တွေးမနေပါနဲ့၊ ဒီစိန်တွေ ကိုယ့်ကို သီ ဘာလို့ပေးသလဲ၊ ပေးရတဲ့အကြောင်းကို စဉ်းစားကြည့်ပေါ့၊ အမှန်တော့ ဒီစိန်တွေကို ရေထဲလွှတ်ပစ်တောင် သီ ဘာမှပြောဖို့ မရှိဘူး၊ သီရဲ့အပြစ်တွေကို ကိုကို ဖုံးထားတာကိုပဲ သီက အသက်နဲ့အမျှ ကျေးဇူးတင်ရဦးမယ်"

"ဘာ.. ဘာ..."

သီသည် ဘာဆက်ပြောရမှန်းမသိအောင် ရင်ထဲမှာ လှုပ်ရှား၍လာ၏။ ထိုင်နေသော ဆိုဖာကို ပစ်၍ မှီလိုက်ရင်း အသက်ရှူရသည်မှာ မောရ်မော၍လာသည်။

"နောင်ကို ဒီစိန်တွေထက်မက ကိုကို့ကို သီ ပေးရဦးမယ်"

သီသည် အေးစက်စက်နှင့် စကားပြောနေသော ဦးကြော့ရှင်းကို မလှုပ်မယှက်ကြည့်နေ၏။

"ဟိုတုန်းကတော့ သိပ်လဲ မသေချာဘူး၊ နောက်တစ်ဆင့်တက်ဖို့အတွက်လဲ စောင့်နေတာ၊ ခုတော့ ဓာတ်ပုံကလဲ ကူးလိုက်တော့ ရှင်းရှင်းလင်းလင်းပဲ၊ ဒီမှာ ကြည့်ပါဦး"

ဦးကြော့ရှင်းသည် လုံချာမှ ထကာ ခေါင်းအုံးအောက်မှ ဓာတ်ပုံတစ်ပုံကို ဆွဲ၍ ယူလိုက်၏။ သီ၏မျက်နှာရှေ့သို့ ဓာတ်ပုံကို ယူလာကာ ထောင်၍ပြလိုက်သည်။ သီသည် ဓာတ်ပုံကို စိုက်ကြည့်ရင်း စူးစူးရှရှအော်၍ မျက်စိ စုံမှိတ်ထားလိုက်သည်။ သွေးများ ရုတ်တရက်ဆုတ်သွားသလို မျက်နှာကလည်း ဖြူရော်ရော်ဖြစ်ကာ ဆိုဖာနောက်တွင် ခွေကျသွားတော့သည်။

"ဒီဓာတ်ပုံ ရိုက်လိုက်တုန်းကတော့ သီက ဘယ်သိမလဲ၊ ထွေန်းရဲ့ ရင်ခွင်ထဲမှာ မေ့နေတုန်း စံငွေကို ရိုက်ခိုင်းရတာ၊ တော်တော်ကောင်းတဲ့ပုံပဲ"

ဦးကြော့ရှင်းသည် ဓာတ်ပုံကို ပြန်ယူလိုက်သည်။ သူ့မျက်နှာသည် ဘာမှ အသွင်အပြင်မပြောင်းလဲဘဲ ရေခဲမျက်နှာပြင်လို အေးစက်စက် ပြောင်ချောချောပင် ဖြစ်နေသည်။

"ဒီဓာတ်ပုံကို ပြန်လိုချင်ရင် ဒီအိမ်ရဲ့စာချုပ်ကို ကိုကို့နာမည်နဲ့ လုံးဝပြောင်းပေးမလား၊ ပြီးတော့လဲ ဒက်ဒီနဲ့ မာမီတို့ဆီက သီ ရသင့်တဲ့ အမွေကို တောင်းပြီး ယူပေးမလား၊ အဲဒီနှစ်ခု လုပ်ပေးရင် ဒီဓာတ်ပုံရော ကော်ပြားပါ သို့လက်ထဲကို ပြန်ပေးမယ်လေ"

သီသည် မျက်လုံးကို အားယူ၍ ဖွင့်လိုက်သည်။ ဤမျက်လုံးများသည် ကြောက်ရွံ့သည့်ထက်

mgyoe.com

mgyoe.com
စက်ဆုပ်ရွံရှာသည့် အသွင်အပြင်များ ပိုမို၍ ပေါ်လွင်နေသည်။ သူ့မျက်လုံးများသည် တဖြည်းဖြည်း ဝင်းဝင်းတောက်လာသည်။ ရက်စက်၍ မေတ္တာသွေးမရှိသော ဦးကြော့ရှင်း၏ နှလုံးသားများကို ဖောက်ခွဲဆုပ်ချေ၍ ပစ်ချင်လောက်အောင်ပင် စိတ်များက ပြင်းထန်စွာ လှုပ်ရှားလာသည်။ သို့သော် သူ့ကိုယ်ကို လှုပ်၍မရအောင် ပျော့ကျ၍ နေပေသည်။

"စဉ်းစားဦးလေ.. တစ်ညလုံး စဉ်းစားဦးပေါ့၊ ဒီဓာတ်ပုံတော့ သိမ်းထားလိုက်ဦးမယ်"

ဦးကြော့ရှင်းသည် ဓာတ်ပုံကိုယူ၍ ခပ်မှန်မှန်လျှောက်ကာ အခန်းထဲမှ ထွက်သွားတော့သည်။ နှလုံးသား စုန်လာသည်မှာ ပြင်းထန်လာလွန်း၍ လက်နှင့် ရင်ညွန့်ကို သီက ဖိထားမိသည်။

သူ၏အမွေရမည့် ပစ္စည်းများနှင့် အိမ်ကို သီက လုံးဝမနမြောပေ။ သို့သော် တစ်သက်လုံး ဦးကြော့ရှင်းလက်ထဲတွင် ခြိမ်းခြောက်ခံ၍ နေရမည်ကိုတော့ သူ လုံးဝမခံနိုင်တော့ပေ။ အိမ်ကိစ္စမှာ သူ တစ်ယောက်တည်းပိုင်ဖြစ်၍ မာမီတို့မသိအောင် နာမည်ပြောင်းပေးလိုက်လျှင် အရေးမကြီးပေ။

သို့သော် အမွေကိစ္စမှာ မာမီတို့ငုတ်တုတ်ရှိလျက်နှင့် ဘယ်လိုပြောရပါမည်နည်း။ အစ်ကိုလုပ်သည့် လူက ရှိသည်ပင်မထင်ရအောင် အေးအေးဆေးဆေးနေပါလျက် သူက စတင်တောင်းခံရမည်မှာ ငမ်းငမ်းတက်ရာ ရောက်လွန်းပေသည်။

ထိုအကြောင်းတို့ထက် မီးရဲရဲလောင်နေသော သံတွေခဲနှင့်တူသည့် ဦးကြော့ရှင်း၏ မျက်လုံးများကိုလည်းကောင်း၊ မေတ္တာကင်းသည့် ကျောက်တုံးလို အသည်းနှလုံးမျိုးကိုလည်းကောင်း သူ ပြန်၍ မကြည့်ချင်တော့ပေ။

တယ်လီဖုန်းခေါင်းလောင်းသံ ပေါ်၍လာသည်။ သူသည် လဲနေရာမှ အားယူ၍ ထိုင်ကာ ခေါင်းရင်းမှ တယ်လီဖုန်းကို လှမ်း၍ကိုင်လိုက်လေသည်။

"သီလား"

"ဟုတ်တယ်"

"အသံတွေက ပျော့လွန်းပါလား သီရယ်၊ နေကောင်းရဲ့လားဟင်၊ အချစ်တစ်ယောက် လှောင်အိမ် သွင်းခံရတဲ့ ယုန်လေးလို အသက်မှ ရှူလို့ဝရဲ့လားကွယ်၊ နက်ဖြန်အထိ မစောင့်နိုင်လို့ ညတွင်းချင်းပဲ ဆက်လိုက်တာ"

သီသည် တယ်လီဖုန်းကိုင်ရင်း လက်များတုန်လာကာ အသက်ပြင်းပြင်းရှူလိုက်၏။ မျက်ရည်ပေါက်ကြီးများမှာ မျက်လုံးမှစီး၍ လိမ့်ဆင်းလာကြသည်။ ဆိုဖာကိုမှီ၍ တယ်လီဖုန်းခွက်ကို ကိုင်ထားလိုက်ရသည်။

"ဘယ့်နှယ်လဲ ပင်လယ်ကမ်းခြေကို အရင်ထွက်ရအောင်လေ၊ 'မာတန်း' မှာ လက်မှတ်ဝယ်ထားလိုက်မယ်၊ သီ ဘာလို့ ဒါလောက်အညှဉ်းခံနေရလဲ၊ သီမမှားဘူး သီ အချစ်ရယ်.. စိတ်ကို လွှတ်လိုက်စမ်းပါ။ ဘာလို့ စကားမပြန်တာလဲ သီ"

သီသည် ရှိုက်၍ ရှိုက်၍ ငိုနေ၏။
mgyoe.com

mgyoe.com
"အို..အချစ်ရယ် ငိုနေလားကွယ်၊ အမယ်လေး ပြေးလာလိုက်ချင်တယ် အချစ်၊ တယ်လီဖုန်းထဲက စကားပြန်ပြောစမ်းပါ၊ ကိုယ့်စိတ်ထဲမှာ ဘယ်လိုနေမှန်း မသိဘူး၊ အခုချက်ချင်း ထလာရမလား"
"နေ.. နေဦး၊ သူ ရှိတယ်"
"အို.. ရှိရှိ၊ သို့ကို ဘာလုပ်နေလဲဟင်"
"ဘာမှတော့ မလုပ်ဘူး၊ လူကို သတ်ပစ်ရင် ကောင်းတယ်၊ ခုတော့ 'Mental Torture' စိတ်ကို ညှဉ်းနေတယ်"
"ဘယ်လို ဘယ်လိုသီ..."
"သီတို့နှစ်ယောက် အခန်းထဲမှာ တွေ့တာကို သူ ဓာတ်ပုံရိုက်ယူထားတယ်၊ ဓာတ်ပုံပြန်လိုချင်ရင် ငွေပေးရမယ်တဲ့"
သီသည် ဘာကြောင့်မှန်းမသိ ဦးမောင်မောင်ထွန်းကို အားကိုးစွာ ပြောပြ၍နေသည်။
"ဘာပေးရ ပေးရ ပေးရတာ အရေးမကြီးဘူး၊ ဒါပေမဲ့ ဒီလိုသာ တစ်သက်လုံး ညှဉ်းနေရင်တော့ သေသွားလိမ့်မယ်၊ သူပေွတာဟာ အရေးမကြီးဘူး သီ၊ ကိုယ့်လင်က ကိုယ့်မယားကို ငွေညှစ်တာကတော့ သစ္စာမဲ့လွန်းတယ်၊ ဒီဒုက္ခတွေကို ဘာလို့ ခံနေချင်ရတာလဲ၊ သီ ကိုယ်နဲ့အတူ လိုက်ခဲ့ရမယ်၊ နက်ဖြန်ည လာခေါ်မယ်၊ ဒီနေ့တောင် လိုလိုမည်မည် ကိုယ် လက်မှတ်သီးသန့် မှာထားနှင့်တယ်၊ ဘယ့်နှယ်လဲ သီရယ်.. လိုက်မယ်မဟုတ်လား"
နောက်ဆုံး ဆုံးဖြတ်ချက်ကို ချရပေတော့မည်။ သို့သော် သီသည် ဘာကိုမှ တွေး၍မရ၊ လောလောဆယ်မှာမူ မီးဝင်းဝင်းတောက်နေသော ဦးကြော့ရှင်း၏ ကျားသစ်မျက်လုံးများမှာ ပတ်ဝန်းကျင်တွင် ဝိုင်းဝိုင်းလည်နေသည်။ သီသည် မျက်လုံးကို စုံမှိတ်လိုက်၏။ နှုတ်ခမ်းများမှာ တဆတ်ဆတ်တုန်ကာ မနည်းအားယူ၍ လှုပ်ရှားနေရပေသည်။
"သီ.. နက်ဖြန် ည ၉ နာရီမှာ ဆင်းလာခဲ့မယ်၊ ဝင်းအပြင်က ဓာတ်တိုင်အောက်မှာ စောင့်နေ.."
"အို.. ဝမ်းသာလိုက်တာ၊ စိတ်အေးအေးနဲ့ အိပ်ပါ သီရယ်၊ ကဲ.. ပျော်အောင်အိပ်တော့ အချစ်ရေ.."
သီ၏လက်ထဲမှ စကားပြောခွက်မှာ အလိုလို လွတ်ကျသွားတော့၏။ သီသည် ဆိုဖာပေါ် ပစ်လှဲကာ ရှုန်းရှုန်းချ၍ ငိုနေမိတော့သည်။
မာမီ၏ တည်ငြိမ်သောမျက်နှာမှာ သူ့မျက်လုံးထဲတွင် ပေါ်၍လာပြန်သည်။ "သမီး မဖောက်ချင်ပါဘူး မာမီရယ်.. သမီး အေးအေးနေချင်တာပါ၊ သမီးကို ခွင့်လွှတ်ပါ မာမီရဲ့"
သီသည် စိတ်ထဲမှပြောကာ တရှုပ်ရှုပ်ငို၍နေမိပြန်သည်။ သန်ဘက်ခါကျလျှင် သူ့ပတ်ဝန်းကျင်နှင့် သူ့မာမီသည် သူ့အကြောင်းကို ဘာတွေများ ပြောနေကြမည်နည်း။ မာမီကတော့ အင်မတန်ပျော့၍ သူ့ရဲဘောကြောင်သော မိန်းကလေးဟူ၍ သူ့အပေါ် မှတ်ချက်ချရှာပေလိမ့်မည်။
"ဘုရား.. ဘုရား.." သီသည် ခြသေ့်လှောင်အိမ်ထဲ လိမ့်ကျသွားသလို ပြေးပေါက်ကို ထပ်၍ရှာပြန်သည်။ ဘယ်လိုများ ပြေးရပါလိမ့်။
mgyoe.com

mgyoe.com

(၁၀)

နောက်တစ်နေ့ တစ်နေ့လုံး သီသီသည် ပစ္စည်းများကို သိမ်းဆည်းနေသည်။ ဦးကြော့ရှင်းနှင့်မူ မိုးလင်းကတည်းက မျက်နှာချင်းမဆိုင်ပေ။

မသက်တစ်ယောက်တည်းကိုသာ သူ့အခန်းထဲကို ခေါ်သွင်း၍ ခိုင်းစရာရှိသည်များကို ခိုင်း၍နေပေသည်။

"ပစ္စည်းတွေ များလှချည်လား မမ"

မသက်သည် သေတ္တာများကို သော့ခတ်ရင်း မေး၍နေ၏။

"ဘယ်နှလုံး ရှိသေးလို့လဲ.. သေတ္တာ လေးလုံးတည်းရယ်၊ နင့်သေတ္တာကိုပါ ပြင်"

"ဟင်.. မမ၊ ဘယ်လောက်ကြာမှာမို့လဲ"

"ဘယ်လောက်ပဲ ကြာကြာ ဘယ်တော့မှပဲ ပြန်လာလာ.. မသက် ဘာမှမမေးစမ်းနဲ့"

မသက်သည် ငြိမ်သွားကာ ပစ္စည်းများကို ဆက်၍သိမ်းနေသည်။

အိမ်ကြီးမှာ ညနေစောင်းလာသည်နှင့်အမျှ သွေ့ခြောက်လာသလို၊ ထူးခြားလာသလို ဖြစ်နေသည်။

သီသည် မီးဖိုချောင်ထဲမှ အစေခံများအားလုံးကို လိုက်၍ကြည့်၏။ ပါးစပ်ကမူ စကားတစ်လုံးမှ မပြောပေ။ အိမ်ကြီးကိုလည်း တစ်ခန်းဝင် တစ်ခန်းထွက်နှင့် လိုက်၍ကြည့်သည်။ ယနေ့ ဤအိမ်ကြီးတွင် နေရခြင်းသည် နောက်ဆုံးပင် ဖြစ်ပေသည်။

တီးနေကျ သံစုံမြည်နေသော နာရီကြီးမှာ ငါးနာရီထိုးလိုက်၏။ အသံများ တိတ်ဆိတ်နေသော အိမ်ကြီးတွင် လွမ်းဆွတ်ကြေကွဲဖွယ်ရာလို ဖြစ်နေသည်။

သီသည် အစေခံများအားလုံးကို လှေကားဝမှ လှမ်းကြည့်၍နေ၏။

"အားလုံးပဲ.. ကျွန်မ သွားတော့မယ်၊ ရှင်တို့လဲ ရှင်တို့ကြမ္မာ ရှင်တို့ ဖန်တီးရစ်ပေတော့"

တိုးတိုးပင်ပြောကာ သူသည် လှေကားကို တစ်ထစ်ချင်း ဖြည်းဖြည်းလှမ်းကာ တက်၍လာသည်။

လှေကားထိပ်တွင် ဦးကြော့ရှင်းကို မားမားကြီး တွေ့လိုက်သည်။

"သီ.. ဘယ်ကိုသွားနေလဲ ဟင်.."

သီသည် ဘာကိုမှ မဖြေပေ။

"လာလေ.. ကိုကို့အခန်းထဲမှာ စကားပြောရအောင်၊ သို့အခန်းထဲမှာ မသက်ရှိနေတယ်"

သီသည် ဦးကြော့ရှင်းအခန်းသို့ ရှေ့မှ လျှောက်သွားနှင့်သည်။ နောက်မှလိုက်လာကာ တံခါးကို စေ့လိုက်သည်။

"ဘယ့်နှယ်လဲ.. စဉ်းစားပြီးပြီလား"

"စဉ်းစားပြီးပြီ"

သီ၏အသံများ ပြတ်သားလှ၏။

mgyoe.com

mgyoe.com

"စဉ်းစားပြီးတော့..."

"စဉ်းစားတာက စာချုပ်တွေ၊ အမွေပစ္စည်းတွေ ပေးဖို့မဟုတ်ဘူး"

"ဟင်..."

ဦးကြော့ရှင်းသည် သီ၏မျက်နှာကို တအံ့တဩကြည့်၍နေမိသည်၊ တစ်ခါက ရေဒီယိုနားတွင် ရန်ဖြစ်စဉ်ကလို သီ၏ မျက်နှာများသည် တင်းမာရဲရင့်နေပေသည်၊ သို့သော် ဤကဲ့သို့ပင် သီသည် ပေါက်ကွဲလွယ်၍ ချက်ချင်းလည်း မီးသေတတ်ပေသည်၊ ထို့ကြောင့် သူသည် ခပ်အေးအေးပင် လှပ်ကုလားထိုင်ပေါ်တွင် ထိုင်၍ သီ၏လှုပ်ရှားပုံကို ကြည့်နေသည်၊ သီသည် ပြတင်းကို နောက်ခိုင်း၍ မှီထား၏၊

"ဒါဖြင့် ဘာကို စဉ်းစားတာလဲ"

"ဒီအိမ်ကြီးက ထွက်သွားဖို့ပေါ့"

"အို.. ဟိုဟို.. ကလေးမရဲ့ သတ္တိကောင်းလှချည်လား"

"သတ္တိကောင်းလွန်းလို့ ရဲလွန်းလို့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒါပေမဲ့.. သည်းမခံနိုင်တော့ဘူး"

သီသည် အော်၍ပြောလိုက်၏၊

"ဒေါသမကြီးစမ်းနဲ့ ကလေးမရယ်၊ ဘာကို သည်းမခံနိုင်တာလဲ၊ ဒေါသဖြစ်ရမှာက ကိုယ်ပါ၊ ကိုကို့ကို ကျေးဇူးရှင်တစ်ယောက်အနေနဲ့ သတိရပါဦး"

"ဘာ.. တစ်သက်လုံး ကိုကိုက တစ်ခါမှ မကောင်းခဲ့ဘူး၊ သီ တစ်ချက်လမ်းလွဲသွားတာနဲ့ ဒါကို ကိုင်ထားပြီး သီရဲ့စိတ်ကို တစ်သက်လုံး ညှဉ်းဆဲသွားမယ့် လူတစ်ယောက်ကို သီက ဘာကျေးဇူးတင်ရမလဲ၊ သီသို့မှာ အသက်သာ ရှင်နေရတယ် သေနေတာနဲ့ မထူးဘူး၊ အသက်ရှင်သမျှ ကာလပတ်လုံး လူတစ်ယောက်ဟာ တစ်ခုခုကို အမြဲကြောက်နေရတယ်၊ အမြဲလဲ အခြောက်အလှန့်ခံနေရရင် အဲဒီလူလောက် လူ့ဘဝဆုံးတာမရှိဘူး၊ ဒါလောက် အသည်းတုန် အူတုန်နဲ့ အမြဲချောက်ချားနေရရင်တော့ ဒီလူဟာ ရူးချင်လဲ ရူးသွားမယ်၊ ဆွံ့သွားချင်လဲ သွားမှာပဲ၊ သီနဲ့ ကိုဟာ မေတ္တာချင်းဆက်နေရတဲ့ လင်မယားမှ ဟုတ်သေးရဲ့လား"

"အို.. ဘယ်သူမပြု မိမိမှုပါ ကလေးမရဲ့၊ ကျုပ်က ဆင်ရတဲ့အကွက် မဟုတ်ပါဘူး၊ ကိုယ့်ဘာသာ..."

သီသည် ဆွေ့ဆွေ့ခုန်မတတ် လက်ရောကိုယ်ပါ လှုပ်ရှားပစ်လိုက်သည်၊

"မှားသွားပြီဆိုတာ သိပါတယ်၊ စိတ်က မမှားချင်ဘူးဆိုတာ ယုံပါ၊ မှားတာကိုသိလို့ သီပြင်နိုင်ရင် သီ့ကို လက်ခံရမှာပေါ့" သီသည် မျက်ရည်များဝဲကာ လက်များကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်၍ထားမိပြန်သည်၊

"အေးလေ.. ဒါပေမဲ့ သီက မိန်းမကွဲ၊ ဒီဓာတ်ပုံက မိန်းကလေးတစ်ယောက်ရဲ့ ရာဇဝင် ဖွင့်ပြောမှာပေါ့ကွယ်"

"ပြောပေစေပေါ့၊ တစ်နေ့ကမှ သီက လက်ရှိလောကကြီးကို ရင်ဆိုင်ရဲတယ် သိလား၊ မိန်းမ တစ်

mgyoe.com

mgyoe.com

ယောက်ဟာ ကိုယ်ကျင့်တရား မကောင်းလို့ ပျက်ချင်တိုင်း ပျက်နေပေစေ၊ ပိုက်ဆံနဲ့ ဂုဏ် ရှိရင် လက်ရှိလောကက လက်ခံတယ် သိလား၊ တစ်နေ့က ဘုရားကိုးဆူမှာဆိုရင် ရန်ကုန်မှာ ထိတ်ထိတ်ကြဲ မျက်နှာဖုံးတွေအားလုံး လူစီကို လက်ခံကြတယ်၊ အရေးပေးကြတယ်၊ လူစီဟာ ဘယ်လိုမိန်းမဆိုတာ လူတိုင်းသိတယ်၊ ဒါပေမဲ့ အားလုံးက အရေးပေးတာပဲ၊ လူတွေဟာ ကိုယ်ကျင့်တရားကို အရေးမထားတော့ဘူး၊ လမ်းကြားထဲက မိန်းမပျက် ပြန်ကောင်းလာရင် ဘယ်သူမှ လက်မခံတော့ပေမယ့် ဆင်စွယ်နန်းတော်ပေါ်က ပျက်နေဆဲ အပျက်တွေကျတော့ လက်ရှိ မျက်နှာကြီးပိုင်းဟာ လက်ခံနေသေးတာပဲ၊ သီ့မှာ ဂုဏ်ရှိတယ်၊ ငွေရှိတယ်၊ ကိုကိုက ဒီဓာတ်ပုံနဲ့ သီ့ကို ချုပ်ချင်သလို ချုပ်၊ အရှက်ခွဲချင်ခွဲ၊ ဒီနေရာမှာ ငုံ့နေရပေမယ့် ဟိုနေရာကျရင် ဒီပတ်ဝန်းကျင်ဟာ သီ့ကို ဦးညွှတ်ပြီး အရေးပေးကြမှာပဲ၊ သီ သွားမယ်.. ကိုကို လိုချင်တယ်ဆိုရင်တော့ အိမ်စာချုပ် ပေးခဲ့မယ်၊ ကျန်တာတော့ ဘာမှမပေးနိုင်ဘူး"

သီသည် ယခုတစ်ခါတွင် ပြတ်သားတင်းမာလွန်း၍ ဦးကြော့ရှင်းပင် ကြက်သေ သေကာ ငေးနေမိပေသည်၊ သူ၏ လက်နက်ဆန်းများကိုပင် မသုံးနိုင်စဉ် သီသီသည် အခန်းထဲမှ အပြေးအလွှား ထွက်၍သွား၏၊

သူ့အခန်းသို့ ရောက်လျှင် သူ ပြောခဲ့မိသော စကားများ၏ အဓိပ္ပာယ်ကို တွေးရင်း ကြောက်လာလေ၏၊

"မသက်.. တံခါးကို မြန်မြန်ပိတ်ထားလိုက်စမ်း"

သူသည် ခုတင်ပေါ် ပစ်လှဲရင်း မောနေသည်၊ ချောင်မှာ ပိတ်မိနေသလို ထပြေး၍လည်း မရ၊ မျက်စိထဲတွင် တိုး၍တိုး၍ မှောင်လာသည်၊ အသက်ရှူရသည်ကလည်း ကျပ်လှသည်၊ လေများသည် ခါတိုင်း အေးစက်၍ တောနက်ကြီးထဲမှ တိုက်လာသလို ကြောက်စရာအသံများ မြည်၍လာကြပြန်သည်၊ သူသည် ကြိုးစား၍ ထပြေး၏၊ ပြေးလိုက်တိုင်း ချုံနွယ်ကြီးများကို ဗိုးတိုးဝါးတား မြင်၍နေရသည်၊ ဘယ်ဘက်ကို ကွေ့လိုက် ကွေ့လိုက် သားရဲကောင်ကြီးများကလည်း ပတ်လည်တွင် ပိတ်၍နေကြသည်၊

အမှန်တော့ ထွက်ပေါက်ကို ရှာလေလေ လမ်းမှာ ပိတ်၍ပိတ်၍ လာလေလေပင် ဖြစ်သည်၊ အမှောင်ကလည်း တိုး၍ ထူထဲလာသည်၊ အမှောင်မည်းမည်းကြီးကို ကြာရှည်ကြည့်နေရသည်မှာ စိတ်ကျဉ်းကျပ်စရာကောင်း၍ နေပေသည်၊ သူသည် သံကုန်ဟစ်၍ အော်ချင်၏၊ နားထဲတွင်လည်း သစ်ရွက်ချင်း ခတ်သံလိုလို မကောင်းဆိုးဝါးကြီးများ အော်သံလိုလို ဆူညံနေသည်၊ မျက်စိထဲတွင် သဏ္ဍာန်များကလည်း သဲကွဲစွာ မမြင်ရပေ၊ သူသည် အသက်ထွက်မတတ် ကြောက်၍လာ၏၊ အသံကုန်ဟစ်၍ အော်သည်၊ သို့သော် သူ့အသံများမှာ လည်ချောင်းတွင် တစ်နေသည်၊

"မမ.. ဘာဖြစ်နေလဲ၊ မူးပြန်ပြီလား.. အသက်ရှူတာကလဲ အင်း အင်းနဲ့ ဖြစ်နေတယ်" မသက်သည် သူ့ကို ကိုင်၍လှုပ်နေသည်၊ သူသည် မျက်စိကို ဖွင့်လိုက်၏၊ အမှန်တော့ သူ ဘာမှမဖြစ်ပေ၊ သို့သော် စိတ်များက ချောက်ချားလွန်း၍ နေပေသည်၊

mgyoe.com

mgyoe.com

"ငါ အမြဲပဲ ကြောက်နေရတယ် မသက်.. အကြောက်လွန်ပြီး တစ်နေ့ ငါသေမှာပဲ"

"အို.. မမကလဲ၊ အားနည်းလွန်းလို့ပါ၊ တစ်ခုခုသောက်မလား"

"ဟင့်အင်း.. တစ်ခုခုစားဖို့သာ ယူခဲ့ပါ၊ အောက်ကို မဆင်းချင်ဘူး၊ တံခါးကို ချက်ထိုးသွား၊ နောက်ဖေးလှေကားက လှည့်ဆင်း၊ ပြီးတော့ ကိုစံငွေကို ခုညု ၉ နာရီ ငါအပြင်ထွက်မယ်လို့ သွားပြော ထားနော်"

သူသည် အိပ်ရာပေါ်တွင် ပျော့ခွေနေရာမှ အားတင်း၍ ထလိုက်ပြန်သည်။

"မထူးတော့ဘူး.. မထူးတော့ဘူး၊ ဘာလို့ ဘယ်သူ့ကို ကြောက်နေရမှာလဲ.." သူ့စိတ်ကို သူသည် ဒုးပေး၍နေသည်၊ သူ့ကိုယ်ကို ပြင်ဆင်ဖို့ သတိရ၍ လာပြန်သည်၊ မှန်ရှေ့သို့ ထသွားကာ ဆံပင်ကို ဖြေချ၍ ဖြီးနေပြန်သည်၊ ဆံပင်အခြေကို မြှင့်၍ နစ်ပတ်လျှိုဆံထုံးကို ခပ်မြင့်မြင့် ထုံးလိုက်သည်၊ ဆံပင်ဖြီးအပြီးတွင် ရေချိုးခန်းသို့ဝင်၍ ရေချိုးလိုက်၏၊ ရေချိုးပြီးမှ ခေါင်းမှာ အေးသွားသလိုဖြစ်ကာ စိတ်မှာလည်း ငြိမ်သက်၍ လာသည်၊ သူ့မျက်နှာကို လှပစွာ ခြယ်လိုက်၏၊ မျက်တောင်ကော့များတွင် ဆေးအနက် သုတ်လိုက်သောအခါတွင် သူ့မျက်လုံးများသည် တောက်ပ၍ နက်ရှိုင်းသွားသည်၊ နှုတ်ခမ်းကို ခါတိုင်းထက်ပို၍ ရဲရဲကြီး ဆိုးလိုက်သည်၊

မသက်ထုတ်ပေးထားသော လုံချည်နှင့် အင်္ကျီများကို ဆွဲ၍ဖြန့်လိုက်သည်၊ လုံချည်အနက်တွင် ရွှေပွင့်များ ဖော်ထား၍ ညနှင့် ပိုမို၍ လိုက်လျောပေသည်၊

မကြာခင် မသက်သည် စားစရာများ ထည့်ထားသော လင်ပန်းကို ခုတင်ဘေးစားပွဲတွင် တင် ထားလိုက်သည်၊ မှန်တင်ခုံပေါ်ရှိ နာရီသည် ၈ နာရီကိုပြ၍နေ၏၊ သူ ထမင်းစားနေချိန်တွင် မသက် သည် ဇွန်ပန်းတစ်ကုံးကို ယူလာ၍ မှန်တင်ခုံပေါ် တင်ထားလိုက်သည်၊

"ငါ သိပ်စားလို့မရဘူး မသက်၊ အားလုံး သိမ်းပြီး နင်မြန်မြန်တက်ခဲ့နော်၊ ကိုစံငွေကို ပြောထား ပြီးပလား"

"ပြီးပါပြီ မမ"

နောက်တစ်ခါမသက် တက်အလာတွင်မူ သီသီသည် အဝတ်လဲ၍ပြီးနေပေပြီ၊ ဇွန်ပန်းတွေကို ရစ်ခွေ၍ ပန်ထားသော ဆံထုံး၊ နက်ဝန်းသော မျက်လုံးတို့ဖြင့် ထူးခြားစွာလှပနေသော သူ့မမကို သူ က အံ့သြစွာ ကြည့်နေမိပေသည်၊

"သိုးမွေးစောင် အဖြူတစ်ထည် ထုတ်ပေးဦး မသက်၊ ပစ္စည်းတွေအားလုံး ကားထဲ ထည့်ထား နှင့်၊ ငါ ၉ နာရီထိုးဖို့ ငါးမိနစ်အလိုမှာ ဆင်းခဲ့မယ်"

သီသီသည် ဘုရားခန်းဘက်သို့ ကူး၍သွား၏၊ ဘုရားရှင်၏ ငြိမ်သက်တည်ကြည်သော မျက်နှာ ကို သီက စူးစိုက်၍ ဖူးမြော်နေ၏၊

*တစ်ဖက်သို့ ယိမ်းယိုင်လျှင်လည်း သံရည်ပူတို့ဖြင့် ပွက်ပွက်ဆူသော တွင်းထဲသို့ ကျရမည်မှာ သေချာသည်၊ တစ်ဖက်သို့ တိမ်းလျှင်လည်း အဆိပ်ပြင်းသော မြွေတွင်းကြီးသည် သူ့အားစောင့်လင့် ၍နေသည်၊ ဤငရဲနှင့် တိရစ္ဆာန်ဘုံတို့မှ အဘယ်ကဲ့သို့ လွတ်မြောက်ရပါမည်နည်း...။*

mgyoe.com

mgyoe.com

သူခစ်သိမ်းတို့သည် အကယ်ပင် ရေနှင့် တိရစ္ဆာန်ဘုံတို့ကို ကြောက်ရွံ့ကြပါသလော။

"အရှင်ဘုရား... တချို့လူများဟာ အဆိပ်ပြင်းတဲ့ မြွေတွင်းရှိတဲ့ဆီကို သွားရဲကြပါတယ်ဘုရား..."

သီသီသည် မော်ဆရာကြီးလို ကိုယ်ကို ယိမ်းယိုင်ရင်း ပါးစပ်မှ တီးတိုးရေရွတ်၍ နေပေသည်။

"တပည့်တော်ကို ခွင့်လွှတ်တော်မူပါဘုရား..."

သူသည် ဘုရားခန်းမှ ထွက်၍လာ၏။ အခန်းထဲမှ တယ်လီဖုန်းသံသည် ကျယ်ကျယ် လောင်လောင် မြည်၍နေသည်ကို သူ အပြင်မှ ကြားရ၏။ အခန်းထဲသို့ ဝင်သွား၍ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"သမီးလေးလား..."

တစ်ဖက်မှ မာမီ၏ အေး၍ငြိမ်သက်သောအသံကို ကြားနေရသည်။

"ဟုတ်ကဲ့ မာမီ"

"စိတ်ထဲမှာ ထင့်နေလို့ သမီး၊ မနေ့က ကတည်းက သမီးကို စိတ်မချဖြစ်နေတယ်၊ ဟိုတစ်နေ့ ညကလို ညဥ့်နက်ကြီး ထွက်မသွားနဲ့ဦးနော်၊ ခရီးထွက်ဖို့လဲ မောင်ကြော့ရှင်းကို ပြောပြီးပလား"

"ဟုတ်ကဲ့ မာမီ"

သူသည် ကြိုးစား၍ အသံကို ထိန်းပြောလိုက်၏။

"ဘယ်တော့လောက် ထွက်မယ် စီစဉ်လဲ"

"ရှေ့... ရှေ့အပတ် မာမီ"

အသံမှာ ပြောရင်း တုန်လာသည်။

"ဒက်ဒီ့ကိုလဲ မာမီ ပြောပြီးပြီ၊ မာမီ အားလုံး အဆင်သင့်ပြင်ထားမယ်၊ စိတ်အေးအေးနဲ့ သက်သာအောင်နေပါ သမီးလေးရယ်၊ ကဲ.. အိပ်တော့နော်"

မာမို့ဘက်က တယ်လီဖုန်းချသံကို သူ ကြားလိုက်၏။

"သမီးလေး အိပ်တော့နော်" ဟု မာမီက ထပ်၍ပြောပြသလို သူ့နားထဲတွင် ကြားနေသည်။ မာမီကတော့ သမီးလေးကို ငြိမ်သက်စွာ အိပ်နေစေချင်၏။

"သမီး ဘာလုပ်ရမလဲ မာမီရယ်.. ဘာလုပ်ရမလဲ" သူ့ကိုယ်သူ ပြန်၍ တုန်တုန်ရီရီ မေးနေပြန်သည်။ ထိုင်ရာမှ ထ၍ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြန်သည်။ လက်ထဲမှ နာရီကို ကောက်၍ကြည့်လိုက်၏။ နာရီသည် ၉ နာရီထိုးရန် မိနစ် ၂၀ မျှသာ လိုတော့သည်။ သူသည် ခေါင်းကိုမတ်၍ ပင့်သက်ရှူလိုက်သည်။ အခန်းဝရှိ ပိုးခန်းဆီးအပြာကို နောက်ဆုံး စိုက်၍ကြည့်လိုက်သည်။

*

ကိုးနာရီထိုးရန် ဆယ့်ငါးမိနစ်မျှသာ လိုတော့သည်။ တောင်ဘက်ရှိ ဦးကြော့ရှင်းအခန်းမှ ပြတင်းမှာ ပွင့်၍လာသည်။ ဦးကြော့ရှင်းသည် ပြတင်းအပြင်ကို ကိုယ်တစ်ပိုင်းထုတ်ကာ လမ်းမဘက်သို့ ကြည့်နေ၏။

mgyoe.com

mgyoe.com

"သူ ဘယ်တော့မှ ငါ့ကိုပစ်ပြီး ထွက်မသွားနိုင်ဘူး" သို့ကို သူ စိတ်ချယုံကြည်၍နေသည်။ သူ ခြေလှမ်းကို ဘယ်ကဲ့သို့ ဆက်လှမ်းရမည်၊ စခန်းသွားရမည်ကို စိတ်ထဲမှ ဆက်လက်တွေးတော၍နေ ပေသည်။

ကိုးနာရီထိုးရန် ဆယ်မိနစ်မျှသာ လိုတော့သည်။

ဟီးလ်မင်းကားအနက်တစ်စီးသည် မြို့ဘက်မှ ကုက္ကိုင်းလမ်းမကြီးအတိုင်း မောင်း၍လာသည်။ ကားသည် သူတို့ခြံဝင်းရှေ့လမ်းဘေးတွင် ရပ်ထားလိုက်သည်ကို ဦးကြော့ရှင်း မြင်လိုက်ရ၏။ လမ်း ဓာတ်မီးရောင်နှင့် လရောင်ကြောင့် လမ်းမကြီးမှာ လင်း၍နေပေသည်။

အပြင်တွင် တိတ်ဆိတ်နေ၍ ကားများမှာလည်း အသွားအလာနည်း၍နေသည်၊ တစ်ချက်တစ် ချက် ဆင်နက်ကားများသည် လမ်းမကြီးပေါ်တွင် ဖြတ်၍သွားသည်။ ကတ္တရာစေးလမ်းမကြီးနှင့် ကား ဘီးတို့ ထိပွတ်သံမှာ တိတ်ဆိတ်သော ညဥ့်အဖို့ ပျင်းရိငြီးငွေ့စရာဖြစ်နေသည်။

ကိုးနာရီထိုးရန်အတွက် ငါးမိနစ်မျှသာ လိုတော့၏။

ကားအနက်ထဲမှ ဘောင်းဘီရှည်အနက် ကုတ်အင်္ကျီအနက်နှင့် လူတစ်ယောက် ဆင်း၍ ခြံဝ ဘက်ဆီသို့ လျှောက်လာသည်ကို ဦးကြော့ရှင်း မြင်လိုက်၏။ ရုတ်တရက် အဓိပ္ပာယ်ကို သူ နားမလည် ပေ။ ထိုလူသည် ခြံဝရှိ အုတ်ခုံနားတွင် ရပ်ငြိရပ်၍ နေပေသည်။ လူကိုမူ သဲကွဲစွာ မမြင်ရပေ။

အိမ်ကြီး၏အောက်ထပ် ဆင်ဝင်အောက်မှ မီးများလင်းလာသည်။ ကားသည် အထဲရှိမီးများကို အားလုံးဖွင့်၍ မောင်းထွက်လာသောကြောင့် ကားထဲတွင် ဘယ်သူပါသွားသည်ကို ဦးကြော့ရှင်းသည် ပြတ်သားစွာ မြင်နေရသည်။

"ဟင်.. သူ တကယ်သွားပြီ" သူသည် ပါးစပ်မှ အသံထွက်အောင် ပြောလိုက်မိသော်လည်း ရုတ် တရက် ဘာလုပ်ရမှန်း မသိ၊ ခြေလှမ်းများကို ရွှေ့မရဘဲ ကြောင်၍ ငေးနေမိသည်။ ကားသည် ခြံဝသို့ အရှိန်ဖြည်းဖြည်းနှင့် မောင်း၍သွားသည်။ သူ့ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ခြံဝရှိလူသဏ္ဌာန်မှာ သူ့မျက်လုံးထဲတွင် ပြတ်သား၍လာသည်။

"မောင်မောင်ထွန်း၊ ဟင်.. ဒီကောင် စောင့်နေတယ်၊ သူတို့နှစ်ယောက် အတူထွက်သွားမှာ ဟင်.. ဟင်..."

သူသည် ရင်ထဲမှာ ဆို့နင့်နင့်ကြီး ဖြစ်လာသည်။ လည်ပင်းကို ဆန့်၍လည်း ကြည့်နေမိ၏။ အတွင်းဘက်သို့ ခြေလှမ်းပြင်ကာ ပြေးလိုက်ဖို့လည်း ကြံစည်နေမိ၏။ ထိုစက္ကန့်ပိုင်းလေးတွင် သူ ဘာ လုပ်ဖို့ကိုမှ ဆုံးဖြတ်၍မရအောင် ပြာ၍နေသည်။

"ဟော.."

သူသည် ဒီတစ်ခါတွင် မျက်လုံးအပြူးသားနှင့် အကြီးအကျယ် အံ့သြသွားပြန်သည်။ ကားသည် သူထင်သလို ဦးမောင်မောင်ထွန်းအနားတွင် မရပ်တော့ဘဲ အနားမှ ဖြည်းဖြည်းမောင်းသွားကာ ဦး မောင်မောင်ထွန်းကို လွန်သည့်တစ်ပြိုင်နက် မြန်မြန်ကြီး မောင်း၍ ထွက်သွားတော့သည်။
mgyoe.com

 mgyoe.com 

ဓာတ်တိုင်၏မီးရောင်အောက်တွင် ဦးမောင်မောင်ထွန်းသည် သွေးလိုပင် လည်တဆန့်ဆန့်နှင့် ကျန်ရစ်ခဲ့၏။

ဆံထုံးမို့မို့အောက်ခြေတွင် ပန်းကုံးဖြူကို ရစ်ခွေပန်ထားသော သီသီ့ကို သူတို့နှစ်ယောက် ဖျပ်ခနဲ မြင်လိုက်ရ၏။

လက်ဖျစ်တစ်တွက်မျှသော အတောအတွင်းတွင် သူ့စိတ်ကို သူနိုင်သွားပြီဖြစ်သော သီအား သူတို့နှစ်ယောက်သည် ဖမ်းချုပ်၍ မထားနိုင်ကြပေ။

ဤ 'လက်ဖျစ်တစ်တွက်' သည်ပင်လျှင် ကုဋေကုဋာမကသော ကောင်းမှု၊ မကောင်းမှုတို့ကို ဖန်ဆင်းနိုင်သည် မဟုတ်ပါလော။

ယနေ့ညတွင်မူ အမေ့ရင်ခွင်ထက်၌ သီတစ်ယောက် နှစ်ခြိုက်စွာ အိပ်နေမည်ကို သူတို့ နှစ်ယောက် မသိကြပေ။

[မြဝတီမဂ္ဂဇင်း၊ ၁၉၅၅၊ စက်တင်ဘာလ]

●

mgyoe.com

mgyoe.com

# ဘူဇဝါလော ဖူဇကာလော

"ဝေမာ စကားပြောနေပါတယ်၊ မယုလား"

တစ်ဖက်မှ အသံကြားရုံနှင့် ဝေမာမှန်း ကျွန်မ သိပါသည်။ ဝေမာသည် တစ်နေ့ကို ဆယ်ကြိမ်လောက်နီးနီး ကျွန်မထံသို့ တယ်လီဖုန်းဆက်တတ်၍ သူ့အမည်ကို ဖော်ပြောပြော၊ မပြောပြော အသံကြားရုံနှင့် ဝေမာမှန်း ကျွန်မ သိပါသည်။ ခုတလောမှ ကျွန်မရောဂါမှာ တယ်လီဖုန်းခေါင်းလောင်းမပြောနှင့် တိတ်ဆိတ်သော ညများတွင် အိမ်မြှောင်စုတ်ထိုးသံကြားသည်ကိုပဲ နားထဲတွင် အကျယ်ကြီး မြည်လာကာ အသည်းထဲ နှလုံးထဲသို့ တစ်စုံတစ်ခုနှင့် ထိုးလိုက်သလို စူးဝင်သွားရုံမက တဒုန်းဒုန်း ရင်ခုန်လာသည်မှာ တစ်ညလုံး အိပ်၍မရတော့ပါချေ။ ထို့ကြောင့် တယ်လီဖုန်းခေါင်းလောင်းသံကြားရသော နေရာနှင့် ဝေးဝေးနေရုံမက အိမ်သားများနှင့်ပင် စကားများများ မပြောပါပေ။ ဝေမာကိုလည်း ကျွန်မ တောင်းပန်ထား၏။

"မယု ခုတလောနေထိုင်မကောင်းချင်ဘူး၊ ဒါကြောင့် တယ်လီဖုန်းနဲ့ရော၊ လူတွေနဲ့ရောဝေးဝေးပဲ နေတယ်၊ ကြီးကျယ်တယ်လို့ မထင်နဲ့၊ မင်းအရင်လို မယုဆီ တယ်လီဖုန်း ဆက်ဆက်မနေနဲ့၊ ဆယ်ခါလောက် ကိစ္စရှိမှ တစ်ခါလောက်ပဲ ဆက်ပါ" ဟု ပြောထား၏။ ယခု သူ့မှာ ဘာအမှုပွေလာမှန်း မသိပါပေ။

"ဆိုပါဦး၊ ဝေမာ ဘာအမှုပွေလာရပြန်တာတုံး"

ကျွန်မက ပြန်မေးလိုက်၏။

"မယု နေကောင်းတယ်နော်၊ တယ်လီဖုန်းသံ နားမထောင်ချင်ဘူးလေး ဘာလေးနဲ့ သိပ်လဲ မကြီးကျယ်ပါနဲ့၊ ဝေမာပြောတာလေးသာ သည်းခံနားထောင်ပါဦး"

"နားထောင်နေတယ်လေကွယ်၊ ပြောမယ့်ဟာ ပြောပေါ့"

"ပြောပ့ါမယ်၊ တယ်လီဖုန်းထဲကတွင် မဟုတ်ဘူး လူကိုယ်တိုင် လာပြောချင်တယ်၊ မမဘုရားကနန်းမတော် မယ်နုဆိုတော့ တော်ကြာ ဝေမာနဲ့ စကားပြောပြီး ဝေမာလဲ ပြန်ရော မယုလဲ အိပ်ရာပေါ်

mgyoe.com

လဲရောနဲ့ မင်းရဲ့အိမ်သူအိမ်သားတွေက စွပ်စွဲတတ်လွန်းလို့ ဝေမာတရားခံမဖြစ်ချင်လို့ တယ်လီဖုန်းနဲ့ ပြောရတာ"

"ကဲ.. လေရှည်မနေပါနဲ့ဦး၊ ပြောမှာ ပြောပါ"

"ပြောမယ် ပြောမယ်၊ နေမကောင်းတဲ့လူတဲ့ စာတော့ ရေးနိုင်တယ်"

"တစ်နှစ်မှ တစ်အုပ် ရေးတာပါကွာ၊ ရက်ပေါင်း ၃၆၅ ရက်နဲ့ တွက်ကြည့်ရင် မယုရဲ့ရေးနှုန်းဟာ တစ်နေ့မှ တစ်ရွက်ရယ်၊ မယုမှာ စာမရေးရင် တရားထိုင်ပဲ၊ အဲဒီလိုမှမနေရင် ရောဂါဆီ စိတ်ရောက် ရောက်ပြီး ရှုးရပါလိမ့်မယ်"

"ရှုးတာကောင်းတယ်၊ ကိုယ့်လိုမှ မနေဘဲ၊ မယု မင်းဟာလေ ကိုယ့်ကိုယ်ကို သိပ်လှည့်စားတာပဲ၊ မင်းအသည်းနှလုံးထဲမှာ ချုပ်နှောင်ထားတာရှိသမျှ အကုန်လုံး လွှတ်ပစ်လိုက်စမ်းပါ၊ သွားလာစား သောက်ပြီး ကိုယ်နဲ့ အတူနေစမ်းပါ၊ မယုပျော့ပါးသွားမယ်ပြောတာ မင်းမှ မနေဘဲ၊ အခုနေသလို ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးလိုနေ သိလား၊ အဲဒီအိမ်ခေါင်းထဲမှာ စိတ္တဇရဲ့ကျေးကျွန်ကြီးလိုပဲ နေ၊ သေရင် ကောင်းတယ်၊ မသေဘဲ ဒေါက်တာဦးနေဝင်းရဲ့ စိတ္တဇဆေးရုံ စိတ္တဇရဲ့ကျေးကျွန်ကြီးများ ပျော်စံရာ တံတားလေးကို ရောက်လိမ့်မယ်"

"ဟား.. ဟား" ကျွန်မသည် တယ်လီဖုန်းပြောစဉ် ရယ်မိ၏။

"ကဲလေ.. စာရေးဆရာမကြီး ဒေါ်ဝေမာဝတီရဲ့ မမဖုရားရဲ့ စကားလုံးတွေကို ရှင့်ဝတ္ထုထဲမှာ သုံးပါ၊ တယ်လီဖုန်းပြောမနေပါနဲ့၊ ကျွန်မရဲ့အသည်းနှလုံးထဲကအပူကို ငြိမ်းရာမှာ ကျွန်မနည်း ကျွန်မ ဟန်နဲ့ ငြိမ်းပါစေ၊ နိဂုံးချုပ်ရင် မင်းနဲ့ ကိုယ် ဘယ်သူအရင်သေမလဲ၊ ဘယ်သူ စိတ္တဇဆေးရုံရောက်မယ် ဆိုတာ သိရမှာပေါ့၊ ဆိုစမ်းပါဦး.. ဘာပြောမလို့လဲ"

"မသေပါနဲ့ဦး၊ နောင်နှစ်ခါ တန်ဆောင်မုန်းမှာ ကျင်းပတဲ့ပွဲကို မကြည့်ခင် ဝေမာ့ပြဿနာကို ကြည့်လုပ်ပေးပါဦး"

"ဘာလဲ"

"ကိုယ့်ကောင်လေးကို လွှတ်လိုက်မယ်"

"ဘယ်ကောင်လေးလဲ ဝေမာ"

အဟုတ်ပင်ပါတည်း။ ကျွန်မ မေးခွန်းမေးယုရလောက်အောင်ပင် ဝေမာ၌ ကောင်လေးများ ပေါ များလှ၏။

"တွမ်လေကွယ်.. တွမ်ကို မင်းမမှတ်မိဘူးလား၊ မောင်အောင်မြင်လေ၊ မအောင်မြင်သေးသော စာရေးဆရာ မောင်အောင်မြင်လေ၊ မင်း နေကောင်းတုန်းက မင်းကို ဝေမာ ခဏခဏပြောနေတဲ့ ကောင်လေးပေါ့၊ သူကလဲ မင်းကို တွေ့ချင်နေတာနဲ့ အတော်ပဲ၊ အတွေ့ခံလိုက်ပါ မယုရယ်"

"ဘာလဲ စာပေအကြောင်း ဆွေးနွေးဖို့လား၊ မင်းသိတယ်မို့လား ဝေမာ၊ မယု ခုတလော ဘာ စာပေအကြောင်းမှ မပြောချင်ဘူး"

mgyoe.com

mgyoe.com

"အောင်မယ်.. စာပေအကြောင်းလောက်နဲ့တော့ ဇေတီလေးကို မယုဆီ ကိုယ်လွှတ်မတဲ့လား၊ ဝေမာ့ဘာသာ ပြောလိုက်မှာပေါ့၊ ခုဟာက ဝေမာ့အကြောင်းလေ"

"ကိုယ့်အကြောင်းပဲ ကိုယ့်ဘာသာ ပြောပါလား ဝေမာရယ်"

"ဒီကောင်လေးနဲ့ကျတော့မှ ဝေမာမပြောရက်ဘူးကွယ်၊ ဝေမာ တွမ်ကို သနားတယ်"

"သနားရင် အစကတည်းက အပြတ်ရှင်းထားပါလား"

"ရှင်းလဲ မရှင်းရက်ဘူး"

"အေး.. မယုက ဘာလုပ်ပေးရမှာလဲ၊ သူတို့ပဲ ပြဿနာတွေ ကိုယ့်ဆီလာပို့၊ ပြီးတော့ သူတို့ပဲ စွပ်စွဲတယ်၊ ပြဿနာတွေ သောင်းခြောက်ထောင် သူ့ခေါင်းထဲ ထည့်ထားတယ်၊ ကမ္ဘာကြီးတစ်ခုလုံး သူထမင်းကျွေးထားတာ ကျနေတာပဲ၊ နေရာတကာ လိုက်ပုပန်နေတဲ့မိန်းမ၊ အစောကြီးက သေဖို့ကောင်းသလေး ရှူးဖို့ကောင်းသလေးနဲ့ ပြောတော့လဲ သူပဲ"

"အလဲ့ ဟဲဟဲ.. ဆောရီး ဆောရီး၊ ဝေမာဟာ ဘယ်လိုမိန်းမစားဆိုတာ သူသိအောင် မင်းလှည့်ပတ် ပြောလိုက်စမ်းပါ"

"ဟိုက်.. အဲဒီတာဝန်ကြီးတော့ မယုကို မပေးပါနဲ့ ဝေမာရယ်၊ မယု တောင်းပန်ပါတယ်"

"ဒီလိုဆိုလဲ သူက စာပေရူးလေး၊ စာပေအရသာခံနေရရင် သူက လောကီအတွေ့တွေကို မေ့ချင် မေ့တတ်တဲ့ကောင်လေးမျိုး၊ ဒီတော့ မင်း ခုလောလောဆယ်တော့ သူ ဆွေးနွေးချင်တဲ့ စာပေအကြောင်းကို ခေတ္တနားထောင်လိုက်စမ်းပါလေကွယ်"

"အင်း"

ကျွန်မသည် စိတ်မပါ့တပါနှင့် သူ့ကို အင်းလိုက် လိုက်ရ၏။ နောက်တစ်ပတ်အတွင်း မောင်အောင်မြင်နှင့် တွေ့နိုင်သောရက်နှင့် အချိန်ကို ဝေမာအား ပြောလိုက်ရပါသည်။ ဝေမထံမှ သိရသလောက်မှ မောင်အောင်မြင်သည် အောင်မြင်သောစာရေးဆရာ ဖြစ်လို၏။ သူ ရန်ကုန်သို့ ထွက်မလာခင်က သူ့အစ်ကိုက ပြောသည်ဟု ဆိုသည်။ "စာရေးဆရာဖြစ်ဖို့ ရန်ကုန်ကို သွားမှတဲ့လားကွာ၊ စာရေးဆရာဖြစ်နေတဲ့လူတွေကို ကြည့်ပါလား၊ သူတို့ ဘယ်လောက်အထိ အောင်မြင်တယ်၊ မအောင်မြင်တယ်တော့ အတိုင်းအတာနဲ့ မပြောပြလိုပါဘူး၊ ဒါပေမင့် ကိုကို တစ်ခုတော့ စဉ်းစားမိတယ်၊ တို့က မြစ်ကြီးနားသားဇာတိတွေဖြစ်တယ်၊ မြစ်ကြီးနားမှာ တို့ဘိုးဘွားစဉ်ဆက်တွေ အိုပြီးသေခဲ့ကြပြီ၊ တို့လဲ အရွယ်ရောက်ပြီ၊ မြစ်ဆုံဆိုတာ မိတ်ဆွေတွေ လာသမျှ သွားလည်ချင်တယ်ဆိုလို့ ပို့ရတဲ့ အခေါက်ပေါင်းလဲ မရေနိုင်ဘူး၊ ခင်နှင်းယု တစ်ခေါက်လာတယ်၊ တစ်ပတ်ပဲ နေသွားတယ်၊ သူလဲ တခြားဧည့်သည်တွေလိုပဲ မြစ်ဆုံကို တစ်ခေါက်ရောက်တာပဲ၊ သူ ပြန်သွားပြီး မိချို့ဝတ္ထုရေးပြီး ငါ့ဆီ တစ်အုပ်ပို့လိုက်တယ်၊ သူ့ဝတ္ထုထဲမှာ မြစ်ဆုံကို ဖွဲ့ထားလိုက်တာ၊ ဒါနဲ့ ငါ့မှာ မေခနဲ့ မလိခမြစ်ဆုံ၊ ငါ့မွေးရပ်မြေမြစ်ဆုံ၊ ရိုးတာနေပြီဖြစ်တဲ့ မြစ်ဆုံကို တစ်ခေါက်ပြန်သွားပြီး ကြည့်မိတယ်၊ စိတ်ကူးစိတ်သန်း သွယ်လှယ် ယှက်တင်ပုံကို ငါသတိပြုမိတယ်ကွာ၊ အေးလေ မင်းလဲ အရွယ်ရောက်လာပြီပဲ၊ သွားချင်တယ်ဆိုလဲ ရန်ကုန်ကို သွားပေါ့၊ ကိုကို မတားပါဘူး" ဟု ပြောသည်ဆို၏။ သူ့မေမေကမူ ထောက်လည်း

mgyoe.com

mgyoe.com

မထောက်ခံ၊ ကန့်လည်း မကန့်ကွက်။ "ဖြစ်နိုင်ရင်တော့ မင်းကိုကိုနဲ့တူတူ ရှမ်းပြည်မှာပဲ အာလူးစိုက်ခင်းတွေ လုပ်ပါလား၊ အလုပ်ဆိုတာ လခစားရယ် ဘာရယ်လို့ မဆိုလိုပါဘူး၊ မင်းကိုကိုလဲ ဒီဂရီရပြီး လခစားဝင်မလုပ်ပါဘူး၊ တစ်ခုတော့ ရှိတယ်၊ ပထမ ကိုကိုလုပ်တုန်းကလဲ သူ့စိုက်ခင်းက အာလူးတွေ အောင်အောင်မြင်မြင်ထွက်ပါရဲ့ ထွက်တဲ့အာလူးတွေ မြို့အရောက်ပို့ဖို့ လမ်းပန်းအခက်အခဲကြောင့် အာလူးဈေးထက် အာလူးတင်ပို့ခစရိတ်က ကြီးလို့ ပထမနှစ် အကြီးအကျယ် ရှုံးရတယ်၊ ဒါဟာ သင်ခန်းစာ ဖြစ်သွားတယ်၊ နောက်နှစ် ဒီအမှားမျိုးမဖြစ်အောင် သူ သတိထားတော့ ခု အာလူးစိုက်ခင်း အောင်မြင်သွားတာပဲ၊ မင်း ရှမ်းပြည်ကို မင်းအစ်ကိုနဲ့ လိုက်မသွားချင်ရင်လဲ ဖလမ်းမှာ တို့မိတ်ဆွေ ရှုန်ကိုပေါင်း ရှိတယ်၊ သူနဲ့တွဲပြီး လိမ္မော်ခြံမှာဖြစ်ဖြစ်၊ ပန်းသီးပဲဖြစ်ဖြစ် စိုက်ပါလား" ဟူ၍ သူ့မေမေက ပြောသည်ဟု ဆို၏။ ရန်ကုန်သွားဖို့ကိုတော့ ကန့်ကွက်စကား မပြောဝေ။

မောင်အောင်မြင် ရန်ကုန်ကို ထွက်မလာခင်က ကိုကိုနှင့် မေမေ့ကို သူ့ရည်ရွယ်ချက်အား ပြောပြခဲ့၏။ မေမေက ရှောရှောရှူရှူပင် အရင်းအနှီးထုတ်ပေးခဲ့၏။ ထိုစဉ်ကတည်းက မောင်အောင်မြင်သည် စဉ်းစားတော့ စဉ်းစားမိပေသား။ စာရေးဆရာဆိုတာ အာလူးပင်စိုက်သလို စနစ်ကျကျ စိုက်လျှင် အာလူးသီးလို သီးလေရော့သလား၊ လိမ္မော်ခြံစိုက်သလို သုံးလေးနှစ် ပျိုးထောင်လိုက်လျှင် လိမ္မော်သီးလို သီးမှာတဲ့လား။ ပြီးတော့ အာလူးသီးနဲ့ လိမ္မော်သီးလို ဈေးမှာ တင်ရောင်းလိုက်လျှင် ဝယ်စားကြရောတဲ့လား။ သူသည် သူ့မေးခွန်းကို သူ့ဘာသာ မေးသော်လည်း သူ့စိတ်သည် သူ့ကို မယ်မယ်ရရ မဖြေပါဟု ဝေမာ့ကို ပြောခဲ့ဖူး၏။ တကယ်ဆိုတော့ သူ့တွင်မဟုတ် ဘယ်သူ့ကိုပင် သွားမေးမေး ဘယ်သူမှ ထိုအဖြေကို တိတိကျကျ ဖြေဆိုလိုလိမ့်မည်မဟုတ်ပါပေ။ သူသည် ကျွန်မနှင့် တက္ကသိုလ်တွင် အတူမနေရပါချေ။ ကျွန်မတို့ထွက်သွားမှ သူက တက္ကသိုလ်သို့ ရောက်လာ၏။ ဝေမာနှင့် ခင်သလို မရင်းနှီးလိုက်ရပါပေ။ ကျွန်မအပေါ် သူ့ထင်မြင်ချက်ကိုတော့ ဝေမာ့အား ပြောပြသည်ဟု ဆို၏။

ကျွန်မသည် စာပေရေးသားခြင်းကို တင်ပြရာ၌ ဓမ္မဆန်လှ၏။ သို့မဟုတ် ဝိပဿနာဟန်နှင့် နှိုင်း၍ တင်ပြတတ်၏။ သူသည် ပဋိစ္စသမုပ္ပါဒ်ကို ဝိဇ္ဇာတန်းတွင် သင်ကြားလာခဲ့သူဖြစ်၍ ခင်နှင်းယု တင်ပြချက်ကို သဘောပေါက်လွယ်ပါ၏။ ဟောပြောပွဲတစ်ခုတွင် ခင်နှင်းယုက လျှော့ရီလျှော့ရဲပင် သူ့ခံယူချက်ကို ပြောပြတတ်၏။ "ဝေဒနာဆိုတဲ့ ခံစားချက်မရှိဘဲ ဝတ္ထုရေးရင်၊ စာရေးရင် ဖတ်ရတဲ့လူကလဲ ခံစားချက်ရှိမယ်မထင်ဘူးလေ" ခင်နှင်းယုက ဤသို့ပင် သူ့ကို ပြောခဲ့သည်ဟု ဝေမာအား မောင်အောင်မြင်က ပြောပြပါသည်။

ယခုထိတော့ မောင်အောင်မြင်သည် သူ့မေမေနှင့် ကိုကိုတို့ကို ခွဲခွာလာခဲ့သည်မှာ သုံးနှစ်ကျော် ကြာခဲ့ပြီ။ စာရေးခြင်းဆိုသည်ကို ဆရာသမားတို့ထံမှ ဇစ် – ဤသို့၊ သုတ် – ကြားလိုက်ရ၏ဟူသော အခြေတွင်ပင် ရှိသေး၏။ တစ်ခါကလည်း ဝေမာကို မောင်အောင်မြင်က ပြောဖူးသည် ဆို၏။ သူ ရန်ကုန်ရောက်သောအခါ သူ့ကို ခင်နှင်းယုသည် အတွေ့မျှပင် မခံ။ သူ့အိမ်သို့ သွားတိုင်း သူ၏ ဝါးစည်းရိုးကာထားသော ခြံကို သော့ခလောက်ခတ်လျက်သာ တွေ့ရ၏။ သူ့အိမ်သားများကလည်း

mgyoe.com

mgyoe.com
ရိပ်သာမှာလိုလို၊ ခရီးထွက်၍ ရိပ်ကြီးပင် နိသွားသလို မရေမရာဖြေကြ၏ဟု ပြောသောကြောင့် ဝေမာသည် ရယ်မောရင်း ကျွန်မအကြောင်း တစ်ပိုင်းတစ်စကို သူ့ကောင်လေးဟု ခေါ်သော တွမ် သို့မဟုတ် မောင်အောင်မြင်အား ပြောပြခဲ့ရသေးသည်ဟု ဆိုသည်။

စာပေနှင့် ပတ်သက်သည်ကလွဲ၍ မောင်အောင်မြင်နှင့် ကျွန်မ ဆက်စပ်မှုမရှိပါပေ။ ဝေမာ အပေါ် စိတ်ဝင်စားသလို ကျွန်မအပေါ် ပုဂ္ဂိုလ်ချင်းအနေနှင့် စိတ်ဝင်စားစရာ ဘာမှမရှိသောအခါ ကျွန်မ၊ မောင်အောင်မြင်နှင့် တွေ့ဆုံရန် ဝန်လေးလျက်ရှိပါသည်။

တရားထက် ပုဂ္ဂိုလ်ကို မင်ကာ ဝေမာနှင့် ရင်းရင်းနှီးနှီးနေသော ဤလူငယ်လေးတစ်ယောက် အား ကျွန်မက ပိုးစိုးပက်စက် ဝေမာ၏အကြောင်းကို ဘယ်လိုပြောရက်ပါမည်နည်း။ သူ့အလို အလျောက် သိလျှင်သာ သိစေ၊ ကျွန်မကတော့ ဝေမာသည် ဘယ်လိုမိန်းမစား ဆိုသည်ကို ပြောပြ မည် မဟုတ်ပါပေ။

ဝေမာအပေါ်တွင် သူငယ်ချင်းတို့ထုံးစံအတိုင်း ပြောမရ ဆိုမရ ကိစ္စများ ရှိခဲ့ပါသော်လည်း ချစ် စရာ အကွက်လေးများလည်း ဝေမာတွင် ရှိသည်ဖြစ်သောကြောင့် ကျွန်မပင်လျှင် သူ့ကို နှင်လွှတ်ကာ ချစ်ခင်နေမိပါ၏။ မောင်အောင်မြင်၏ ဝေမာအပေါ် ချစ်ခင်စွဲလမ်းမှုအတိုင်းအတာသည် မည်မျှရှိသည် မသိ။ ဘုမသိ ဘမသိနှင့် 'မင်း ဝေမာကို မစွဲလမ်းနှင့်တော့' ဟု သစ်စိမ်းချိုး ချိုးဟန် ပြောလိုက်ပါဟု ဆိုသည်မှာ လွယ်မယောင်နှင့် ခက်သော ပြဿနာတစ်ရပ်ဖြစ်၏။

ကျွန်မသည် တောင်ကျချောင်းရေကို သတိရမိ၏။ တောင်ကျချောင်းတွင် တစ်ဟုန်တည်း ရေ ကျလာသောအခါ အိမ်ကျွတ်ပါ၍ ဆင်ပင် မခံနိုင်ကြပါပေ။ သို့သော် ရေများခန်းခြောက်ချိန်တွင် သဲ ပြင် ကွက်ကွက်ပေါ်၌ ရေစီးကြောင်းလေး တစ်ကြောင်းလောက်သာ လက်ညှိုးလေးနှင့် ထောက်ပြနိုင် ရုံလောက် ကျန်ရစ်တတ်၏။ တချို့ တောင်ကျချောင်းများကမူ တစ်ကြိမ်တစ်ခါက အဟုန်အရှိန်နှင့် အလွန်ပြင်းထန်သော ရေလုံးကြီးများ စီးဆင်းလာခဲ့ဖူးသည်ဟု ပြောပြစရာ အထောက်အထားမျှပင် မရှိပါပေ။

သာမန်စီးနေကျ မြစ်များတွင်လည်း ဧရာဝတီလို မြစ်ပြင်ကျယ် ပင်မမြစ်ကြီးကို မဆိုထားနှင့် မူးမြစ်လို မြစ်လေးတစ်ခု ရေလျှံသောအခါ မူးမြစ်ဝှမ်းသည် ရေတွင် စုံးစုံးနစ်၍ စိုက်ခင်းအနှံ့ ဆုံးရှုံး ပျက်စီးရ၏။

ကျွန်မတို့သည် မူးမြစ်ကို မစီးဆင်းပါနှင့်၊ အို..မြစ်ငယ်၊ ဤနေရာတွင်ပင် ရပ်လိုက်ပါဟု ပြောရ ပါမည်လော။

မြစ်ရေမလျှံခင်က ကြိုတင်၍ မြစ်ဝှမ်းတစ်လျှောက် ဆည်ကြီးများ၊ ရေကာတာကြီးများ ကြိုတင် ဆောက်လုပ်၍ တစ်ဟုန်ထိုး ရေရှိန်လျှံတက်လာချိန်တွင် ရေကို ဆယ်ယူထား၍ လမ်းလွှဲပေးရပါမည် လော။

သို့တည်းမဟုတ် မြစ်ကြောင်း၏ရေအနက်ကို ပိုပို၍ နက်ရှိုင်းသွားအောင် ရေစီးလျော့ပါးသော နွေရာသီ ရေကျချိန်တွင် သဲသောင်များကို တူးပစ်ရမည်လော။
mgyoe.com

mgyoe.com

ဩော်.. လူ၏အသည်းနှလုံးမှ စီးဆင်းလာတတ်သော သွေးအရှိန် သို့မဟုတ် စိတ်မာန် ဆိုသည်ကလည်း ပြင်းထန်စွာ အရှိန်အဟုန်နှင့် စီးဆင်းလာတတ်၏။ အရှိန်အဟုန် ပြင်းထန်ဆဲတွင် မိုးတက်၍လည်း ဒုံးနှင့် တိုက်ပစ်ချင်သည်။ ကောင်းကင်ကို တက်၍လည်း မီးရှို့ပစ်ချင်သည်။

ကြို့တင်၍ နှလုံးသွေးလျှံတတ်သည်ကို သိသော ပတ်ဝန်းကျင်ရှိလျှင် အရှိန်အဟုန်နှင့် စီးလာတတ်သော စိတ်မာန်အား သို့မဟုတ် ရမ္မက်ကို ဆယ်ယူ၍ထားတတ်ပါလျှင်လည်း ထိုလူသားငယ်တို့၏ ပတ်ဝန်းကျင်စိုက်ခင်းကို စိုပြည်သာယာအောင် သွေးနှလုံးသွေးအရှိန်သည် ရေအဖြစ် ပက်ဖျန်းပေးပေလိမ့်မည်။

မြစ်ကို တိမ်ကောစေသော သဲသောင်ပြင်ကို တူးပစ်၍ ရေစောက်နက်ရှိုင်းလာလျှင်တော့ တည်ငြိမ်သော ရေစီးဟန်ကို မြစ်ပြင်တွင် တွေ့ရသလို အတွေးအခေါ် နက်ရှိုင်းလာသော အချိန်သို့ ရောက်လာလျှင် သူ၏မျက်နှာပြင်နှင့် ဟန်ပန်လှုပ်ရှားမှုတို့သည် တည်ငြိမ်စွာ ရွေ့လျားလာတတ်သည်မှာ အရွယ်အလိုက် အပြောင်းအလဲသဘောပေပဲ။

ကျွန်မ တွေးတောနေမိ၏။ ရေကာတာဆောက်ဖို့ အုတ်အင်္ဂတေ ရှာရမည်လား၊ သဲသောင်တူးဖို့ သောင်တူးသင်္ဘောကိုပင် ရှာရမည်လား။

မူးမြစ် သူ့ဟာသူ ကောကော တိမ်တိမ် ရေလျှံလို့ မြင်းမိုရ်တောင်ကိုပဲ လွှမ်းလွှမ်း မင်းအပူလားဟု ဆိုရအောင်ကလည်း တကယ်တမ်း ရေလျှံမှုကို မထိန်းချုပ်နိုင်ပါက သီးနှံပျက်စီးမှုမှာ အားလုံးကို ထိခိုက်ပေတော့မည်။ ယာခင်းတစ်ခင်းမက ရေလျှံ၍ ယာခင်းပေါင်းများစွာကို ထိခိုက်လာလျှင် တိုင်းပြည် တစ်ပြည်လုံး ဒုဗ္ဘိက္ခန္တရကပ် ဆိုက်တတ်သလို ငယ်ရွယ်သူတို့၏ နှလုံးသားနာကျင်မှုသည် ကူးစက်တတ်သောရောဂါတစ်ခုဖြစ်၍ လျင်မြန်စွာလည်း လူငယ်တိုင်းသို့ ကူးစက်တတ်ပေသည်။

"ဩော်.. ဤအရာကား ဆေးကု၍မရပါ" ဟူသော သူငယ်တန်းဖတ်စာလေး၏ စကားလုံးသည် တန်ဖိုးရှိပေစွ၊ အဓိပ္ပာယ်လေးနက်ပေစွ။

ချိန်းဆိုထားသောနေ့တွင် မောင်အောင်မြင် ရောက်လာပါသည်။ သူ့အသက်သည် သုံးဆယ်ပတ်ဝန်းကျင်လောက်တွင် ရှိမည်ထင်ရ၏။ အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် ခါးနွဲ့ပုံရသည်။ ရုပ်ရည်လည်း မဆိုးလှပါ။ ကျွန်မစိတ်ထင်တော့ ကျွန်မတို့နှင့် အသက်ဆယ်နှစ်လောက်တော့ ကွာမည်ဟု ထင်ပါသည်။ သူ တက္ကသိုလ်သို့ ရောက်သောအခါ ကျွန်မတို့ ကျောင်းထွက်သွားကြပြီဖြစ်ကြောင်း၊ ကျွန်မကို လိပ်ခုံးကြီးတွင် တစ်ခါပေါ်ပြောပွဲလုပ်စဉ်က တွေ့ဖူးကြောင်း၊ စကားပြောသည်ကို ကြားဖူးကြောင်း၊ မြစ်ကြီးနား မြစ်ဆုံကို လာစဉ်ကမှ သူ ခရီးထွက်နေ၍ မတွေ့လိုက်ကြောင်း ပြောပါသည်။ ဝေမာနှင့်မူ ဇန်းမော်သို့ သူခဏခဏရောက်ဖူး၍ခင်မင်ကြောင်း ပြောပြပါသည်။ ဝေမာသည် ဇန်းမော်ဇာတိ ဖြစ်သည်။ သူနှင့် ဝေမာ ရင်းနှီးမှုကို သူ ဒါလောက်သာ ပြောပြသောကြောင့် ကျွန်မ ကြို့တင်စိတ်ကူးထားသည့်အတိုင်း ဝေမာအကြောင်း ဘာမှထူးထူးထွေထွေ ကျွန်မ မပြောပါ။

ကျွန်မ ခပ်အေးအေး ခပ်ဖြည်းဖြည်းပြောသလောက် မောင်အောင်မြင်သည် ခပ်သွက်သွက်နှင့်

mgyoe.com

mgyoe.com

စိတ်ပါလက်ပါ စာပေကို သူ ဘယ်လောက်ဝါသနာပါသည်ကို ပြောပြရင်းမှ သူ၏လက်ရှိအခြေအနေကို ပြောပြပါသည်။

"ကျွန်တော် အခုလောလောဆယ်တော့ မေမေပေးတဲ့ငွေနဲ့ ဥက္ကလာပမှာ အိမ်လေးတစ်ခု ဝယ်ထားတယ်၊ လေးပင် သုံးခန်းပေါ့၊ ခေါင်းရင်းခန်းနဲ့ ခြေရင်းခန်းကို ငှားထားတယ်၊ မမယု တတ်နိုင်ရင် ကျွန်တော့်ကို တစ်ခု ကူညီစေချင်တယ်"

"တတ်နိုင်တာဆိုရင် ကူညီဖို့အဆင်သင့်ပါပဲ"

"စာရေးဆရာများများနဲ့ တွေ့ဆုံနိုင်မယ့် သတင်းစာတိုက်ဖြစ်ဖြစ်၊ မဂ္ဂဇင်းတိုက်တစ်ခုမှာဖြစ်ဖြစ် အလုပ်ရှာပေးစေချင်တယ်၊ လခရယ်လို့ ကျွန်တော် မလိုချင်ပါဘူး၊ ကျွန်တော် အိမ်လခနဲ့ လုံလောက်အောင် သုံးတတ်ပါတယ်၊ ကျွန်တော် စာပေသမားများများနဲ့ တွေ့ဆုံရင်းနှီးချင်လို့ပါပဲ"

မောင်အောင်မြင်က ထိုအကူအညီတစ်ခုသာ တောင်း၏။ သူ့အကူအညီကို ကျွန်မ ကြိုးစားကူညီခြင်းက ဝေမာ အကြောင်းစုံကို ဖွင့်ပြောသည်ထက် ကောင်းပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အသေးစိတ်ကို သူ သိသိ၊ မသိသိ အကြမ်းဖျင်းအားဖြင့်တော့ ဝေမာသည် ကလေးနှစ်ယောက်အမေ၊ ကိုသိန်းတန်နှင့် ကွာရှင်းထားကြောင်းကို သူ သိထားပြီးဖြစ်သည်။ တခြား စာရေးဆရာမများထက် သာလွန်သည်ဟု မဆိုသာသော်လည်း တန်းတူတော့ သူသည်လည်း ကျော်ကြားသော အမျိုးသမီး စာရေးဆရာမတစ်ယောက်ဖြစ်ကြောင်း မောင်အောင်မြင် သိရှိပြီး ဖြစ်ပါသည်။ ကျွန်မသည် ကျွန်မ၏ မိတ်ဆွေများထဲမှ မဂ္ဂဇင်းတိုက်ပိုင်ရှင် တစ်ယောက်ယောက်နှင့် ဆက်သွယ်ပေးမည့်အကြောင်း ကတိပေးလိုက်ပါသည်။ မောင်အောင်မြင်သည် ကျွန်မကို နှစ်နာရီခန့် အေးအေးဆေးဆေး ပြောပြီး ပြန်သွားပါသည်။

*

ကျွန်မသည် နောက်တစ်ပတ်အတွင်း ကျွန်မ၏မိတ်ဆွေကြီး ဦးထူးမြင့်နှင့် သွားရောက်တွေ့ဆုံရပါသည်။ ဦးထူးမြင့်သည် ယုဂန်ထိုရ်မဂ္ဂဇင်း၏ တိုက်ပိုင်ရှင်ဖြစ်ရုံမက အယ်ဒီတာချုပ်လည်း ဖြစ်ပါသည်။ လက်ရှိထုတ်ဝေဆဲ မဂ္ဂဇင်းများထဲတွင်တော့ ယုဂန်ထိုရ်မဂ္ဂဇင်းမှာ သက်တမ်းအရှည်ဆုံးဖြစ်၍ လက်သင်ရော၊ လက်သစ်ရော၊ ကလောင်အိုရော ကလောင်ဆွေးရော၊ ဆင်ကလောင် နံ့ပြီစုတ် ကလောင်မကျန် ချည်ခင်စွတ်၊ စင်တော်ကောက်၊ အိမ်တော်ပေါက်၊ နန်းကြီးပျော် လယ်တောထွက်၊ ပလက်ဖောင်းစံ ကလောင်ဟန်အမျိုးမျိုးများ ကလောင်သွေးရာ မွေးရာ ပင်မသဖွယ်ဖြစ်ခဲ့၏။ ဦးထူးမြင့်ကို ကျွန်မ တစ်ခုသဘောကျသည့် အကျင့်တစ်ခုရှိ၏။

"ဘယ်စာရေးဆရာကို ကျွန်တော် ဘယ်လောက်ပဲ သဘောကျကျ ကျွန်တော့်တိုက်မှာ အရက်သောက်ခွင့် မပေးဘူး၊ အရက်နဲ့လဲ မပူဇော်ဘူး၊ စာမှမရရင်နေ ဟိုတယ်နဲ့ ဘားကို လိုက်ပြီး အရက်ဖိုးပေးပြီးတော့လဲ စာမရေးခိုင်းဘူး၊ ဘယ်သူ့ကိုမှလဲ အရက်နဲ့ ဧည့်မခံဘူး"

သူ၏ထိုမူလေးကို ကျွန်မအတော်သဘောကျ၏။ ကျွန်မယေ်စဉ်က စာပေလောကတွင် ဘယ်သူကထွင်မှန်းမသိ စာရေးဆရာဖြစ်ဖို့ အရက်သောက်တတ်မှဟူသော ယူဆချက်တစ်ခုပြန့်ပွားလိုက်

mgyoe.com

mgyoe.com

ရာ စာပေဝါသနာပါသော လူငယ်အတော်များများသည် စာပေရှိရာကျွန်းကို ကူးခတ်သွားရင်း အရက်ရေပြင်တွင် စုံးစုံးမြုပ်သွားရသည်ကို တွေ့ရသည်။ ကိုယ့်ဦးနှောက် ကိုယ်ရှင်းရာ၌ ဝါသနာအလျောက် ကိုယ့်ဟာကိုယ် သောက်ကြသည်မှာ သူတို့သဘော သူတို့ဆောင်နေ၍ ကျွန်မတို့က ဝေဖန်ပြောပိုင်ခွင့် မရှိပါ။ သို့သော် အရက်သောက်မှ စာကောင်းထွက်သည်ဆိုသော ကြွေးကြော်သံနှင့်တော့ လူငယ်တို့အား မဖျက်ဆီးစေလိုပါပေ။ ထို့ကြောင့် မောင်အောင်မြင့်နှင့် သင့်လျော်သည်မှာ ဦးထူးမြင့်၏ မဂ္ဂဇင်းတိုက်သာ ဖြစ်သင့်သည်ဟု ကျွန်မ ရွေးချယ်လိုက်ပါ၏။ သူ တွေ့လိုသော စာပေသမားအတော်များများနှင့်လည်း တွေ့နိုင်သည်။ ဦးထူးမြင့်၏ အထိန်းအချုပ်အောက်တွင် သူသည်လည်း ရည်ရွယ်ချက် ပန်းတိုင်သို့ မရောက်စေကာမူ ဇနက္ကမင်းသား၏ သင်္ဘောသားငါးရာလိုတော့ ငါး၊ လိပ်၊ ငမန်းတို့ အစာ မဖြစ်ပါတော့ပြီ။ ဇနက္ကမင်းသားလို ဖွဲကောင်းလျှင်တော့၊ ဦးတည်ချက်ကို မျက်ခြည်မပြတ်လျှင်တော့ သူသည် ဇနက္ကမင်းသား ကျောက်ဖျာရောက်ကိန်း ကြုံတန်ကောင်းပါရဲ့။

ကျွန်မသည် ဦးထူးမြင့်နှင့် တွေ့ဆုံရာတွင် မောင်အောင်မြင့်၏ နောက်ကြောင်းခံနှင့်တကွ ရည်ရွယ်ချက်၊ လက်ရှိအခြေအနေတို့ကို ဝေမာ၏ကိစ္စမှတစ်ပါး ပြောပြလိုက်ပါ၏။

"ကျွန်တော်က မြေတောင်မြှောက်ပေးဖို့ ပင်ကိုဝါသနာပါ၊ မောင်အောင်မြင့်ကို လွှတ်လိုက်လေ၊ တစ်ခုတော့ ရှိတယ် သူ့ အယ်ဒီတာအဖွဲ့ထဲ မပါမချင်းတော့ ကျွန်တော် လခမပေးနိုင်သေးဘူး၊ လေ့လာသူအနေနဲ့ လာပါ၊ လုပ်ပါ"

"ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ်"

"တော်ကြာ ကျွန်တော့်မှာ လောဘကြီးတယ်၊ ကတ်စေးနဲတယ်နဲ့၊ ကလောင်သစ်လဲ မွေးပေးရသေး နာမည်လဲ ပျက်ရသေးတယ်" ဟု သူက ပြောပြပါသည်။

"ပြီးတော့လဲ ဒေါ်ခင်နှင်းယုကို အလုပ်သမားဆက်သွယ်ရေး၊ အလုပ်ရှာဖွေရေးအရာရှိလို သဘောပေါက်ပြီး ပညာတတ် အလုပ်လက်မဲ့တွေ ခြံအနားမှာ လာဝိုင်းနေမှာလဲ သတိထားဦးနော်" ဟု သူက ရယ်စရာနှော၍ ပြောပြပါသည်။

မှန်၏။ တချို့တော့လည်း ကျွန်မအပေါ် ဘယ်လိုသဘောပေါက်ယူဆသလဲ မသိပါပေ။ အိပ်ရာလိပ်နှင့်ကို ခြံဝတွင် လာစောင့်ကာ မတွေ့ရမချင်း မပြန်ဟူသော လူငယ်လေးများကို ကြုံရတတ်၏။ မိန်းကလေးငယ်တို့ကို တွေ့ရ၏။ တချို့က စာပေဆွေးနွေးချင်၍ ဖြစ်ပါသည်။ တချို့က စာပေကို အကြောင်းပြု၍ နိဂုံးချုပ်တော့ အလုပ်ရာခိုင်းကြခြင်း ဖြစ်၏။ ယခင်ကတော့ အားလုံးကို လက်ခံ တွေ့ဆုံပါသော်လည်း ယခုမူ စကားဆယ်ခွန်းလောက် ပြောလျှင်ပဲ လက်ဖဝါးများ၊ ခြေချောင်းငယ်များ ရောင်ရမ်းလာတတ်ပါသောကြောင့် ကိုယ့်အခန်းတံခါး ကိုယ်ပိတ်ကာ ဝိပဿနာတရားကိုသာ ရှုမှတ်၍ နေလိုက်တော့သည်။

ယခုမှပင် ချစ်လှစွာသော စာရေးဖော် စာရေးဖက်၊ ကျောင်းနေဖက် ဒေါ်ဝေမာဝတီ၏ အမှုမွေလာပါသောကြောင့် မနေနိုင် မထိုင်နိုင် သူတို့အရေးအခင်းထဲတွင် ဝင်ရောက်ပါနေရခြင်း ဖြစ်၏။ ဦး

mgyoe.com

mgyoe.com

ထူးမြင့်နှင့်တွေ့ဆုံပြီး မောင်အောင်မြင်ကိစ္စမှာပြီးပြတ်သလောက်ရှိခဲ့၏။ ထို့ကြောင့် အကျိုးအကြောင်းပြောပြရန် နောက်တစ်ပတ်တွင် ကျွန်မထံသို့ မောင်အောင်မြင် လာဖို့ အကြောင်းကြားလိုက်ပါသည်။

မူးမြစ်၏ ရေစီးလျှံအားကို လွှဲပြောင်းယူရာ၌ အောင်မြင်ပါစေ၊ ဆည်ကျိုးကန်ပေါက် မဖြစ်ပါစေနှင့်ဟု ကိုယ့်ဟာကိုယ် ဆုတောင်းရသေး၏။

မောင်အောင်မြင်နှင့် မတွေ့ခင် ရက်ပိုင်းတွင်ပင် ကျွန်မမှာ အရေးအခင်းတစ်ခု ကြုံရပြန်သည်။ ကျွန်မမှာသာ ရေကာတာပဲ ဆောက်ရမလို၊ ဆည်ကြီးတွေပဲ တည်ရမလောက် အင်တေရှာရမည်လား၊ သောင်တူးသင်္ဘောပဲ အသုံးချရမည်လားနှင့် သောက ဗျာပါဒတွေ များနေချိန်တွင် ကာယကံရှင် မမချောကတော့ ယခုခေတ်စကားနှင့် သုံးရလျှင် ပျံနေတော့သည်။ မှန်၏၊ ယခုအချိန်တွင် 'ဈ' နံပါတ် ကားသည် နောက်ဆုံးပေါ်အဖြစ်ဆုံး ခေတ်အမီဆုံးဖြစ်သလို ဝေမာနှင့် ကျွန်မတို့ သုံးဆယ်ကျော်လောက်က 'စ' နံပါတ်သည် နောက်ဆုံးပေါ် ဖြစ်၏။ မှန်ကားရောင်မှာ သပြေညိုဖြစ်၍ ကားရောင်ကိုက ဝေမာ၏အသားနှင့် ဟပ်လှသည်။ သူ မှန်ကားပေါ်မှ ဆင်းလာပုံသည် ကြော့ကြော့မော့မော့ရှိလှပေစွ။ ထိုနေ့က သူသည် သပြေသီးမှည့်အရောင် ပိုးသားအပျော့ လုံချည်ကို ဝတ်ထားသည်။ အင်္ကျီမှာ စံကားဝါရောင် ဇာပြင်ဖြစ်သည်။ ပုလဲတစ်ကုံးတည်း လည်တိုင်တွင် ကပ်၍ဆင်ထား၏။ နွဲ့၍ကွေးရွှေးနေသော ဆံနွယ်များသည် ဖြူဖွေးသော နဖူးပြင်ပေါ်တွင် ကပိုကရိုကျနေသည်။ လက်ကိုင်အိတ် အဖြူကို လက်တွင်ချိတ်ကာ ခုံမြင့်ဖိနပ်အဖြူလေး တခွပ်ခွပ်နှင့် သူ ကျွန်မအပါးကို ပြေးလာ၏။

သူ ယခုလို ပြေးလာဟန်ကို မြင်ရတော့လည်း ကျွန်မ၏ငယ်သူငယ်ချင်း ခင်စိန်ကြည်ကို သတိရမိ၏။ (စိန်ကြည်နော် စိန်ကြည်တွင် ကျွန်မ ခင်စိန်ကြည်၏အကြောင်း ရေးသားခဲ့ပြီးပြီ။)

"မယု နေကောင်းတယ်နော်"

သူသည် ကျွန်မလက်မောင်းသားလေးများကို ကိုင်လှုပ်၍ မြုံးကာမေး၏။ သူ့သွားလေးများသည် လည်တိုင်ဖြူရှိ ပုလဲကုံးနှင့် အလှချင်းပြိုင်နေကြသည်။

"ဟင်.. သူ့မှာတော့ အေးချမ်းလိုက်တာနော်၊ ကြည့်စမ်းပါဦး.. ခွာညိုတွေကလဲ ပွင့်လိုက်တာ" စိန်ရောင်လက်နေသော မျက်လုံးများဖြင့် ကျွန်မနောက်ပါးတွင် ပွင့်နေသော ခွာညိုပန်းချုံကို ကြည့်ကာ ပြောလိုက်၏။

"မအေးချမ်းလို့ ထခုန်နေရမှာလား"

သူသည် ကျွန်မလက်ဖျားကလေးများကို ဆွဲယူဆုပ်နယ်၍ ကျွန်မအား အနားရှိမြက်ခင်းပေါ်သို့ ခေါ်သွား၏။ ကျွန်မတို့နှစ်ယောက်သည် ကြိမ်ကုလားထိုင်နှစ်လုံးပေါ်တွင် ထိုင်မိကြသည်။

"မယုရယ်.. တစ်ခါတလေ ဝေမာလေ မင်းကို ရှုံးမှာလား သေမှာလားလို့ ပြောမိတာတွေ စိတ်မဆိုးနဲ့နော်၊ မယု မင်းပြောသလိုပဲ ဝေမာတော့ တစ်နေ့နေ့ သေရတော့မှာပဲ"

"အေးလေ.. တစ်နေ့နေ့တော့ အားလုံးသေရမှာပဲ အဆန်းလိုက်လို့၊ ဘာဖြစ်လာရပြန်လဲ"

"သေမှာတော့ သိသပေါ့၊ ဒါပေမင့် မယုက အေးအေးငြိမ်ငြိမ်နဲ့ သေရမယ့်လူ၊ ကိုယ်လေ မသေခင် ရှုံးလိမ့်မယ်" ထိုသို့ စကားပြောချိန်တွင် ဝေမာသည် ကြည်ကြည်ဒွေးထက် 'ဟန်' သာသည်ဟု

mgyoe.com

mgyoe.com
ဆိုရမည်၊ နှင်းဆီငုံလို နွတ်ခမ်းပါးလေးနှစ်ခုက ပြုံးဟန်ဖြစ်နေသော်လည်း မျက်လုံးထောင့်တွင် မျက်ရည်များ ရစ်ဝဲနေ၏။

"မရှုးတဲ့တရားကို ရှာမလားဟင်" ဟု ကျွန်မက မေးလိုက်၏။

"နိုး နိုး (No.. No) မယု၊ ဝေမာ့ကို တရားမဟောနဲ့၊ ဝေမာ တရားမနာချင်ဘူး၊ လူတစ်ယောက်ဟာ ရှုးချင်နေရင် ရှုးခွင့်ပေးလိုက်၊ သေချင်နေရင် သေခွင့်ပေးလိုက်၊ ရှုးချင်နေတဲ့ လူတစ်ယောက်ကို မဟာကရုဏာရှေ့ထားပြီး ဆရာဝန်ကြီးပေါင်းများစွာနဲ့ ကုသထားရင် ပတ်ဝန်းကျင်နဲ့ ဆရာဝန်ကြီးများမှာတော့ တာဝန်ကျေပါရဲ့ ကာယကံရှင်နလုံးသားမှာတော့ သူ ရှုးချင်တာကို မရှုးရတဲ့ဒုက္ခဝေဒနာကို ခံစားနေရပုံကို ဘယ်သူမှ စာနာတတ်မှာမဟုတ်ဘူး"

သူသည် သူ၏အဘိဓမ္မာကို ဟောကြားနေ၏။

"ကဲလေ.. ဒီလိုဆိုရင် ဝေမာ့ကို မယု အရှုးထောင် ပို့ပေးရမလား၊ သေဒဏ်အမိန့်ချရမလား ပြော" ဟု ကျွန်မက ဆိုမှ သူသည် တခစ်ခစ်ရယ်မောလိုက်၏။

"ဒါကြောင့် ဝေမာ မိခင်ယုကြီးကို ချစ်နေရတာ"

"ဟင်.. ချစ်ပြန်ပြီလား"

"အမြဲပဲ ချစ်ပါတယ် မယုရယ်၊ မင်းဆီ လာလိုက်ရင် အသက်ရှုချောင်ပြီး စိတ်ဟာ အကုန်လုံး မဟုတ်ပေမင့် တစ်ဝက်တစ်ပျက် အေးမြချမ်းငြိမ်သွားတာပဲ၊ ဒါကြောင့်လဲ လာချင်ပါတယ်၊ ဒါပေမင့် လဲ မလာနိုင်ဘူး၊ တရားမဟောနဲ့ ဆိုတာကတော့ စိတ်ဆိုးလို့ မင်းကိုပြောတာ မဟုတ်ပါဘူး၊ မြတ်စွာဘုရားသခင်ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေကို ဖြည့်လာတာ ဝေနေယျသတ္တဝါတွေကို ချွတ်ချင်လို့တဲ့၊ ဒါပေမင့် မယု မင်းလဲ သိပါတယ်၊ ဘုရားအဖြစ်ကို ရောက်တော့ ဘယ်လိုပဲ မဟာကရုဏာ ရင်မှာပိုက်ပြီး သတ္တဝါတွေကို ချွတ်ချင်ပေမယ့် ဝေနေယျတွေ အကုန်ကျွတ်သလား၊ မကျွတ်လို့ မင်းတို့ ကိုယ်တို့ ကျန်ရစ်တာပေါ့၊ ဟုတ်ဘူးလား"

"ဟုတ်ပါတယ်" ကျွန်မက ဖြေ၏။

"နံနက် မိုးသောက်ယံမှာ မြတ်စွာဘုရားသခင်ဟာ ရွှေဉာဏ်တော်ကွန်ရက် ဖြန့်ပြီးကြည့်လိုက်လို့ ကျွတ်ထိုက်သသူကို မြင်တော်မူရင် ဒီသူရှိတဲ့ဆီကို ဘုရားသခင်ဟာ ကြွသွားပြီး သတ္တဝါစရိုက်ကို ကြည့်ပြီး ချွတ်တော်မူတယ်လို့ တို့များ စာတွေဖတ်ခဲ့ရတယ်မို့လား မယု"

"အင်း.. ဆိုပါဦး"

"ခဏခဏ တို့များ နားလျှံမတတ် ကြားနေရ ဖတ်နေရတဲ့ စကားလုံးတွေဟာ 'ကျွတ်ထိုက်သသူ'၊ သို့မဟုတ် 'ကျွတ်ထိုက်သောသူ' ဆိုတဲ့စကားလုံးမို့လား၊ အဲဒါ သိပ်သဘာဝကျတာပဲ၊ ဒီစကားဟာ အလွန်ကို မှန်တယ်၊ ပဿနာသစ္စာ သက်သေထုတ်ပြဖို့ကို မလိုတဲ့ အလွန်ယထာဘူတကျတဲ့ စကား"

ကဲ.. ကျွန်မကို စာရေးဆရာမကြီး ဒေါ်ဝေမာဝတီသည် တရားဦးဟောနေပြန်လေသည်။ ကျွန်မက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရ၏။
mgyoe.com

mgyoe.com

"ဝေမာဟာ တကယ်တော့ မကျွတ်ထိုက်သေးဘူး မယု၊ ဒီတော့ သုံးလောကထွတ်ထား မြတ်ဘုရားသခင် ယခုထက်တိုင် သက်တော်ထင်ရှား ရှိနေတောင် ချွတ်ရင်မကျွတ်မယ့် မိဝေမာ အရှုံးမကို မင်းလို သောတာပန် အခြေခံတောင် မရောက်သေးတဲ့ ခင်ကြီးပြောက်ရဲ့ နောက် ဆယ်ယောက် မြောက် မိခင်ယုရယ်.. တရားလဲ မဟောပါနဲ့၊ ချွတ်လဲ မချွတ်ပါနဲ့"

ကျွန်မ ရယ်ချင်လာပါတော့သည်။ ထို့ကြောင့် အားရပါးရပင် ရယ်မောပစ်လိုက်ပါသည်။ သူလည်း လိုက်ရယ်ပါတော့သည်။ ဝေမာဝတီသည် ရုပ်လှရုံ၊ အရေးအသားကောင်းရုံမက စကားပြောရော မကောင်းပေဘူးလား။ ထိုအစွမ်းတွေက ဝေမာ၏ ကျော်ကြားမှုကို ထောက်ခံအားပေးနေသည် ဆိုလျှင် မမှားပါပေ။ သူ့စကားလုံးထဲ ပါသော ခင်ကြီးပြောက်ရာဇဝင်ကိုတော့ ကျွန်မပြန်လည်ရှင်းပြရန် လိုမည်မထင်ပါ။ မြန်မာတိုင်းလိုလို 'ဂေါတမနောက် ဂေါတမောက်၊ ဂေါတမောက်နောက် ခင်ကြီးပြောက်၊ ခင်ကြီးပြောက်နောက် တို့နှစ်ယောက်' ဆိုသော ထန်းရည်မူးသမားနှစ်ယောက်နှင့် ခင်ကြီးပြောက်အကြောင်း သိဖူးပြီး ဖြစ်ပါလိမ့်မည်။ ဝေမာအဆိုအရ ကျွန်မသည် ခင်ကြီးပြောက်နောက် ဆယ်ယောက်မြောက်ဆိုသော် ထန်းရည်မူးသမားနှစ်ယောက်၏ ရှစ်ယောက်မြောက် နိဗ္ဗာန်ကို ရောက်မည့်သူဆိုတော့ မဆိုးပေဘူး၊ ဝေမာသည် သူ့စကားကို သူ ဆက်ပြန်သည်။

"ကိုယ်ကတော့လေ အဲဒီ ဆယ်ယောက်မြောက် မိခင်ယုကြီးရဲ့နောက်မှာမှ အယောက်တစ်ရာ မဝေမာပေါ့၊ ဒီတော့ နိဗ္ဗာန်ကို ဖြည်းဖြည်းလိုက်ခဲ့မယ်၊ ခုတော့ မူးပင်ကြီးအောက်မှာ အရက်မွှေးမွှေး အေးအေးလေး သောက်ပြီး မူးနေရစ်ပါရစေတော့"

"ဝေမာ.. မင်း ဒီနေ့ ရူးလာသလား၊ မူးလာသလား စကားအဆန်းတွေ ပြောလို့၊ ပါးစပ်ကသာ တခစ်ခစ်ရယ်နေတယ်၊ မင်းမျက်လုံးမှာ မျက်ရည်စတွေနဲ့"

ကျွန်မပြောသောအခါ သူသည် ဇာနားသတ် လက်ကိုင်ပဝါဖြူ ပါးပါးလွလွလေးနှင့် သူ၏မျက်ခမ်းစကို တို့နေသည်။

"ရူးလဲ မရူးပါဘူး၊ မူးလဲ မမူးပါဘူး၊ ဒါပေမင့်.."

သူသည် ပြောပြောဆိုဆို ကျွန်မ၏လက်ဖျားကို ဆွဲယူကာ သူ့ရင်ဘတ်ပေါ် တင်လိုက်၏။

"ရင်တွေ သိပ်ခုန်မနေဘူးလား"

"သာမန်ခုန်တဲ့နှုန်းလို့ပဲ ထင်တယ်၊ မယု မသိဘူး၊ ဆရာဝန်သာ သိမှာပေါ့"

ကျွန်မကလည်း ကြောင်တောင်တောင်ကြည့်ကာ အေးစက်စက် ဖြေလိုက်မိ၏။

"မဟုတ်ဘူး သိပ်ခုန်နေတယ်လေ၊ ဒီခုန်နှုန်းရဲ့ဒဏ်ကို ဝေမာမခံနိုင်ဘူး၊ ဒါကြောင့် မယုဆီ ပြေးလာတာ၊ တခြားကိစ္စတစ်ခုလဲ ရှိတယ်"

"အင်း.. ဆိုလေ၊ ကိုယ် ဘာကူရမလဲ"

"ဒီမှာ ကြည့်စမ်း"

သူသည် လက်ခလယ်မှ ပလက်တီနမ်နှင့် ကွင်းထားသော တောက်ပသည့် စိန်တစ်တန်းသွား လက်စွပ်ကို ပြ၏။ ပြီးတော့မှ "ဟိုအဘိုးကြီးကို ဝေမာ လက်ခံလိုက်ပြီ" ဟု ဆက်ပြောလိုက်သည်။

mgyoe.com

mgyoe.com

"ဘယ်အဘိုးကြီးလဲ၊ ဘာမှ ကိုယ် နားမလည်ပါလား"

"အေးပေါ့၊ မယုမမြင်ဖူးသေးပါဘူး၊ သူက ကိုယ်တို့ ဗန်းမော်သားပဲ၊ တရုတ်ကပြား၊ ဒီမှာမွေးပေမယ့် ဟောင်ကောင်မှာ ကြီးတယ်လေ၊ ကျောက်စိမ်းကုန်သည်၊ ဖေဖေရှိတုန်းက ဖေဖေ့မိတ်ဆွေ တစ်ယောက်ပါပဲ၊ ဒီနေ့ပဲ သူနဲ့ကိုယ် လက်စွပ်လဲခဲ့ပြီ"

"ကောင်းတာပေါ့၊ မင်းမေမေလဲ မင်းအတွက် စိတ်အေးရတာပေါ့၊ လက်ထပ်လိုက်တယ် ဆိုတော့လဲ ဝေမာ့ဘဝ တည်တည်ငြိမ်ငြိမ်ဖြစ်သွားတာပေါ့၊ ကလေးတွေအတွက်လဲ ကောင်းပါတယ်၊ မင်းမေမေလဲ သဘောကျတယ်မို့လား"

"မေမေ ဘာမှမသိဘူး၊ ဝေမာရဲ့ သားနှစ်ယောက်ကို မေမေ့ဆီ ပို့ထားတယ်၊ ကိုယ် အဘိုးကြီးကို လက်စွပ်လဲခဲ့တာ ကိုယ့်သဘောနဲ့ ကိုယ်ပါ၊ ဒါပေမင့်ကွယ် ဝေမာလေ တစ်သက်နဲ့တစ်ကိုယ် ဒါလောက် မတုန်လှုပ်ဘူး၊ ဒီတစ်ခါ သိပ်ချောက်ချားတာပဲ"

ကျွန်မပင် သူ့အမူအရာကြည့်ကာ သက်ပြင်းရှိုက်လိုက်မိ၏၊ တကယ်လည်း သူ့ ချွေးများပြန်လာသည်ကို နဖူးစတွင် တွေ့ရသည်၊

"ကိုသိန်းတန်ကို တွေ့တုန်းကရော ခွဲလာခဲ့ရတုန်းကရော အဲဒီအခြေအနေတုန်းကလဲ ကိုယ်ဒါလောက် မတုန်လှုပ်ပါဘူး"

"ဝေမာမှ မငယ်တော့ဘဲ ကိုယ့်စိတ်နဲ့ကိုယ် ဆုံးဖြတ်လုပ်ကိုင်ပြီးမှ တုန်လှုပ်မနေနဲ့တော့"

"ဟင်.. ကောင်လေးကို၊ ကောင်လေးကို ကိုယ် မခွဲနိုင်လို့ ထင်တယ်၊ ဝေမာ တွေ့ဖူးတဲ့ ကောင်လေး တစ်ရာ့တစ်ပါးထဲမှာ ဒီကောင်လေးကို ခွဲရတော့မှ ကိုယ်ဘယ်လောက် မသိမသာစွဲနေတယ်ဆိုတာ သိတယ်"

"ဘယ်ကောင်လေးလဲ.. မောင်အောင်မြင်လား"

"ဟုတ်တယ်လေ"

"ဘုရား..."

ကျွန်မက အရင်းမရှိ အဖျားမရှိ ဘုရားတ, မိ၏၊

"အဲဒီတော့"

"အဲဒီမတော့နဲ့တော့၊ ညက ကိုယ် စာရေးတယ်၊ ကောင်လေးဆီကို စာရေးတယ်၊ ခု ပါလာတယ်၊ သူ မင်းဆီကို လာစရာရှိလိမ့်မယ်၊ လာရင် ပေးလိုက်ပါ"

"အင်း.. အလုပ်ကိစ္စတစ်ခုအတွက် သူ နက်ဖြန်လာရမယ်"

"ကဲ.. သွားတော့မယ်နော်၊ ခုလေ ဒီကားက အဘိုးကြီးကားပဲ၊ ကိုယ် ဆွဲလာတာ"

သူသည် စာတစ်အိတ်ကို ထုတ်ပေး၏၊ ကျွန်မနဖူးကို ညင်သာစွာ နမ်းရှုပ်၍ ကားပေါ်သို့ အပြေးလေး တက်သွားကာ ပြုံးမဲ့မဲ့နှင့် နှုတ်ဆက်ရင်း ထွက်ခွာသွားပါတော့သည်၊

ကိုသိန်းတန်မှာ ကလေးများအဖေ ဖြစ်သည်၊ သားနှစ်ယောက်ရခါမှ သူ ကိုသိန်းတန်နှင့် ကွာခဲ့ကာ ကလေးများကို ဗန်းမော်ရှိ သူ့မေမေနှင့် ထားခဲ့ခြင်းဖြစ်၏၊ ကျွန်မတို့က ကျောင်းတွင် ကိုသိန်း

mgyoe.com

mgyoe.com

တန်ကို ဆစ်ဒနီသိန်းတန်ဟု ခေါ်သည်။ ဆစ်ဒနီမှာ ကိုသိန်းတန်၏ အင်္ဂလိပ်အမည် မဟုတ်ပါ။ ဩ စတြေးလျမှ ဆစ်ဒနီမြို့ကို ကိုသိန်းတန် ပညာသွားသင်ရ၍ ဆစ်ဒနီသိန်းတန်ဟု ခေါ်ခြင်းဖြစ်သည်။

သူနှင့် ကိုသိန်းတန် လက်ထပ်ကတည်းက ယောက်ျားလေးသူငယ်ချင်းများကမူ ကြာပါဘူးဟု ပြောပါသည်။ သူတို့ပြောသလိုပင် သားနှစ်ယောက်ရသော သက်တမ်း လက်ထပ်နှစ် ငါးနှစ်အကြာ တွင် သူတို့ ခွဲခွာလိုက်ကြ၏။

ကျောင်းနေစဉ်က ကျွန်မနှင့် တစ်တန်းတည်း မို့မို့ကမူ ခဏခဏ ကျွန်မကို လာပြော၏။ "မင်းရဲ့ ဝေမာ နေထိုင်ပုံကို သတိပေးပါဦး" ဟု ဆို၏။ ကျွန်မက နေ့ကျောင်းသူဖြစ်၍ သူတို့က အဆောင်တွင် နေကြသည်။ တစ်ခန်းတည်း အတူနေနှစ်ယောက်မို့ သူတို့နှစ်ယောက် ရင်းနှီးမှုသည် ညီအစ်မလိုပင် ဖြစ်ပါသည်။ မို့မို့က ကောင်မဟု ခေါ်လျှင် ဝေမာကလည်း စိတ်မဆိုးတတ်ပါပေ။

"မင်းကောင်မကို သတိပေးချင်တာက သူ သရီးအက်ဖ် (3F) ထိနေပြီ သိလား"

ကျွန်မတို့ချင်း ဝေါဟာရကို တခြားလူများ မသိပါ။ သရီးအက်ဖ်ဆိုလျှင် သုံးခါကျ (စာမေးပွဲ သုံးခါကျ) ဟု ရုတ်တရက် ထင်ကြမည်ဖြစ်သည်။ ကျွန်မတို့ခေတ်က တက္ကသိုလ်တွင် အလုပ်သမား ပညာသင်များအတွက် အရစ်ကျဖြေဆိုခွင့်ရှိ၏။ ယခုလုပ်သားကောလိပ်လိုပင် သက်ကြီးတက္ကသိုလ် ကိုလည်း ဖွင့်ထားပါသည်။ ထိုစနစ်ကို စနစ်ဟောင်းဟု ခေါ်သည်။ ကျောင်းနေသူများအတွက်မူ တစ် ပြိုင်တည်း ဘာသာစုံဖြေရသည်။ သုံးခါကျလျှင် ကျောင်းမှထွက်ရ၍ စာမေးပွဲ သုံးခါကျခြင်းကို သရီး အက်ဖ်ဟု ခေါ်ကြပါသည်။ ထိုစနစ်ကိုတော့ စနစ်သစ်ဟုလည်း ခေါ်သည်။ မို့မို့ပြောသော သရီးအက်ဖ် မှာ စာမေးပွဲကျခြင်း မဟုတ်ပါ။ မရှိမသေ ဖော်ပြရလျှင် ဆိုရှယ်ကျလွန်း၍ပဲဖြစ်ဖြစ် ရင်ချင်းအပ် ကပွဲ များမှဖြစ်ဖြစ် အရှိန်လွန်၍ ရလာသော သန္ဓေသားကို သက်ဆိုင်ရာဆေးများ၊ သစ္စာမဲ့ဆရာဝန်များ အကူအညီနှင့် ဖျက်ချကြတတ်သည်။ မည်မျှပင် တိတ်တိတ် လူမသိအောင်လုပ်သော်လည်း ဆိတ် ကွယ်ရာသည် ဤလောကတွင် မရှိပါ။ ကျွန်မတို့ကျောင်းသူများတွင် တစ်ခါထိဖူးသူကို ဝမ်းအက်ဖ် ဟု အမည်တပ်၍ နှစ်ခါထိဖူးလျှင် တူးအက်ဖ်၊ သုံးခါထိလျှင် သရီးအက်ဖ်ဟု ဝေါဟာရကို (တီးတိုး အဘိဓာန်) တွင် ကျွန်မတို့ စကားလုံးထွင်ထားကြခြင်းဖြစ်ပါသည်။

"ကိုသိန်းတန် ပညာသင်သွားနေတုန်း ဒီလိုဖြစ်တာ ဘယ်ကောင်းမလဲ" မို့မို့က စိုးရိမ်တကြီး ပြောပါ၏။

"မယ့ သတိတော့ပေးမယ်လေ၊ တို့လဲ ဒီနှစ် စာမေးပွဲဖြေပြီးရင် တက္ကသိုလ်က ခွာရတော့မယ်၊ သူလဲ အဲဒီတော့ အနေအထိုင် ဆင်ခြင်လာမှာပေါ့၊ ခုထိတော့ သူ ဒီလိုနေတာ ဒီလိုလုပ်တာတွေကို ထမင်းစားရေသောက်လို ခပ်လွယ်လွယ်ပဲ လုပ်နေကျ ရိုးနေပြီပဲဟာ သူ့ကိုယ်သူ မသိတာမှ မဟုတ် ဘဲ၊ သိပ်မပူပါနဲ့ မို့မို့၊ ကာယကံရှင်တွေကိုယ်တိုင် ခွင့်လွှတ်နိုင်ရင် မက်မောရင် ပြီးတာပဲ"

ကျွန်မ ပြောသလိုပင် ကိုသိန်းတန်သည် မသိ၍ပင်လား၊ သိလျက်နှင့် သဘောထားကြီးစွာ ခွင့် လွှတ်နိုင်၍လား မသိ၊ ဆစ်ဒနီမှ ပြန်လာသောအခါ ဗန်းမော်ရှိ ဝေမာတို့အိမ်သို့ လိုက်သွားကာ တခမ်း တနား လေးလေးစားစားပင် လက်ထပ်ယူပါသည်။

mgyoe.com

mgyoe.com

မို့မို့ကတော့ သူ့ထင်မြင်ချက်ကို ပြောပါသည်။ ကျွန်မ ထိုစဉ်က စာစ၍ရေးနေချိန် ဖြစ်၏။ ဝေမာသည်လည်း အိမ်ထောင်သက်တမ်းတွင်ပင် သားငယ်နှစ်ယောက် ရပြီးပေပြီ။

"ဟော့ မိခင်ယုရဲ့ မင်းထင်သလိုမဟုတ်ဘူး၊ သဘောထားကြီးတာ ခွင့်လွှတ်တာတွေ မဟုတ်ဘူး၊ ယောကျ်ားတွေဟာ နှစ်ဆူထွားထွား တင်ကားကားဆိုတာတွေကို အလွန်ကြိုက်တတ်တာ၊ ဒီမိန်းမမျိုးကို သူတို့ အင်မတန်စွဲတာ"

မို့မို့ ထိုစကားကိုပြောချိန်မှာ ကျွန်မတို့ တက္ကသိုလ်မှခွာခဲ့ပြီး ကိုယ့်အလုပ်ခွင်မှာ ကိုယ်ဝင်နေကြချိန် ဖြစ်၏။ မို့မို့သည် ရန်ကုန်အနောက်ပိုင်း အထက်တန်းကျောင်း တစ်ကျောင်းတွင် ဆရာမလုပ်လျက် ရှိ၏။ သူသည်လည်း ဆရာဝန်တစ်ယောက်နှင့် လက်ထပ်လိုက်၏။

"ပြီးတော့လဲလေ လျှာကိုမြက်မြက်ကလေးထိအောင် ဖွယ်ဖွယ်ရာရာချက်တတ်ပြီးအိမ်ထောင်ထိန်းသိမ်းတတ်တဲ့ သိမ်သိမ်မွေ့မွေ့ ကျက်သရေရှိရှိ မိန်းမမျိုးကိုလဲ အိမ်ရဲ့ပင်တိုင်စံ မင်္ဂလာတစ်ပါးအနေနဲ့ သူတို့ လိုချင်ကြတာပဲ"

"ဆိုပါဦး"

"ပြီးတော့လဲလေ ဦးနှောက်ကောင်းကောင်းနဲ့ သူတို့ဘဝအတွက် အပေးအယူ တည့်မတ်ပေးနိုင်တဲ့ ပညာရှင်မိန်းမမျိုးကိုလဲ သူတို့ ကြိုက်တာပဲ"

"ဟင်.. မင်းဟာကလဲ သူတို့ကြိုက်တာချည်းပဲ၊ သူတို့ မကြိုက်တာ ဘာမှလဲ မရှိပါလား"

ကျွန်မက ပြုံး၍ မို့မို့ကို ပြောလိုက်၏။

"အေးလေ.. မင်းကလဲ ယောကျ်ားတို့အကြောင်း မရေးခင် မို့မို့နဲ့သာ ဆွေးနွေးရင် အဲဒါတွေ ထည့်ရေးလို့ ကိုယ်ပြောမှာ"

"ယောကျ်ားတို့အကြောင်းက နံပါတ် (၇) အထိပဲ ရှိသေးတာ၊ ရှေ့ဆက်ပြီး မယု ရေးဦးမှာပေါ့"

"အဲဒီတော့ ယောကျ်ားဆိုတာ အလိုကြီးတဲ့သတ္တဝါတွေကွဲ့၊ မို့မို့ပြောတဲ့ အရည်အချင်းတွေက မိန်းမတစ်ယောက်တည်း ဘယ်စုပြုံပြီး ရှိနိုင်မလဲ၊ မို့မို့ထင်တယ်လေ ဒီတော့ ယောကျ်ားတစ်ယောက်မှာ မိန်းမသုံးယောက်လောက် ရှိဖို့ လိုအပ်နေတယ်"

ဘုရားရေ.. ကျွန်မသူငယ်ချင်းများသည် လူဟုတ်များပါပင်တည်း။ သူ၏အဘိဓာန်ကလည်း မခေပါ။

"အေး.. မို့မို့ရဲ့ တင်ပြချက်ကို ယောကျ်ားအများပိုင်းက ထောက်ခံမှာ၊ ဒါပေမင့် တစ်လင် တစ်မယားစနစ်ကို ခုခေတ်မှာ (ကြိုးစားပြီး ထူထောင်နေပါတယ်) ဆိုခါမှ မင်းက ပဒေသရာဇ်၊ ဧကရာဇ်တွေလို ကိုယ်လုပ်တော် သောင်းခြောက်ထောင်ထားရေးကို တင်ပြနေပြန်ပြီ"

"ဩော်.. မိခင်ယုကလဲ ဆုံးအောင် နားထောင်ပါဦး"

"အင်း.. ဆောရီး ဆောရီး၊ ဆက်ပြော ဆက်ပြော"

"သူတို့ လိုအပ်တာ သူတို့ လိုချင်တာကို မို့မို့ပြောပြတာပါ။ ဒီစနစ် ကောင်းတယ်လို့ ပြောတာမဟုတ်ပါဘူး၊ အေး...ကိုယ်ပြောမှာက ကိုသိန်းတန်ကြီးရယ် အခုရှုးတော့မယ်၊ ပထမတော့ရှင်မောက်

mgyoe.com

mgyoe.com

မောက် တင်မို့မို့နဲ့ သူနဲ့ အပြိုင်သောက်နိုင်တဲ့ ဝေမာကို မက်လို့၊ ပျော်လို့ကို ယူတာ၊ ခုတော့ ဝေမာကို သူ အမီမလိုက်နိုင်တော့ဘူး၊ ပြီးတော့ အိမ်ရဲ့ ကျက်သရေဆောင်မိန်းမမျိုးကို အိမ်မှာ ရတနာအလှ တစ်ပါးလို ထားဖို့ 'ရွှေရင်အေး' မိန်းမမျိုးကို သူ ခုမှ တောင့်တလာတယ်၊ အဲဒါ အဲဒါ သူ့ရင်ထဲ ပဋိပက္ခ ဖြစ်ပြီး မထွေးနိုင် မအန်နိုင်နဲ့ အရက်ချည်း ဖိသောက်တာ ခုတော့ အသည်းခြောက်ရောဂါဖြစ်ပြီး အသားတွေ ဝါထိန်နေတာပဲ"

"ဟင်"

"သွားတွေကလဲ မည်းခြောက်ပြီး ရှည်ကျလာတယ်၊ ရှောက်ဂျက် ရှောက်ဂျက်နဲ့၊ ဟိုတစ်ပတ်က ဆေးရုံမှာ ကိုယ် သူ့ကို သွားတွေ့တယ်၊ အရက်ရှိန်လေးကလဲ မပြေ့တပြေနဲ့ဆိုတော့ ချုန်းချပြီး ငိုတယ်"

"ဩော်.. ဖြစ်မှ ဖြစ်ရလေကွယ်"

"အလကားပါကွာ၊ နှလုံးသားက ကျလာတဲ့မျက်ရည် မဟုတ်ပါဘူး၊ အရက်ရှိန်ပြေရင် သူ ဝေမာ့ နောက်ကို ပြေးလိုက်ဦးမှာပဲ၊ ကိုယ့်ယောက်ျားရဲ့ လူနာအဖြစ် သူ ဆေးရုံတက်ကုရင်း အရက်ဖြတ်ရင်းက သူက ကိုယ့်ယောက်ျားကိုရော၊ မို့မို့ကိုရော သူ့အိမ်ထောင်ရဲ့ အတွင်းရေးကို ဖွင့်ပြောရင်း ဝေမာ့ကို ကွာဖို့ ကိုယ်တို့လင်မယားနှစ်ယောက်ကို တိုင်ပင်တာ"

"မင်း ဘယ်လိုပြောခဲ့သလဲ"

ကျွန်မက မေးလိုက်၏။

"အမယ်.. ဒီတော့လဲ မို့မို့က ဘယ်တိုက်တွန်းမလဲကွ၊ ကိုယ့်သူငယ်ချင်း ဝေမာကိုတော့ မိန်းမသားချင်း ဖြစ်နေတော့ ဘယ် ကလေးနှစ်ယောက်နဲ့ အပြစ်အပယ်ခံရတာ ဘယ်ကြိုက်မလဲ၊ အစက သူ ဘာလို့ ယူသေးလဲ၊ ဝေမာဖောက်တာကို မို့မို့ တစ်ဖက်ကနေ ကျိတ်ဆုံးမချင် ဆုံးမမယ်၊ ဒါပေမင့် ကွာဖို့ရှင်းဖို့တော့ အားမပေးနိုင်ဘူး၊ ဒါကြောင့် ကလေးနှစ်ယောက်မျက်နှာကို ထောက်ထားဖို့ ဒါပဲ ကိုယ်ပြောခဲ့တယ်၊ မယုလဲ အားရင် ကိုသိန်းတန်ကို သွားကြည့်လိုက်ပါ"

မို့မို့က သူ၏ထင်မြင်ချက်နှင့်တကွ သတင်းစုံကို ကျွန်မအား လာပြောပြ၏။ ကျွန်မ ဝေမာကို ခေါ်ယူတွေ့ဆုံကာ သူ့ကို အခြေအနေ ထိန်းထိန်းသိမ်းသိမ်းရှိဖို့ ကျိတ်ကာ ပြောသည်မှလွဲ၍ ကျွန်မ ဘာမှမတတ်နိုင်ပါ။ မကြာခင်ပင် သူတို့နှစ်ယောက် ကွာရှင်းပြတ်စဲကြောင်းသာ သတင်းကြားရပါသည်။ ဝေမာကတော့ ထုံးစံအတိုင်း "ကိုယ့်ကို ဘာမှ တရားမဟောနဲ့ မိခင်ယု၊ မင်းက ပြောမယ်မို့လား၊ ဝေမာ မင်းဟာလဲ ကလောင်တစ်ချောင်းကိုင်ပြီး စာ စ,ရေးနေပြီပဲ၊ ကလောင်ရဲ့ ဣန္ဒြေရော၊ တန်ဖိုးရော၊ မင်းရဲ့ ဣန္ဒြေကိုရော ထိန်းပါဦးလို့ ပြောမယ်မို့လား၊ ဟော့ဝေမာပြောမယ်၊ ကိုယ့်ကလောင်တံက ထွက်လာတဲ့ စာပေက တိုင်းပြည်ကို အဆိပ်မဖြစ်ရင် ပြီးတာပဲ၊ ဝေမာရဲ့ ကိုယ်ကတော့ အဆိပ်တွေ ပြည့်ချင် ပြည့်နေမှာပေါ့၊ ဝေမာ မြွေဟောက်ဆိုတာ မင်းရဲ့သိန်းတန်ကြီး ဆစ်ဒနီကြီး မသိတာမှ မဟုတ်ဘဲ၊ ဘီပီအိုင်မှာဆိုရင်လေ မြွေဟောက် ဘယ်လောက်အဖိုးတန်တယ် အောက်မေ့လဲ၊ သူ့ အဆိပ်ကို ယူပြီး စနစ်တကျပြုပြင်ပြီး အသုံးချတော့ မယုတို့ လယ်သမားဦးကြီးတွေ၊ ဘကြီးတွေ၊

mgyoe.com

mgyoe.com

အဒေါ်ကြီးတွေ မြွေဆိပ်ပြေဆေးတောင် ဖြစ်သေးတယ်၊ အဆိပ်ထုတ်ပြီး မြွေသားကို ကောင်းလှချည့်ရဲ့ဆိုပြီး မြိန်မြိန်ရှက်ရှက် ပွဲတော်တည်တာ ဘယ်ကောင်တွေလဲ၊ မိယုကြီးရဲ့ မင်းစာရေးဆရာမသက်တမ်းမှာ ကိုယ်နဲ့အတူတူပါပဲ၊ မင်းက ပိုပြီး အောင်မြင်ပေမင့် ယောကျ်ားတွေအကြောင်း မင်းမသိတာတွေ ရှိပါသေးတယ်၊ မင်း အပုံကြီး သက်တမ်းငယ်သေးတယ်၊ ဝေမာကို တရားမဟောချင်စမ်းနဲ့ မယု"

မှတ်ကရော.. ဝက်ဝက်သာ ကွဲပါလေရော။ ပက်ပက်စက်စက်ပင် ဒေါ်ဝေမာဝတီသည် ကျွန်မကို ယောကျ်ားတို့အကြောင်း ဟောပြောသွားပါတော့သည်။ ကျွန်မအတွက်မူ ခေတ်စကားနှင့် (S.K) စိတ်ကုန်တယ် စိတ်ကုန်တယ်ဟု ညည်းမိသည်မှတစ်ပါး မဝေမာကို လက်မြှောက်လိုက်ရပါတော့သည်။ ယခုလည်း မောင်အောင်မြင်ထံသို့ ဘာစာတွေ ရေးသွားသည် မသိပါပေ။

မောင်အောင်မြင်နှင့် ဒုတိယအကြိမ် တွေ့ရသောရက်သို့ ရောက်ခဲ့၏။ ဘာတွေ ရေးထားသည်ဟု မသိသော ဝေမာ၏ စာကို ကျွန်မ ရုတ်တရက် မပေးသေးပါ။ မောင်အောင်မြင်ရောက်လာလျှင် ကျွန်မ ဦးထူးမြင့်နှင့် တွေ့ခဲ့သည့်အကြောင်း အပြည့်အစုံကို ပြောပြလိုက်၏။

"ကျေးဇူးတင်လိုက်တာ မမယုရယ်၊ မေမေက ရန်ကုန်သွားဖို့ ငွေရင်းထုတ်ပေးတဲ့သူပါ။ မမယုကတော့ စာပေအရင်းအနှီး မြှုပ်နှံပေးတဲ့သူပါ"

သူသည် လှိုက်လှိုက်လှဲလှဲပင် ပြောလိုက်၏။

"သိပ်လဲ ကျေးဇူးတွေမတင်နဲ့ဦး၊ သူတို့နဲ့အတူ အလုပ်လုပ်ရင်း ကိုယ်ရေးချင်သမျှတွေကိုတော့ ရေးချပြီး သူတို့အယ်ဒီတာအဖွဲ့ကို တင်ပြပေါ့၊ ပယ်ချခံရတာနဲ့တော့ နောက်မဆုတ်နဲ့၊ စိတ်မလျှော့နဲ့"

"ဟင့်အင်း... ကျွန်တော့်စာမူကို အယ်ဒီတာတွေကို ပေးမဖတ်ချင်ဘူး၊ မမယုပဲ ဖတ်ပေး၊ အယ်ဒီတာတွေကို ကျွန်တော် အထင်မကြီးဘူး" သူသည် လူငယ်ပီပီ သူ့စိတ်ထဲရှိတာ ပြောလိုက်၏။

"ဟဲ့.. အဲဒီလိုမပြောနဲ့၊ မမယုတော့ ဖတ်မပေးနိုင်ဘူး၊ ဖတ်လဲ မဖတ်တတ်ဘူး၊ မမယုမှာ အယ်ဒီတာ ဦးနှောက် မရှိဘူး၊ အယ်ဒီတာဆိုတဲ့လူ့ရဲ့ ဦးနှောက်မှာလဲ တို့သိပ္ပံပညာ ကိရိယာတွေနဲ့ တိုင်းမရတဲ့ အရည်အချင်းတစ်ခု ရှိတယ်နော်၊ ဒါကိုတော့ မင်း လေးစားရလိမ့်မယ်"

ကျွန်မ ထိုသို့ပြောလိုက်မှ သူ၏ အမှားပါသော သူ့စကားကို ပြန်၍ ရုပ်သိမ်းလိုက်၏။ တော်ပါသေး၏၊ ခုလိုပုံတော့ မောင်အောင်မြင်သည် ဆိုနိုင်ခက်ခဲသော ကောင်လေးတစ်ယောက် မဟုတ်သည့်အတွက် ဝမ်းသာရပေမည်။

အလုပ်ကိစ္စအတွက် ပြောပြီးမှ "ကျွန်တော် မမယုကို ဖိတ်ရဦးမယ်" ဟု ပြော၏။

"ကျွန်တော်တို့ရပ်ကွက်မှာ စာပေဝါသနာပါသူတွေ ပေါင်းစုပြီး စာကြည့်တိုက်တစ်တိုက် ဖွင့်ထားတယ်၊ အဲဒီစာဖတ်အသင်းက နတ်တော်လဆန်းရင် စာပေဟောပြောပွဲ လုပ်မယ်၊ ဟောပြောဖို့ စာရေးဆရာတွေလဲ ဖိတ်ပြီးပါပြီ၊ မမယု ဟောပြောပွဲကို တက်ရုံတော့ တက်ပါ"

"အင်းလေ.. နားထောင်သူ ပရိသတ်အနေနဲ့တော့ လာမယ်၊ မယုဟာ ခုနေမကောင်းတော့ ရုပ်ရည်လဲ ပြောင်း၊ မျက်မှန်နဲ့ဆိုတော့ တော်ရုံတန်ရုံ မိတ်ဆွေသစ်တွေဟာ မယုကို မမှတ်မိဘူး၊ ပြီးတော့လဲ ဘယ်သူနဲ့မှ ဒါဟာ ဒေါ်ခင်နှင်းယုလေး ဘာလေး မိတ်ဆက်မပေးနဲ့နော်"

mgyoe.com

mgyoe.com

"ကောင်းပါပြီလေ၊ ခြွင်းချက်တွေကလဲ များလိုက်တာ" ဟု ဆို၏။

"ဒါနဲ့ တစ်နေ့က ဝေမာဝတီ လာလည်ရင်း မင်းအတွက် စာတစ်စောင်ပေးသွားတယ်"

ကျွန်မက ဝေမာ့စာကို ပေးရင်း ခပ်ပေါ့ပေါ့လေး ပြောလိုက်၏။

"ဟုတ်ကဲ့ ခုတလော မမဝေရယ် ကျွန်တော်နဲ့ကို မဆုံမိနိုင်ဘူး"

ကျွန်မ အဆင်သင့်ဆောင်ထားသော စာလေးကို လှမ်းယူရင်း သူက ပြောလိုက်၏။ မောင်အောင်မြင်သည် စာကို ထပြန်မသွားဘဲ ကျွန်မရှေ့တွင်ပင် ဖတ်နေတော့သည်။ သူ့မျက်နှာသည် စာဖတ်ရင်းတော့ အသွင်အမူ အမျိုးမျိုး ပြောင်းသွား၏။ သို့သော် နောက်ဆုံးစာအဆုံးတွင် သက်ပြင်းရှိုက်လိုက်၏။ စာကို ကျွန်မလက်သို့ ပြန်ပေးကာ "တော်ပါပေတယ်၊ ဒါကြောင့်လဲ စာရေးဆရာမကြီး ဒေါ်ဝေမာဝတီဖြစ်ရတာပေါ့လေ၊ မမယုပဲ ဖတ်ပြီးသိမ်းထားပါ။ ကျွန်တော့်အပေါ် စေတနာရှိတယ်ဆိုတာကိုပဲ ကျေးဇူးတင်ရဦးမှာပေါ့" ဟု ကြွေအလွန်ဆောင်သောဟန်ဖြင့် သူ ပြောကာ နေရာမှ ထလိုက်၏။

"ကျွန်တော် သူ့ဆီတော့ ဘာစာမှ မပြန်တော့ပါဘူး၊ မမယုကိုတော့ မှာခဲ့ချင်တယ်၊ တစ်နေ့သောအခါ မမယု အစွမ်းရှိလို့များ စာပေပြတိုက်ကြီးတွေ ဘာကြီးတွေ ထူထောင်နိုင်ခဲ့ရင် မမဝေရဲ့စာကို အဓိကရ နောင်လာနောက်သားများ ဖတ်ရအောင် ကျောက်ထက်အက္ခရာတင်ထားပါ" သူက ဆို၏။

"အလိုလေး.. ကြီးကျယ်လှချည့်လား" ကျွန်မက အာမေဍိတ်သံ ပြုမိပြန်၏။

"ကြီးကျယ်ရပါတယ်လေ၊ မမယုရဲ့သူငယ်ချင်း စာရေးဆရာမကြီး ဒေါ်ဝေမာဝတီ သို့မဟုတ် ဦးပုညစကားလုံးနဲ့ သုံးရရင် မုဆိုးတစ်ပိုင်း မိန်းမရှိုင်းကြီးရဲ့စာက အလွန်လျှင် ခေတ်မီ၍ သိပ္ပံနည်းကျကျ ရေးထားသော 'ပျို့ဖြတ်စာ' ကြီးပါခင်ဗျား"

ဟား ဟား.. ဟား ဟား၊ သူသည် ပျော်ရွှင်စွာ ရယ်မောခြင်းမဟုတ်၊ နာကျင်စွာ ရယ်မောရင်း နှုတ်ဆက်၍ ပြန်သွားပါတော့သည်။

တစ်ယောက်တည်း ကျန်ရစ်တော့မှပင် မောင်အောင်မြင်နာမည်နှင့် ပေးသွားသော သိပ္ပံနည်းကျကျ 'ပျို့ဖြတ်စာ' ကို ဖွင့်၍ဖတ်မိပါတော့သည်။

*ကောင်ကလေး..*

*အခုရေးတဲ့ မမဝေရဲ့စာဟာ မင်းအတွက် တန်ဖိုးမရှိပါဘူး၊ ရှိလိမ့်မယ်ထင်လို့ ရေးတာလည်း မဟုတ်ဘူး။ ဒါပေမင့် လူတိုင်းဟာ သူတို့ တကယ်ချစ်တဲ့သူအပေါ်မှာတော့ အမှန်ဖွင့်ဟဝန်ခံခြင်းအမှုကို ပြုရတယ်၊ ဘာမှလည်း ဟန်ဆောင်စရာမလိုဘူး။*

*မမဝေ တရားဟောဖို့ ဒီစာကို ရေးတာမဟုတ်ပေမင့် တစ်ခါတလေ တရားမဟောပါဘူးဆိုရာက လူတွေဟာ ကိုယ့်ဟာကိုယ် တရားဟောနေမိတယ်၊ ကိုယ့်လို မိန်းမတစ်ယောက်ကတော့ ဘယ်သူ့ကိုမှ တရားဟောနေဖို့ မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ 'လွတ်' နေလို့ပဲ၊ စကြဝဠာကြီးဟာ သိပ်သဘာဝကျတာပဲ၊ မြတ်စွာဘုရားသခင်ကလဲ*

mgyoe.com

mgyoe.com

စကြဝဠာအနန္တလို့ ဟောပြောခဲ့တယ်၊ နေရယ်၊ လရယ်၊ ကမ္ဘာလုံးကြီးရယ်၊ ဂြိုဟ်နက္ခတ် တာရာတွေရယ်ဟာ သူ့အဆိုင်းနဲ့သူ လှည့်ပတ်သွားလာနေကြတဲ့ အဆိုင်း တစ်ဆိုင်း ပေါ့။ စကြဝဠာအနန္တမှာဖြင့် ဒီလိုအဆိုင်းလိုက် အဆိုင်းလိုက် လည်ပတ်နေတာတွေဟာ မရေမတွက်နိုင်အောင် ရှိနေလို့ ဘုရားဂေါတမက စကြဝဠာအနန္တလို့ ဟောပြောခဲ့တာ၊ လက်ရှိသိပ္ပံပညာရှင်တွေဟာ နဲ့ထောက်ခံနေကြရပြီ၊ သူတို့ စမ်းသပ်တွေ့ရှိသလောက် လည်း ဒီအဆိုင်းလိုက်လည်ပတ်နေကြတဲ့ အုပ်စုတစ်စုကနေ တစ်စုဆီကို သာမန် သက် တမ်း သာမန်လူ့အနေနဲ့ မရောက်နိုင်လို့ သိပ္ပံပညာ အကူအညီနဲ့ စက်ကိရိယာတီထွင်ပြီး သွားနိုင်အောင် ကြိုးစားနေကြတယ်၊ သွားလည်း သွားနေကြပြီ၊

မြတ်စွာဘုရားသခင်ကသာ သဗ္ဗညုတဉာဏ်နဲ့သိရှိပြီးအနန္တစကြဝဠာအကြောင်း ဟောပြောခဲ့တာကို၊ ရှာန်အဘိညာဉ်တန်ခိုးနဲ့ (စက်မှုသိပ္ပံ မထွန်းကားခင် ခေတ်မှာ) သွားရောက်နိုင်တယ်လို့ ပြောခဲ့တယ်၊ မမဝေတို့ နေတာက လူ့ဘုံနဲ့တကွ ဂြိုဟ်နက္ခတ် တာရာတို့ အဖွဲ့အစည်းတစ်ခု ဆိုပါတော့၊ လူ့လို့ အမည်မတပ်သော်လည်း အဲဒီလို ဘုံ အဖွဲ့အစည်းနဲ့ တခြားဂြိုဟ်သတ္တဝါတွေရှိတဲ့ အဆိုင်းတွေဟာလည်း အာကာသမှာ မရေ မတွက်နိုင်အောင် ရှိနေတယ်ဆိုတာလည်း ဒီနေ့ ကောင်းကင်ရောက် သိပ္ပံပညာရှင်တွေ လက်ခံနေကြရပြီ၊

မမဝေ တစ်နေ့က ရေဒီယိုထဲမှာ အာကာသရှိ ဂြိုဟ်များအကြောင်း နားထောင် ရင်း ဘာစဉ်းစားမိလဲဆိုတော့ တို့ကမ္ဘာမှာ တို့ဟာ လူတွင်ကျယ်တွေဖြစ်ပြီး တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တစ်မျိုးသားနဲ့ တစ်မျိုးသား ဆတ်ဆတ်ထိမခံ ရန်ပွဲကြီးတွေ ကျင်းပနေလိုက် ကြတာ အဝေးရောက် (လဟာပြင်ရောက်) သိပ္ပံပညာရှင်တွေ တခြားစကြဝဠာကို စရီး ထွက်ခွာရင်း အင်မတန်ကွာဝေးလှတဲ့ မိုင်ပေါင်းများစွာက လှမ်းကြည့်လိုက်တော့ တို့ ကမ္ဘာဟာလည်း ကောင်းကင်မှာ ကောင်ကလေးမြင်နေရတဲ့ ကြယ်ပြောက်လက်လက် ကလေး တစ်လုံး သို့မဟုတ် မြေကြီးခဲလေး တစ်ခဲပါပဲ၊ ဘာဂျာရာဇ၊ ဒေါင်းဖန်ဝါဆိုတဲ့ နေမင်းကြီးဟာလည်း ကျောက်ခဲလေးတစ်လုံးစာပါပဲ၊ လေးဆယ်နဲ့ကိုး ယူဇနာရှိတယ် ဆိုတဲ့ လဝန်းကြီးဟာလည်း ပြောင်လက်နေတဲ့ကျောက်ခဲလေးတစ်ခုပါပဲ၊

သို့သော်လည်း ဘာဂျာရာဇနေဝန်းကြီး အမှူးပြုပြီး ကျောက်ခဲပေါင်းများစွာတွေ ဟာ တစ်ဦးရဲ့အားကိုတစ်ဦး ထိန်းပြီး လှည့်ပတ်သွားလာနေပုံကတော့ သဘာဝရဲ့အံ့ဖွယ် တစ်ပါးပါပဲ၊ ဆွဲငင်ခြင်းဆိုတဲ့ အာမုကာသတ္တိအားဟာ အချိုးတကျ ရှိကြလေတော့ တို့ များကမ္ဘာလုံးအပါအဝင် စကြဝဠာတစ်ဆိုင်းကဖြင့် ခုထိ ကမောက်ကမ မဖြစ်သေးဘူး၊

မမဝေကလည်းဗျာ စကြဝဠာအနန္တကနေ စ ချိုနေလိုက်တာ ဘာကို ရေးမလို့လဲ လို့ ကောင်ကလေး မေးချင်မှာပဲနော်၊ တို့အုပ်စုတစ်စုဆိုတဲ့ လူသားတို့ စကြဝဠာ ဆိုပါ တော့၊ ဒါကိုက အားတစ်ခုနဲ့ အားတစ်ခု မှီတွယ်ပြီး လည်ပတ်နေကြရတာဟာ တစ်ဦး

mgyoe.com
နဲ့တစ်ဦး အမှီပြုနေကြရတဲ့သဘောပါပဲ။ ဒါက ရုပ်ဝတ္ထုသဘောတွေမှာပေါ့။ ဒီကမ္ဘာမှာ ရှိတဲ့ သတ္တဝါတွေလည်း ဘယ်က စခဲ့သလဲဆိုတော့ မမဝေဆိုလိုချင်တာကဖြင့် (ချစ်) နဲ့ (ချင်) က စ ခဲ့ကြတယ်လို့ ပြောချင်တယ်။ စသတ်နဲ့ ငသတ်သာ ကွာတယ်၊ ဒီစကား နှစ်လုံးဟာ သဘောအတူတူပဲ။ သံသရာမှာလေ သတ္တဝါတွေ လည်နေကြရတာဟာ ဒီ ချစ်တယ်ဆိုတဲ့ (ချစ်) ကြောင့်နဲ့ လိုချင်တယ်ဆိုတဲ့ (ချင်) ကြောင့်လို့ မမဝေ ပြောတာပါ။ ရုပ်ဝတ္ထုတွေမှာရှိတဲ့ အာမုကာဆွဲငင်အား သို့မဟုတ် ရုပ်ခန္ဓာတွေ ဆွဲငင်ခြင်းဓာတ်အား ဟာ တစ်ဦးကိုတစ်ဦး အမှီပြု လည်ပတ်နေကြရသလို၊ သတ္တဝါတွေရဲ့ နာမ်ခန္ဓာမှာလည်း ချစ်လှပါတယ်၊ လိုချင်လှပါတယ်ဆိုတဲ့ ဆွဲငင်အားတွေနဲ့ တို့သံသရာ စ ခဲ့ကြတာ နုထိ ပါပဲလေ။ ခကွေး စသတ် ချစ်နဲ့ ခကွေး ငသတ် ချင်ကို ဖြတ်နိုင်ရင်တော့ သံသရာပြတ် တာပါပဲ။ ရုပ်ခန္ဓာ၊ သို့မဟုတ် ရုပ်ဝတ္ထုသဘောမှာတော့ အကာယ်၍သာ တို့ဘုံတစ်ခုက ဂြိုဟ်တစ်လုံးသာ ပဲ့ထွက်သွားရင် အားမညီတဲ့ စကြဝဠာတစ်ဆိုင်းဟာ ပြိုပျက်သွား ကောင်း သွားမယ်။ ကောင်းကင်ခရီးသွား သိပ္ပံပညာရှင်တွေဟာ တို့စကြဝဠာရဲ့ အပြင် ရောက်လို့ရှိရင်ပဲ သူတို့ထိတ်လန့်နေရတဲ့ ရန်သူက အဆိုင်းမရှိ အတွဲမရှိဘဲ လွတ်နေတဲ့ ကျောက်ခဲလုံးများ သို့မဟုတ် ဂြိုဟ်တစ်ခုခုဟာ သူတို့ ခရီးသွားယာဉ်ကိုများ လာထိ မလားလို့ စိုးရိမ်နေကြရတယ်။ အားအရှိန်နဲ့ အထိန်းအချုပ်မရှိတဲ့ ဂြိုဟ်ကျောက်ခဲဟာ လူသားခရီးသည်ရဲ့ယာဉ်ကို ထိလိုက်ရင်တော့လေ ကြေမွပျက်စီးသွားမှာပဲ။

'လွတ်' ဆိုတဲ့စကားတစ်လုံးဟာ အင်မတန်ခြားနားတဲ့ အဓိပ္ပာယ်နှစ်မျိုး သက် ရောက်စေတယ်၊ လွတ်မြောက်ခြင်းဆိုတာက ဒုက္ခအန္တရာယ် သို့မဟုတ် ရုပ်ထွေးပွေလီ လှတဲ့ သမုဒယသံသရာတို့က ကျွတ်လွတ်သွားတဲ့အဓိပ္ပာယ်ရတယ်။ အဆိုးတစ်ခုခုက နေ အကောင်းကို ကူးပြောင်းသွားခြင်းဆိုတဲ့သဘောကို သက်ဝင်သွားတယ်။

'လွတ်' တစ်လုံးတည်းဆိုရင်တော့ အထိန်းအချုပ်မရှိဘဲ ပရမ်းပတာဖြစ်နေခြင်း ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ဆိုးရွားနေခြင်း၊ နစ်နေခြင်းသဘောကို သက်ဝင်နေတယ်။ ဥပမာ နွားရိုင်းတစ်ကောင် လွတ်နေတယ်ဆိုတာကိုက ချည်တိုင်က လွတ်ပြီး စည်းမဲ့ ကမ်းမဲ့ သွားရင်းက တွေ့တဲ့လူကို ဒုက္ခပေးတော့မယ်၊ ကောင်ကလေးတို့ခေတ်မှာကို ခေတ်စကားသုံးရရင် "ဒီကောင်တစ်ယောက်'လွတ်'မှာပြနေတယ်ပေါ့" ဆိုရင်အောက် ခြေ လွတ်နေပြီ၊ အရမ်းပျစ်ကျဲနေပြီဆိုတာကို ကောင်ကလေးတို့ သိပြီးသားပါ။

မင်းချစ်တဲ့ မမဝေဟာလည်း (ချစ်) နဲ့ (ချင်) ဆိုတဲ့ သမုဒယနယ်ပယ်က ကိလေ သာ ကုန်ခန်းလို့ လွတ်မြောက်နေသူ မဟုတ်ဘူး။ ချစ်နဲ့ ချင်ကို အထိန်းအချုပ်မရှိ လိုက် စားနေသူ၊ နစ်မွန်းနေသူပဲ။ ခုန ရုပ်ကမ္ဘာက ဂြိုဟ်ကျောက်ခဲတစ်လုံးလို အထိန်းအချုပ် မရှိ လွတ်နေလေတော့ ဘယ်သူ့ကိုထိထိ အားအရှိန်နဲ့ အထိခံရရင် ခံရတဲ့သူတော့ မသက်သာတော့ဘူး မှတ်။
mgyoe.com

mgyoe.com

ဒါပေမင့် တစ်ခုတော့ ရှိတယ်၊ လဝန်းကို အနီးကပ်ကြည့်တော့ အင်မတန်အရုပ်ဆိုးသော ကျောက်ခဲ၊ သဲပြင်၊ ချိုင့်ခွက်တွေနဲ့ ပြည့်နေတဲ့ မြေကြီးလုံး တစ်လုံးဖြစ်တယ်၊ သို့သော် နေမင်းအရောင်နဲ့ ရောင်ပြန်ဟပ်နေတဲ့ သူ့ရောင်ခြည်ကိုတော့ အဝေးရပ်ကဖြစ်တဲ့ တို့ကမ္ဘာကကြည့်ရင် ရွှန်းရွှန်းပပ သာယာတဲ့အလှရောင်ခြည်တစ်ပါးပါပဲ၊ မမဝေဟာလည်း အနီးကပ်ကြည့်တော့ ဆန္ဒတွေနောက်ကို အထိန်းအချုပ်မရှိဘဲကို လိုက်နေတဲ့ အသည်းဗွက်ပေါက်နေတဲ့ မိန်းမတစ်ဦးပဲ၊ ဒါပေမင့် မမဝေနှလုံးသား မျက်နှာပြင်က ရောင်ပြန်ဟပ်လာတဲ့ စာပေကတော့ ကောင်ကလေးတို့အကြိုက် သာယာကြည်နူးစရာ စကားလုံးတွေ၊ အတွေးအခေါ်တွေ၊ အဖွဲ့အနွဲ့တွေ ဖြစ်ကောင်းဖြစ်နေပေလိမ့်မယ်၊ ဘဝအကြောင်းပေပဲပေ့ါ၊

အရှိကိုအရှိအတိုင်း ကောင်ကလေးကို မမဝေပြောပြချင်တာတစ်ခုကတော့ ယခုလောလောဆယ် မမဝေ အိမ်ထောင်ရေးအပေါ် သဘောထားပဲ၊ အတိတ်အကြောင်းတွေ မင်း သိပြီးသားမို့ ဇာတ်လှန်ဖို့ မလိုပါဘူး၊ လက်ရှိမှာတော့ မမဝေဟာ ကုန်သည်ဆန်ဆန်ပဲ၊ ကုန်သည်ဆိုတာကတော့ သူ့အတွက် အမြတ်မကျန်ရင် ဘာတစ်ခုမှ မလုပ်ဘူးဘဲ၊ ဗိသမလောဘ အရင်းခံစိတ်နဲ့ ကုန်သည်ဆိုရင်တော့ နှလုံးသွေးတောင် ဖောက်သောက်ရက်ကြတာပဲ၊ ကိုယ် မလိမ်ပါဘူးနော်၊ ဒါကြောင့် မမဝေတော့ အဘိုးကြီးကို လက်ခံလိုက်ပြီ၊ အဘိုးကြီးနဲ့ လက်စွပ်မလဲခင် ညဦးမှာ ဒီစာကို ရေးလိုက်တာပါ၊ သူက ဟောင်ကောင်က ကျောက်စိမ်းကုန်သည်ပဲ၊ မမဝေ လိုချင်တဲ့ အသုံးအဖြုန်းစရိတ်.. ဟဲဟဲ၊ တစ်နည်းဆိုရသော် ရင်းနှီးမြှုပ်နှံမှုကို ပေးနိုင်တဲ့သူတစ်ယောက်ပဲ၊

မမဝေကို မင်းက မမဝေမှာရှိတဲ့ အရည်အချင်းကို တိုင်းထွာတဲ့နေရာမှာ ရှိရင်းစွဲထက် ကောင်ကလေးရဲ့ပေတံက ပိုမြင့်နေပေလိမ့်မယ်၊ တစ်ခုတော့ ပြောပြချင်တယ်၊ မမဝေဟာ သာမန်ပုထုဇဉ်တစ်ယောက်ဖြစ်လေတော့ သူများတကာလိုပဲ ငိုတတ်တယ်၊ ရယ်တတ်တယ်၊ ပြောင်လှောင်တတ်တယ်၊ လွမ်းဆွေးတတ်တယ်၊ စာရေးဆရာဖြစ်လို့ ခံစားမှုအာရုံဟာ သာမန်လူသားတစ်ယောက်ထက်တောင် ပိုမိုပြင်းပြသေးတယ်၊ တစ်ရာ့ တစ်ပါးသော အုပ်စုလူသားထဲမှာ မမဝေမျက်ရည်ကို ကျအောင်ချူနိုင်သူဟာ မင်းတစ်ယောက်ပါပဲ၊ ဒါကြောင့် ဒီစာရေးအပြီး မမဝေရှိုက်လှိုက်လှဲလှဲ ငိုကြွေးမိတယ်၊

ဒါပါပဲ ကောင်ကလေး၊ လွတ်နေသော ကြိုဟ်တစ်လုံးဟာ သနားငဲ့ညာစွာနဲ့ မင်းကို ရှောင်ကွင်းပြီး လိမ့်သွားပါပြီ၊ မင်းရဲ့အသည်းနှလုံးကို မကွဲပျက်စေလိုတဲ့ စေတနာ ပါတယ် ဆိုတာကိုဖြင့် ယုံကြည်စွာ လက်ခံစေလိုပါတယ်၊

ချမ်းမြေ့ရွှင်လန်းပါစေလို့တော့ ဆုမတောင်းချင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကောင်ကလေးတစ်ယောက် ဒီစာဖတ်ပြီး စိတ်ချမ်းသာမှာမှ မဟုတ်ဘဲ၊ ဒါကြောင့်

mgyoe.com

mgyoe.com

*ကောင်ကလေး မိမိကိုယ်ကို ကောင်းစွာဆောက်တည်နိုင်ပါစေလို့ပဲ မင်္ဂလာသုတ်ဆန် ဆန် ဆုတောင်းလိုက်ပါတယ်။*

*လွတ်နေသောဂြိုဟ်တစ်လုံး*

စာအဆုံးတွင်တော့ ကျွန်မမှာ ပင့်သက်ကြီး ရှူလိုက်မိပါ၏။ အားလုံးပဲ တော်ကြပါပေသည်ဟု ချီးမွမ်းမိပါ၏။ ရေးသည့်သူကလည်း မိမိချစ်သူကို မလှည့်စားလို၍ ဖြတ်စာရေးသည်ကိုပင် အထက် ဘဝဂ်၊ အောက်အဝီစိ နှံ့သည့် စကြဝဠာ အာကာသရော၊ လဟာပြင်ရော၊ ဂြိုဟ်နက္ခတ်တာရာပါ မကျန် 'လွတ်' ဆိုသော စကားကိုပင် အဘိဓာန်ဖွင့်၍ ရေးပြတတ်ပါပေသည်။ ထိုစာကို နာမည်တပ် သူ မောင်အောင်မြင်ကလည်း မခေလှပါ။ 'သိပ္ပံနည်းကျကျ ပျို့ဖြတ်စာ' ဟူ၍ နာမည်ပေးသွား၏။ နောင်သောအခါ မောင်အောင်မြင်သည် ကျော်ကြားသော စာရေးဆရာတစ်ယောက် ဖြစ်မည် မဖြစ် မည်တော့ မသိ၊ နာမည်ပေးရာတွင်တော့ စကားလုံးအရွေး ကောင်းလှပါသည်။ အားလုံးပဲ ကောင်း ကြ တော်ကြပါပေ၏တကား။

*

မောင်အောင်မြင် ဖိတ်ခေါ်သော စာဆိုတော်နေ့ ဟောပြောပွဲသို့ ကျွန်မနှင့်အတူ တက္ကသိုလ် ကျော့မှူးပါ သွားကြမည်ဖြစ်သည်။ တက္ကသိုလ်ကျော့မှူးသည် အမျိုးသမီးစာရေးဆရာတစ်ဦးဖြစ်၏။ သူ ဘီအေဘီအယ် အောင်ထား၍ ဝတ်လုံလိုက်သည့်၊ ကျွန်မလိုတော့ စာများများမရေး၊ သို့သော် သူ ၌ ဝတ္ထုများ မြစ်ဖျားခံရာ အတွေ့အကြုံနှင့်တကွ ဖြတ်သန်းလာရသော ဘဝခရီးကလည်း အထိအတွေ့ များပုံရ၏။ သူ စေတနာ့ဝန်ထမ်း ထမ်းဆောင်နေသော အလုပ်ကပင် ဝတ္ထုများ မှိုလိုပေါက်ရာနေရာ ဖြစ်သည်။

လေလွင့်နေသော လူငယ်လေးများ ရှိသလို အမျိုးသမီးငယ်များလည်း ရှိသည်။ ကားပေါ်နှင့် တိုက်ပေါ်ရှိ အမျိုးသမီးများအတွက် မှန်ကားရောင် အုတ်တိုက်အကာအကွယ် မိဘဂုဏ်ရှိန်တို့က ဖုံးဖုံးဖိဖိနှင့် ထိန်းထားသောကြောင့် ဆိုးဆိုးရွားရွားအခြေအနေသို့ ရောက်နေသည့်တိုင်အောင် အမြင်မဆိုးလှဟု ဆိုရပေမည်။

ပလက်ဖောင်းပေါ်မှ အမျိုးသမီးကလေးများအတွက်မူ ဒေါ်ကျော့မှူးလို စေတနာ့ဝန်ထမ်း အသင်းနှင့် လူမှုဝန်ထမ်းဌာနသာ အားကိုးရာ ရှိပေသည်။ ပတ်ဝန်းကျင်မကောင်း၍ ပျက်စီးရခြင်း၊ အုပ်ထိန်းသူတို့၏ ကွပ်ကဲမှု မလုံလောက်၍ ပျက်စီးရခြင်း၊ စီးပွားရေးကြောင့် ပျက်စီးရခြင်း၊ ပင်ကိုဉာဉ်ဗီဇ ကိုက မိန်းကလေးတွင်ဖြစ်စေ၊ ယောက်ျားလေးများတွင်ဖြစ်စေ မွေးရာပါ 'ကဲကို ကဲရပါမှ' ဟူသော စိတ်များ ပါလာ၍ ပျက်စီးရခြင်း အမျိုးမျိုးရှိ၏။ ပလက်ဖောင်းနှင့် အုတ်တိုက်ကတော့ မတူပါပေ။ အုတ် တိုက်ပေါ်မှ လေလွင့်သူများကို မိတ်ကပ်လိမ်းကျံခြင်းဖြင့် အကျည်းတန်သမှုကို အရောင်တင်၍ဆက် လက် နစ်မွန်းမသွားအောင် အကာအကွယ်ပေးနိုင်ကြပါသော်လည်း ပလက်ဖောင်းပေါ်ကမူ သနပ်ခါး ဘဲကျားပင် မရိုက်နိုင်။ မိတ်ကပ်ကလည်း အပေါစားဖြစ်၍ ချွေးထွက်မခံသောကြောင့် လမ်းသရဲမ အဖြစ်သို့ မဖုံးမဖိနိုင် ရောက်ရသောအခြေအနေ ဖြစ်ကြရသည်။

mgyoe.com

mgyoe.com

"ဒေါ်ခင်ယုရယ်.. ဝတ္ထုရေးနေရုံနဲ့လဲ မပြီးဘူးလေ၊ စာရေးဆရာကတော့ ဒီကလေးမလေးတစ်ယောက်အကြောင်း သူ ကလောင်သွက်သရွေ့ ရေးခြယ်ဖော်ပြတတ်ရင် သူ့မှာ နစ်မွန်းနေသူများရဲ့ ရှေ့နေကောင်း ဝတ်လုံကောင်း၊ ပလက်ဖောင်းသရုပ်ကို နိုင်နင်းအောင် ဖော်ပြနိုင်သူအဖြစ်နဲ့ ဆုတော်လာဘ်တော်များလဲ ရတတ်သပေါ့၊ ဝတ္ထုလဲ စာဖတ်ပရိသတ် လက်ခံရင် လက်ခံသလောက် ငွေကြေးရှင်တာပေါ့လေ၊ ကာယကံရှင်အနေနဲ့ကတော့ ဒေါ်ခင်ယု သူတို့နေရာ ဝင်ကြည့်ပါလား"

ဒေါ်ကျော့မှုံး ဆိုလိုချက်ကို ကျွန်မ နားလည်ပါသည်။ သူက အဖွဲ့နှင့် အစည်းနှင့် ကျွန်မရေးသားခဲ့သလို မှုးမြစ်ရေလျှံမှုကို လိမ္မာစွာ ထိန်းချုပ်သူများထဲတွင် တစ်ယောက်အပါအဝင် ဖြစ်ခဲ့၏။ သူ့မှာလည်း သောင်တူးရသောအခါလည်း ရှိ၏၊ ဆည်လည်း ဖို့ရ၏၊ တာတမံလည်း ဆောက်ရ၏။ အဖွဲ့အစည်းနှင့် လုပ်ရသောအခါ ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်သည်၊ ခရီးရောက်သည်ကို တွေ့ရ၍ ကျွန်မ သူ၏လုပ်ရပ်ကို သာဓုခေါ်ပါသည်။ သူ့ကိုလည်း ကြည်ညိုပါသည်။ ကလောင်မှတစ်ဆင့်သာ လူထုနှင့် ဆက်သွယ်နိုင်သော ကျွန်မ၏အထီးကျန်ဘဝကိုလည်း ကျွန်မ တစ်ခါတလေ ဝမ်းနည်းမိပါသည်။ စာရေးရင်းမှ အလုပ်ဖြစ်ကြသူများထဲတွင် ဒေါ်ဒဂုန်ခင်ခင်လေးနှင့် ဂျာနယ်ကျော်မမလေးတို့လည်း ပါကြသည်။

ဒေါ်ဒဂုန်ခင်ခင်လေးသည် သူ၏ယုဝတီကလောင်အသင်းမှ အမျိုးသမီး စာရေးဆရာ အတော်များများ မွေးထုတ်ပေး၏။ ကျော်ကြားခြင်း၊ အောင်မြင်ခြင်းတို့ကတော့ ကံတရားအလျောက်ပင် ဖြစ်သည်။ လက်ရှိလည်း ယုဝတီဂျာနယ်မှနေ၍ လက်သင် စာပေဝါသနာရှင်လေးများကို ကလောင်သွေးရာ နေရာပေးထားသောကြောင့် မိန်းကလေးငယ်များကို မြေတောင်မြှောက်ပေးသည်နှင့် တူ၏။ ထို့ကြောင့်ပင် သူ၏ပြုအပ်သော ကုသိုလ်ကိုလည်း ကျွန်မ သာဓုခေါ်မိပါ၏။

'Culture' ခေါ် အင်္ဂလိပ်စကားလုံး (ကားလ်ချား) ကို ယဉ်ကျေးမှုဟု ဘာသာပြန်ကြ၏။ တိုက်ရိုက် စကားလုံးတွင်မူ 'မွေးမြူခြင်း'၊ 'ပြုစုခြင်း'၊ 'စိုက်ပျိုးခြင်း' အဓိပ္ပာယ်များ ရသည်။ ကနုကမာခွံထဲမှ ပုလဲကိုပင် ကမာ၏အခွံထဲတွင် သိပ္ပံနည်းနှင့် မွေးမြူ၍ရသော ပုလဲကို 'မွေးပုလဲ' သို့မဟုတ် Culture Pearl ဟု ခေါ်ကြသည်။ ဒေါ်ဒဂုန်ခင်ခင်လေးသည်လည်း သူ့အသိုင်းအဝိုင်းနှင့် သူ့အင်အားရှိသလောက်တော့ ကနုကမာခွံထဲမှ ပုလဲရတနာများကို မွေးမြူထုတ်လုပ်ပေးသူ အမျိုးသမီးကြီးတစ်ဦး ဖြစ်၏။

ဂျာနယ်ကျော်မမလေးမှာ ကျွန်မ မှတ်မိသရွေ့ လွန်ခဲ့သော ၁၀ နှစ်လောက်က ထင်ပါသည် 'Pen Club' ခေါ် စာရေးဆရာကလပ်လေးတစ်ခု ဖွဲ့စည်းဖြစ်အောင် သူကြိုးစားခဲ့၏၊ ထိုကလပ်မှ ဆွေးနွေးပွဲများ လုပ်ပေးရုံတင်မက စာရေးဆရာသင်တန်းကို စိတ်ပါသူများ ဦးစီးစုပေါင်း ဖွဲ့စည်းကာ ဖွင့်ပေး၏။

သို့သော် နိုင်ငံရေးဝါဒ အရောင်မကင်းသူတို့က ဝင်ရောက်လာကာ ဘယ့်နယ် ဘယ့်နယ် စာပေကလပ်မှ စာပေသမဂ္ဂသို့ ရောက်သွားသည်မသိ၊ နိုင်ငံခြားသံရုံးများ အရောင်အရှိန် ဝင်လာသောကြောင့် ကျွန်မလည်း စာရေးဆရာသမဂ္ဂနှင့် အဆက်အသွယ်ပြတ်သွားသည်။ အစ်မကြီး မမလေး

mgyoe.com

mgyoe.com

လည်း သူ၏ မွေးပုလဲရတနာ ကြိုးကုံးလေး ကျိုးပြတ်သွားသောကြောင့် ဝမ်းနည်းကြေကွဲနေလေ သလား မသိ၊ ပုလဲကုံးကို ကြိုးဆက်၍ သီကုံးသည်ကို ကျွန်မ မတွေ့ရပါတော့ချေ၊ မည်သို့ပင်ဆိုစေ သူ လုပ်နိုင်သရွေ့ လုပ်ခဲ့သော အလုပ်အတွက် ကျွန်မမှာ သာဓုခေါ်ရပါသည်၊

ကျွန်မကတော့ သာဓုခေါ်ရသော အပိုင်းတွင်သာ ရှိနေ၏၊ ယနေ့လည်း မောင်အောင်မြင်တို့ ရပ်ကွက် စာပေဟောပြောပွဲသို့ သာဓုခေါ်ရန် ဒေါ်ကျော့မှူးနှင့် နှစ်ယောက်ချိန်းကာ တောင်ဥက္ကလာပ သို့ သူ့ကားနှင့်ပင် ထွက်လာကြခြင်းဖြစ်၏၊

မောင်အောင်မြင်၏ အိမ်လေးကိုတော့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါသည်၊ သို့သော် သူ၏ အိမ်သုံးခန်းစလုံး တံခါးပိတ်၍ တိတ်ဆိတ်နေ၏၊ ဘေးအိမ် မေးကြည့်သောအခါ ရဲစခန်းကို သွား ကြောင်း၊ အိမ်ရှေ့ရှိ ပန်းစင်ခုံတန်းလေးတွင် ထိုင်၍စောင့်ရန်၊ မကြာမီ ပြန်လာမည့်အကြောင်း ပြော၍ ကျွန်မနှင့် ဒေါ်ကျော့မှူးသည် ပူပန်စိတ်ဖြင့် စောင့်နေကြပါသည်၊ မကြာခင်ပင် မောင်အောင်မြင်နှင့် လူနှစ်ယောက် ကျောင်းသားရွယ် လူငယ်တစ်ယောက်၊ ကလေးသုံးယောက်၊ မိန်းမတစ်ယောက် ပြန် လာကြ၏၊

"ဘယ်လိုဖြစ်ကြတာလဲ" ဟု ကျွန်မက မေးလိုက်၏၊ မောင်အောင်မြင်သည် သူ့နောက်မှ လူ နှစ်ယောက်အား သော့ တစ်ယောက်တစ်ချောင်းစီ ပေးလိုက်၏၊ ကျွန်မဘေးတွင် ထိုင်နေသော တက္ကသိုလ်ကျော့မှူးအား အားနာသောမျက်လုံးများနှင့် ကြည့်လိုက်၏၊

"မမယုကတော့ ကိုယ့်အစ်မလိုဖြစ်နေလို့ ကိစ္စမရှိပါဘူး၊ မမကျော့မှူးကိုပဲ ကျွန်တော် အားနာ နေတယ်၊ ကျွန်တော်က ဖိတ်ပြီး အိမ်ရှင်က သော့တန်းလန်းနဲ့ တံခါးပိတ်သွားမိနေလို့၊ ကဲ.. အိမ်ထဲ ဝင်ကြပါဦး" မောင်အောင်မြင်က တောင်းတောင်းပန်ပန် ပြောလိုက်၏၊

"ကဲ.. လုပ်စရာရှိတာ လုပ်ပါ၊ တို့များကို အားနာမနေနဲ့၊ ဟောပြောပွဲမီရင် ပြီးတာပဲ" ကျွန်မက ပြောလိုက်၏၊

"မီပါတယ်၊ ကိစ္စကလဲ မီအောင်ပဲ ပြီးပြတ်သွားတယ်၊ ပထမတော့ ကျွန်တော်တို့ ဟောပြောပွဲ ကို ညမှ လုပ်မလို့၊ ဒီဘက်ကနေ မြို့ထဲ ပြန်ရမယ့်သူတွေ မိုးချုပ်ရင် ကားအခက်အခဲဖြစ်မှာ စိုးလို့ပါ၊ ဟောပြောပွဲကို သုံးနာရီစ မယ်လေ၊ ခြောက်နာရီအပြီးမှာ ဟောပြောတဲ့ စာရေးဆရာကြီးတွေနဲ့ ဧည့် သည်တွေကို ထမင်းကျွေးပြီး ပြန်ပို့မယ်၊ ဒီတော့ ပြန်ချိန်ကလဲ သိပ်မမှောင်တော့ဘူး အတော်ပဲ" မောင်အောင်မြင်သည် ကျွန်မတို့နှစ်ယောက်ရှေ့ မျက်နှာချင်းဆိုင်ရှိ ခုံတန်းလျားပေါ်တွင် ထိုင်ရင်း ပြောပြ၏၊

"မောင်ရင်က ဘာကိစ္စပွေနေလို့လဲ" ကျွန်မက မေးလိုက်၏၊ မောင်အောင်မြင်သည် ရယ်ရင်း ဖြေလိုက်သည်၊

"ပြော မပြောချင်ပါဘူး မမတို့ရယ်၊ ခုန သော့နှစ်ချောင်းပေးလိုက်တဲ့ လူနှစ်ယောက်က တစ် ယောက်က ခြေရင်းခန်း ငှားနေတဲ့သူ ရုံးစာရေး ဦးသောင်းဟန်တဲ့၊ တစ်ယောက်က ခေါင်းရင်းခန်း ငှား

mgyoe.com

mgyoe.com
နေတယ်၊ မင်းစေ ကိုငွေတဲ့၊ ကျွန်တော်က အလယ်ခန်းမှာနေတယ်” သူ့အိမ်ခန်းများကို လက်ညှိုးထိုးပြကာ မောင်အောင်မြင်က ဆက်၍ပြော၏။

“ကျွန်တော်က တစ်ကိုယ်ချင်းသမားဆိုတော့ အိမ်မှာလဲ တယ်မရှိလှဘူး၊ ဒီကြားထဲ မနေ့က အယ်ဒီတာချုပ် ဦးထွန်းမင်းက ညအယ်ဒီတာနဲ့ သူနဲ့ စာပေဟောပြောပွဲတစ်ခု သွားစရာရှိလို့ ဒီတစ်ည ကူပေးစမ်းပါဆိုတာနဲ့ ကျွန်တော် ညက တိုက်မှာအိပ်တယ်၊ ခုမနက် ပြန်လာတော့ အိမ်ငှားတွေ အခန်းလဲ သော့ပိတ် တိတ်ဆိတ်နေတယ်၊ အိမ်နီးနားချင်းတွေ မေးတော့ ရဲစခန်းကို လိုက်ပါဆိုတာနဲ့ လိုက်သွားရတယ်”

“ဘယ်လိုဖြစ်လို့လဲ” ဒေါ်ကျော့မှူးက မေး၏။

“တော်ပါသေး၊ ဂါတ်မရောက်ကြသေးဘူး၊ ဆယ်ဦးကော်မတီဥက္ကဋ္ဌဆီမှာပဲ ရှိနေသေးတယ်” ထိုစဉ်က ဆယ်ဦးကော်မတီခေတ် ဖြစ်သည်။

“အဖြစ်က ဘယ်လိုဖြစ်လဲဆိုတော့ ခြေရင်းခန်းငှားနေတဲ့ ဦးသောင်းဟန်က သားတစ်ယောက်နဲ့ မုဆိုးဖို၊ သူ့သားလေးက မက်ထရစ်မှာ စာမေးပွဲနီးလို့ ညကျရင် စာကျက်ရတယ်၊ ခေါင်းရင်းခန်း ငှားနေတဲ့ လင်မယားကတော့ လင်က ရုံးမင်းစေ၊ မယားက ဈေးလေးဘာလေး ရောင်းတယ်၊ သူတို့က ကလေးသုံးယောက်ရှိတယ်၊ ခုတလော ဘာဖြစ်လဲဆိုတော့ မင်းစေလုပ်တဲ့ ကိုငွေက ညဦးလောက်ကျရင် ဘိုးတော်ဝင်သတဲ့၊ ဈေးထဲက ကုန်စိမ်းသည်တွေ ဘာတွေ လာလာပြီးမေးရင်း ဘိုးတော်အတွက် ရေစင်ဖိုးတို့ ဘာတို့ နှစ်ကျပ် သုံးကျပ် ထည့်ထည့်သွားတယ်၊ ဘိုးတော်က အတုလား အစစ်လားတော့ ကျွန်တော်လဲ မသိဘူး၊ သူများကိုးကွယ်တာလဲ အနှောင့်အယှက် မပေးချင်တာနဲ့ ကျွန်တော်လဲ ဘာမှဝင်မပြောဘူး၊ လောလောဆယ်တော့ မင်းစေလုပ်တဲ့လူမှာ ဝင်ငွေလေးတော့ ချောင်သား၊ ရပ်ကွက်ထဲမှာ ဒီလိုပဲ စားပေါက်ထွင်နေကြတာရှိတော့ ကိုငွေအတွက်လဲ ငွေဝင်လမ်း မပိတ်စေချင်တာနဲ့ ကျွန်တော် ကြည့်နေတာ၊ တစ်နေ့ညကတော့ ဘိုးတော်က နည်းနည်းဝင်တာ နောက်ကျပြီး ညဉ့်နက်သွားတယ်၊ ပြီးတော့ ဘိုးတော် စိတ်တိုနေလား မသိပါဘူး ‘ငါ့ကို ခဏခဏ မပင့်နဲ့ ငါအလုပ်များတယ်၊ နင်တို့ ဘာလျှောက်ထားစရာရှိလဲ၊ လျှောက်စရာရှိ မြန်မြန်လျှောက်ကြစမ်း၊ ရှိသလား’ဆိုတာ ထပ်ကာတလဲလဲ ဒေါ်နဲ့ မောနဲ့ ဘိုးတော်က ပြောတော့တာပါပဲ၊ ညဉ့်နက်တော့ လူခြေတိတ်နေတော့ အသံက ပိုကျယ်နေသလိုဖြစ်နေတာပေါ့၊ ကျွန်တော်တောင် ခါတိုင်း စာထဲ စိတ်ဝင်စားနေလို့ ဂရုမပြုမိဘူး၊ ဒီတစ်ခါ ကျွန်တော်တောင် စာဖတ်လို့မရဘူး၊ ဘိုးတော်ကလဲ ‘ရှိသလား၊ မရှိရင် ငါကြွတော့မယ်’ နဲ့ လေးငါးဆယ်ခါသာ ထပ်မေးနေတယ်၊ တကယ်လဲ မကြွဘူး၊ အဲဒီလိုဖြစ်နေတုန်း ခြေရင်းခန်း ငှားနေတဲ့ ဦးသောင်းဟန်ရဲ့ သားက စာကျက်နေရင်းက ‘မရှိလို့’ အော်လိုက်မိတယ် ခင်ဗျ၊ ကလေးဆိုတော့ ‘ကြွစရာရှိလဲ မြန်မြန်ကြွ’ လို့ ဆက်ပြောလိုက်တယ်၊ ညကတော့ ကျွန်တော် ကလဲ တိုက်မှာအိပ်တယ်၊ ကျွန်တော်အိမ်ခန်းတွေက အတွင်းဘက် အခန်းကာထားတာက ကျူထရံနဲ့ ခေါင်မိုးအထိ မဟုတ်ဘူး၊ လူတစ်ရပ်ကျော်ကျော်ပဲ မြင့်တယ်၊ ညကလဲ ဘိုးတော်က ကြွလာပြီး ဒေါ်နဲ့ မောနဲ့ ကျွန်တော်ရှိတဲ့ ညတုန်းကလို အော်သတဲ့၊ ဒီတစ်ခါတော့ ဘိုးတော်က ဘယ်လိုပြောလဲ

mgyoe.com

mgyoe.com

ဆိုတော့ 'ငါ့ကို မရှိမသေ ဟိုတစ်နေ့က မရှိလို့ ပြောတဲ့လူတွေလဲ သတိထား' ဆိုပြီး ကြိမ်းသတဲ့၊ ဦးသောင်းဟန်က ဘာမှမပြောဘဲ ထင်းပေါက်ခြမ်းကြီးနဲ့ပဲ၊ သူ့ဘက်ကနေ ပေါက်တာ ကျွန်တော့်အခန်းကျော်ပြီး ကိုငွေအခန်း သွားမှန်တာ ဘယ်လောက်ပေါက်လဲတော့ မသိဘူး၊ ဘိုးတော်လာမေးတဲ့ ကုန်စိမ်းသည်တွေလဲ ပြေးရောတဲ့၊ ဘိုးတော်လဲ ဘယ်ကြွသွားလဲ မသိဘူး၊ ကျွန်တော့်ထရံလဲ ပြို၊ ဦးသောင်းဟန် ထင်းပေါက်ခြမ်းအစိတ်လဲ ကုန်ရောတဲ့၊ ရပ်ကွက်က လာကြည့်ပြီး ကိုငွေရော၊ ဦးသောင်းဟန်ကိုရော ရဲစခန်း သွားပို့ကြသတဲ့၊ နှစ်ဦးစလုံးကပဲ ဂါတ်ကို တိုင်ကြတယ်၊ ကျွန်တော်ပြန်လာတော့ အကျိုးအကြောင်းသိလို့ လိုက်ရတာ"

ကျွန်မတို့သည် ဘိုးတော်လည်း ပြေး၊ ထရံလည်းပေါက်၊ လူတွေလည်း ရဲစခန်းရောက် ဇာတ်လမ်းကို နားထောင်ရင်း ရယ်မောမိကြ၏။

"ဒါနဲ့ ခုနောက်ဆုံး ဘယ်လိုပြေလည်ကြလဲ" ဒေါ်ကျော့မှုးက မေးလိုက်၏။

"ကျွန်တော်ကပဲ ရဲစခန်းမှုးရော၊ အိမ်ငှားနှစ်ဦးကို ပြောပြရတာပေါ့၊ ကျွန်တော့် အိမ်ဖျက်ဆီးမှုနဲ့ တရားစွဲရမှာက ကျွန်တော်ပါ၊ ကျွန်တော့်အိမ်မှာ မနေရဘူးလို့ ခင်ဗျားတို့ကို နှင်ပြန်လဲ ရန်ကုန်မှာ အိမ်အသစ်ရှာရတာ မလွယ်ဘူးလို့၊ ခုလေ မမတို့ သိလား... ရန်ကုန်မှာ ရေလောင်းအိမ်သာနဲ့ဆိုရင် ခု ကျွန်တော့်အခန်းလောက် တစ်ခန်းကို စပေါ် ၃၀၀၀ဝိ ရတယ်၊ ဒီတော့ ခင်ဗျားတို့ကိုလဲ ကျွန်တော် မနှင်ရက်ဘူး၊ ရုံးတွေ ဂါတ်တွေမှာလဲ ခင်ဗျားတို့ အပူလုပ်မနေနဲ့၊ ရှိတာလေးတွေ ကုန်လိမ့်မယ်၊ ကိုယ့်အချင်းချင်း ပြေလည်အောင်ရှင်းကြလို့ ပြောရတယ်၊ ရဲစခန်းမှုးကလဲ ဝင်တောင်းပန်ရတယ်၊ နောက်ဆုံးတော့ ဆယ်ဦးကော်မတီဥက္ကဋ္ဌရဲ့အဆုံးအဖြတ် နာခံပါ့မယ်လို့ သဘောတူညီကြတာနဲ့ ဥက္ကဋ္ဌကြီးဆီ ရောက်သွားရောခင်ဗျ"

"ဥက္ကဋ္ဌကြီးက ဘယ်လို အဆုံးအဖြတ်ပေးလိုက်လဲ" ကျွန်မက မေးလိုက်၏။ မောင်အောင်မြင်သည် ရယ်မောရင်း ဆက်ပြောပြ၏။ သူ့ဖြတ်ထုံးက မဆိုးလှဘူးဗျ၊ ဥက္ကဋ္ဌကြီးက ပြောတယ်၊ ခု ကုန်ဈေးနှုန်းနဲ့ဆိုတော့ မင်းစေ ကိုငွေလဲ စားပေါက်မပိတ်စေချင်ဘူးတဲ့၊ ဒီတော့ သူလဲ ကိုငွေရဲ့ဘိုးတော်ကို အစစ်လား အတုလား မသိဘူးတဲ့၊ ဒီတော့ ကလေးသုံးယောက်နဲ့ စားဝတ်နေရေး မပြေလည်ရင် ဘိုးတော်ဝင်မြဲ ဝင်စေတဲ့၊ သို့သော်လဲ ဥက္ကဋ္ဌကြီးက အချိန်ကန့်သတ်လိုက်တယ်၊ ဘိုးတော်ဝင်ချိန်သည် လူခြေတိတ်ဆိတ် မဖြစ်စေရ၊ မိမိ ဘိုးတော်ဝင်ခြင်းသည် အိမ်နီးနားချင်းနှင့် ကပ်လျက်အခန်းများကို အနှောင့်အယှက်မဖြစ်စေရ၊ အထူးသဖြင့် မက်ထရစ်ကျောင်းသားများ စာကျက်ချိန်ကို အနှောင့်အယှက်မဖြစ်စေရတဲ့၊ ဦးသောင်းဟန်ကိုလဲ အိမ်ရှင် မောင်အောင်မြင်ကို ကျေနပ်အောင် တောင်းပန်ပါတဲ့၊ ထရံပြိုပေါက်မှုအတွက် ပြေလည်မှုရအောင် လုပ်စေတဲ့၊ နောင်ကို ထင်းခြမ်းနဲ့တော့ မပေါက်နဲ့ လူမှန်လို့ ခေါင်းပြိုရင် ဆေးရုံသွားရတာထက် ဆေးရှာရတာ မလွယ်ဘူးတဲ့၊ မကျေနပ်ကြောင်းကို လောက်ပလုံးနဲ့ပဲ ဘေးဘက်က သွပ်ထရံကို ထိအောင်ပေါက်ပြစေတဲ့"

မောင်အောင်မြင် စကားဆုံးလျှင် ကျွန်မတို့အားလုံး ရယ်မောကြပါသည်။

"ဘိုးတော်တပည့် ကိုငွေကလဲ ကျေနပ်သွားရောလား"

mgyoe.com

mgyoe.com

"ကျေနပ်ပုံရပါတယ်၊ ကျွန်တော့်အခန်းကလဲ အခန်းဖွဲ့တာကိုသာ ကျူထရံနဲ့ ဖွဲ့တာ၊ ဘေးဘက် အကာတွေကတော့ သွပ်နဲ့ အခိုင်အခန့် ကာထားပါတယ်၊ မဆိုးဘူးဗျ သူ့ဖြတ်ထုံးက.."

"အင်း.. ဘိုးတော်လဲ အချိန်စာရင်းနဲ့ ဖြစ်သွားတာပေါ့လေ" ဒေါ်ကျော့မှူးက ဆိုလိုက်၏။ ကျွန်မတို့သည် သုံးနာရီထိုးခါနီးတွင် ရပ်ကွက်ထဲရှိ စာကြည့်တိုက်သို့ ဟောပြောပွဲနားထောင်ရန် ထွက်ခွာလာကြပါသည်။ ကျွန်မ တောင်းပန်ထားသလို မောင်အောင်မြင်သည် ဘယ်သူနှင့်မှ ကျွန်မတို့ နှစ်ယောက်ကို မိတ်ဆက်မပေးပါ။ ထင်သည်ထက် ပရိသတ်များပြား၍ ကျွန်မတို့သည် တခြားပရိသတ်များနှင့်အတူ ရောနှောထိုင်လိုက်ကြသည်။ မောင်အောင်မြင်တစ်ယောက်သာ သူတို့ စာဖတ်သင်း အမှုဆောင်လူငယ်များ ဟောပြောပွဲကော်မတီလူကြီးများနှင့်အတူ စီစဉ်စရာရှိသမျှများကို ဟိုသွား ဒီသွား စီစဉ်ရင်း အလုပ်ရှုပ်နေ၏။

မကြာခင်ပင် ပရိသတ် ငြိမ်ငြိမ်သက်သက် ဖြစ်သွား၏။ စာဖတ်ရုံလေး ပြည့်သွားရုံမက ယာယီ ကျူထရံမိုးထားသော မဏ္ဍပ်ကလေးတွင်လည်း ပရိသတ်သည် အပြည့်ပင်ဖြစ်၏။ စာဖတ်ခန်းနောက်ဘက်တွင် စောစောက ရောက်နေဟန်တူသော ဟောပြောမည့် စာရေးဆရာကြီးနှစ်ဦးနှင့် စာရေးဆရာမကြီးတစ်ဦးတို့ စင်ပေါ်တက်လာ၏။

အခမ်းအနားမှူး တင်ကိုကိုက ဟောပြောပွဲ စတင်ကြောင်း ကြေညာကာ အသင်းဥက္ကဋ္ဌက လည်း ဟောပြောပွဲအကြောင်းကို အတိုချုပ်ပင် ပြော၍ ဟောပြောပွဲ စပါတော့သည်။ ဟောပြောပွဲကို ကျွန်မတို့က စာရေးဆရာကြီးများ စတင်ဟောပြောမည်ထင်သော်လည်း မဟုတ်ပါ။ တစ်သွင်ဆန်း သစ်၍ နေပါသည်၊ တင်ကိုကို အရင်ဦးဆုံးပြော၍ ကျွန်မတို့ အံ့ဩသွား၏။ သို့သော် သူတို့နှင့်စာရေး ဆရာကြီးများ ညှိနှိုင်း၍ ဟောပြောပွဲပုံစံသစ်ကို ထွင်သည်မှာ မဆိုးလှပေ။ တင်ကိုကိုသည် စတင်၍ ပြောတော့သည်။

"ကျွန်တော်က စာရေးဆရာကြီး မဟုတ်ပါဘူးခင်ဗျ၊ စာဖတ်ဝါသနာပါတဲ့ လူငယ်တစ်ယောက်ပါ၊ ဒီနေ့ ကျွန်တော်တို့ တောင်ဥက္ကလာပမှာ ကျင်းပတဲ့ စာဆိုတော်နေ့ ဟောပြောပွဲဟာ စိတ်ဝင်စားစရာ တစ်မူဆန်းသစ်နေပါတယ်၊ ရန်ကုန်မြို့တော်ကြီးနဲ့တကွ အနယ်နယ်အရပ်ရပ်မှာ စာဆိုတော်နေ့ အထိမ်းအမှတ်နဲ့ ဟောပြောပွဲတွေ ကျင်းပနေပါပြီ၊ ကျွန်တော်တို့ဆီကိုလဲ ရန်ကုန် စာရေးဆရာကြီး များ လာရောက်ဟောပြောကြပါမယ်၊ ဟောပြောမယ့် ပုဂ္ဂိုလ်တွေကတော့ အားလုံး သုံးဦးပါ၊ ပထမ ဟောပြောမယ့်သူက စာရေးဆရာကြီး မင်းရဲဒိဗ္ဗ၊ ဒုတိယဟောပြောမယ့်သူက အမျိုးသမီး စာရေး ဆရာ ဒေါ်ဥက္ကာပျို၊ တတိယ ဟောပြောမယ့်ပုဂ္ဂိုလ်က စာရေးဆရာ ဦးသာလွန်ပါပဲ၊ သူတို့ဟာ နိုင်ငံ ကျော်ကြီးတွေဆိုတော့ ပရိသတ်နဲ့ သူတို့စာပေကို ကျွန်တော် မိတ်ဆက်ပေးဖို့ မလိုပါဘူး၊ သူတို့ အားလုံးလဲ စင်ပေါ်မှာ အဆင်သင့် ထိုင်နေကြပါပြီ"

ကျွန်မအပါအဝင် အားလုံးသော စင်အောက်ပရိသတ်သည် စင်ပေါ်ရောက် စာရေးဆရာကြီး များကို စိတ်ဝင်စားစွာ ကြည့်ရင်း တင်ကိုကို၏စကားကို ဆက်လက်နားထောင်နေကြ၏။ သူသည် ဆက်၍ပြော၏။

mgyoe.com

mgyoe.com

"ဒီဟောပြောပွဲ မဝင်ခင် ဟောပြောမယ့် နိုင်ငံကျော် စာရေးဆရာကြီးများနဲ့ ဒီဟောပြောပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်တဲ့ ကျွန်တော်တို့လူစု ကော်မတီအဖွဲ့ငယ်လေး တွေ့ဆုံဆွေးနွေးကြပါတယ်၊ စာရေးဆရာကြီးများက ဒီလိုအကြံဉာဏ်ပေးပါတယ်၊ ဟောပြောပွဲဆိုတာကတော့ အမြို့မြို့မှာလဲ လုပ်၊ နာမည်ကျော် စာရေးဆရာကြီးများက ဟောပြော၊ ပရိသတ်က နားထောင် ပြန်သွားနဲ့ ကောင်းလဲ ကောင်းပါတယ်၊ ဒါပေမင့် ရိုးပြီး တိုးတက်မှုမရှိသလိုပဲတဲ့၊ ပိုမိုလဲ စိတ်ဝင်စားအောင် နားထောင်သူ ပရိသတ်နဲ့ ဟောပြောသူတွေလဲ နီးနီးနောဖလှယ်ခွင့်တင်မက နားထောင်တဲ့ပရိသတ်၊ သို့မဟုတ် စာဖတ်ပရိသတ်များဟာ သူတို့ချစ်တဲ့ စာရေးဆရာများအပေါ် ဘယ်လိုရှိတယ်၊ ဘယ်လို ထင်မြင်တယ်ဆိုတဲ့ လေ့လာသုံးသပ်ခြင်းကိုလဲ သူတို့ သိချင်ပါတယ်တဲ့၊ သူတို့သုံးဦးရေးတဲ့ စာပေအရေးအသားတင် မဟုတ်ပါဘူးတဲ့၊ တခြားစာရေးသူများအပေါ် ထင်မြင်ချက်လဲ စာဖတ်ပရိသတ်က ပြောပါစေတဲ့၊ ဒီအကြံဉာဏ်ဟာ အတော်ကောင်းတယ်ခင်ဗျ၊ ဒါပေမင့် ခုဟောပြောပွဲမှာ ရုတ်တရက်ဆိုတော့ အစီအစဉ်က ဖြုန်းစားကြီးဖြစ်နေလို့ နောက်နှစ် ဟောပြောပွဲကို ရက်သတ္တပတ်လုပ်မယ်၊ ကြိုတင် ပြင်ဆင်ပြီး စာဖတ်ပရိသတ်၏ ခံယူချက် ဆိုပြီး စာရေးဆရာကြီးများ မဟောပြောခင် တစ်ယောက် မိနစ် ၂၀ နဲ့ ခုနစ်ရက်မှာ ခုနစ်ယောက်ပြောဖို့ စီစဉ်ထားပါတယ်၊ ပိုမိုကျယ်ပြန့်အောင်လဲ ကျွန်တော်တို့ ကြိုးစားပါ့မယ်လို့ စာရေးဆရာကြီးများကို ကျွန်တော် တောင်းပန်တယ်၊ ဒီတော့ စာရေးဆရာကြီး ဦးသာလွန်က နောင်နှစ်ကျတော့လဲ နောင်နှစ်ပေါ့တဲ့၊ ဒီနှစ် စတိဖြစ်ဖြစ် လုပ်ပါတဲ့၊ ခုပွဲမှာကို စာဖတ်ပရိသတ်ထဲက တစ်ယောက်လောက်တော့ သူတို့ဟာ အောင်မြင်သော စာရေးဆရာကြီးများရဲ့ စာပေလှုမ်းမိုးမှုအောက်က ရရှိတဲ့ သင်ခန်းစာအကောင်းဖြစ်ဖြစ်၊ အဆိုးဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း ပြောပါစေတဲ့၊ ဒီနှစ်အစ ဈေးဦးပေါက် တင်ကိုကိုပဲ နမူနာလေး ပြောစမ်းပါတဲ့၊ ဒါကြောင့် ကျွန်တော့်ရဲ့ ခံစားရချက် သင်ခန်းစာတစ်ခုကို ပြောပြပါ့မယ်"

ပရိသတ်သည် အတော်သဘောကျသွားတော့၏၊ လက်ခုပ်ဝိုင်းတီးကြ၏၊ မှန်၏၊ နောင်နှစ်စာဖတ်ပရိသတ်ထဲမှ သူတို့ဖတ်သော စာပေများကို ဘယ်လိုထင်မြင်ယူဆသည်ကို လွတ်လပ်စွာ အန်ထုတ်ခွင့် ရကြပေတော့မည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျ၊ ကျွန်တော့်စကားထဲမှာ ရိုင်းပျတာတွေ ပါချင်ပါသွားမှာစိုးလို့ပါ"

တင်ကိုကိုသည် စကားခံ၍ သူ၏သင်ခန်းစာကို စတင်ပြောပြပါသည်။

"ကျွန်တော်ဟာ စာရေးခြင်းထက် စာဖတ်ခြင်းကို ဝါသနာပါပါတယ်၊ ကျွန်တော် တက္ကသိုလ်ကို မရောက်ခဲ့ပါဘူး၊ ရုံးစာရေးလေး လုပ်ရင်းက အားလပ်ချိန်ဆို ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်နဲ့ တခြား ဗဟုသုတ ရတဲ့ စာပေ ဆောင်းပါးတွေလဲ တော်တော်များများ ဖတ်ပါတယ်၊ ကျွန်တော် တချို့စာရေးဆရာများရဲ့မျက်နှာကို မမြင်ဖူးပေမင့် စာရေးဆရာအတော်များများကို ချစ်လဲ ချစ်တတ်ပါတယ်၊ တစ်နေ့တော့ ကျွန်တော်ချစ်တဲ့ စာရေးဆရာကြီးတစ်ဦးရဲ့စာ ကျွန်တော် ဖတ်ပါတယ်၊ သူ ရေးတဲ့ဝတ္ထုတိုလေးက တိုတိုလေးပါ၊ ဝတ္ထုကြောင်းကတော့ အိမ်ထောင်ပြုဖို့ သူချစ်သူကို သွားတောင်းတယ်၊ သူ့မှာကလဲ

mgyoe.com

mgyoe.com

ငွေကြေး သိပ်မတောင့်တင်းဘူး၊ လက်ထပ်ပြီးရင်တော့ မိန်းမတစ်ယောက် ကျွေးမွေးနိုင်ဖို့တော့ သူ့ဝင်ငွေ ရှိတယ်ပေါ့၊ ဒါပေမင့် တင်တောင်းဖို့စရိတ်ကျတော့ လက်ထပ်ပွဲမှာ ယောက္ခမလောင်း ကျေနပ်အောင် မင်္ဂလာပွဲ မလုပ်နိုင်ဘူး၊ သူ့ချစ်သူကလဲ အမေကျေနပ်မှဆိုတော့ သူလဲ မစောင့်နိုင်ဘူး၊ အဲဒါနဲ့ပဲ နားနဲ့မနာ ဖဝါးနဲ့ နာပါခင်ဗျာ ငါးကျပ်တန်အိမ်ထောင်ရေး လုပ်လိုက်ပါတယ်၊ သူ့စာထဲမှာတော့ ငါးကျပ်ပေးပြီး ပြည့်တန်ဆာမဆီ သွားလိုက်တော့ သူ့ကို စိတ်ကျေနပ်အောင် ပြုစုတယ်ပေါ့၊ အုပ်ထိန်းသူ အန်တီကြီးကလဲ သူ့ချစ်သူရဲ့အမေ ယောက္ခမလောင်းကြီးလို မဟုတ်ဘူး၊ သဒ္ဓါကြည်ဖြူနဲ့ လက်ခံတယ်ပေါ့၊ ကျွန်တော် အဲဒီဝတ္ထုကို ဖတ်မိတယ်၊ ရေးတဲ့သူကလဲ ဘာရည်ရွယ်ချက်နဲ့ ရေးလဲမသိ၊ သူ့ဆိုလိုချက်ကတော့ အထက်တန်းလွှာ အိမ်ထောင်ရေးကိုပဲ သရော်ချင်လို့ရင်လဲ ဖြစ်မယ်၊ လက်ထပ်ရေး၊ အိမ်ထောင်ရေးထက် မင်္ဂလာဆောင်ညည့်ခံပွဲကို အရေးပေးတတ်တဲ့ လူ့အဖွဲ့အစည်းတချို့ကို ရှုတ်ချချင်လို့ပဲ ရေးတာလဲဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော် စာရေးဆရာကြီးကို ဘယ်လိုမှ အပြစ်ဆိုလိုတာ မဟုတ်ပါဘူးနော်၊ ကျွန်တော်ကလဲ ဒီဝတ္ထုဖတ်ရချိန်က ငယ်သေးတော့ လေးလေးနက်နက် မစဉ်းစားမိဘဲ ကျွန်တော့်ချစ်သူနဲ့ အဆင်မပြေချိန်မှာ အဲဒီ ငါးကျပ်တန်အိမ်ထောင်ရေး လိုက်စားမိတာ နောက်ဆုံး ရောဂါရတာပဲ၊ ကျွန်တော့်အမေဟာ ဒီအဖြစ်အပျက်တွေ သိသွားပြီး ကျွန်တော့်ကို လိမ်လိမ်မာမာနဲ့ ရောဂါကိုလဲ ဆေးကု၊ စိတ်ဓာတ်ကိုလဲ ဆေးကုပြီး ထိန်းသိမ်းပြုပြင်ပေးပါတယ်၊ ခု ကျွန်တော်အရွယ်ရလာပြီး အိုးနဲ့အိမ်နဲ့ လက်ထပ်ပြီးတော့မှ မေမေပြောတာကို သတိအမြဲရနေပါတယ်၊ အိမ်ထောင်ရေးဆိုတဲ့ ရည်ရွယ်ချက်က စိတ်ဓာတ်အာသာဆန္ဒဆိုတဲ့ ကာမတဏှာကို ခေတ္တဖြေဖျောက်ဖို့ တစ်ခုတည်း မဟုတ်ဘူးတဲ့၊ တို့လူ့ဘောင်ရဲ့ အနွယ်အဆက် အမျိုးပြန့်ပွားဖို့ သဘာဝက တို့ကို ဖန်တီးထားတာတဲ့၊ ဝတ္ထုက ဝတ္ထုပဲတဲ့၊ ဒီဝတ္ထုလဲ မေမေ မဖတ်ဖူးပါဘူး၊ ရေးတဲ့ စာရေးဆရာမှာတော့ ကောင်းမွန်တဲ့ရည်ရွယ်ချက်တစ်ခုလဲ ရှိချင်ရှိမယ်ပေါ့တဲ့၊ ဒါပေမင့် သားတို့ဟာ တစ်ခါတလေ လမ်းပေါ်က ကုလားပုပ္ပုနွေးနွေးကြော်တဲ့ ဗယာကြော်ရှူရှူလေး ဝါးရတာ အရသာရှိနိုက်နဲ့ ကြုံလို့ ဗယာကြော်ကုလားအိမ်သွားလိုက်နေမှာလားတဲ့၊ မင်းတို့ ထာဝရ တကယ်တမ်းစားရမှ တင်းတိမ်နိုင်မယ့် နေ့စဉ်ထမင်းကတော့ မင်းတို့ရဲ့ အိမ်ဆိုတဲ့ အိမ်ထောင်စု မိသားစုဆီကသာ ရမှာတဲ့၊ တစ်ခါတလေတော့လဲ ထမင်းအေးအေးနဲ့ ရေလုံ့ပြုတ် စားရတဲ့အခါလဲ ရှိချင်ရှိမပေါ့တဲ့၊ ဒါကိုတော့ သည်းခံရမှာပဲတဲ့၊ တစ်ခုတော့ ရှိတယ်တဲ့၊ မင်းရဲ့စာရေးဆရာကြီး ဖော်ပြတဲ့ ယောက္ခမလောင်းတို့ ချစ်သူတို့ စိတ်ဓာတ်မျိုးကတော့ တချို့မိန်းမတွေမှာ ရှိမှာပဲတဲ့၊ ဒါမျိုးကိုတော့ အားမပေးထိုက်ပါဘူး၊ မေမေလဲ မကြိုက်ပါဘူးတဲ့၊ ဒါပေမင့် သား.. တကယ်အမျိုးစစ်မှန်ရင်တော့ ထိုက်တန်တဲ့တန်ဖိုး ပေးရပေလိမ့်မယ်တဲ့၊ ဗယာကြော်ရှူရှူလို ငါးပြားနဲ့ ဝယ်စားလို့မရဘူးတဲ့၊ ထမင်းအိုးတစ်လုံးနဲ့ ဟင်းတစ်ခွက်ကတော့ ဗယာကြော်တစ်ခုထက် တန်ဖိုးကြီးမားမှာပဲတဲ့၊ ကဲ.. ကျွန်တော်လဲ အဲဒီကတည်းက ငါ့မေမေဟာ တကယ့်ဝတ္ထုရေးဆရာမကြီးပါလား၊ စိတ်ကူးယဉ် စာရေးဆရာမကြီးတွေထက် သာပါလားလို့ သတိရပါတော့တယ်ခင်ဗျား၊ ကျွန်တော်ပြောချင်တာ ဒါပါပဲ၊ စကားရှည်သွားရင်လဲ ခွင့်ပြုပါ၊ စင်ပေါ်မှ ဦးမင်းရဲဒိဗ္ဗအမှူးရှိတဲ့ စာရေးဆရာကြီးများလဲ ကျွန်တော့်ဆိုလိုချက်ကို ပညာရှိကြီးများပီပီ တွေးယူကြပါတော့"

mgyoe.com

တင်ကိုကို ပြောအပြီးတွင် လက်ခုပ်သံသည် ဝက်ဝက်ကွဲ၍ သွားတော့၏။ စင်ပေါ်မှ စာရေးဆရာကြီးများသည်လည်း ကျေနပ်နှစ်သိမ့်စွာနှင့် ပြုံးနေကြ၏။ အစီအစဉ်အတိုင်း စာရေးဆရာကြီးများသည် စာပေအကြောင်းနှင့် ရှေးစာဆိုတော်ကြီးများ အတ္ထုပ္ပတ္တိကို မိမိတို့တာဝန်အတိုင်း ဆက်လက် ဟောပြောသွားကြသည်။

ဟောပြောပွဲမှာ အေးအေးဆေးဆေးပင် ပြီးဆုံးသွား၏။ ကျွန်မနှင့် တက္ကသိုလ်ဒေါ်ကျော့မှုံးလည်း အိမ်သို့ ပြန်လာကြသည်။ ကားပေါ်တွင် ဒေါ်ကျော့မှုံးက စကားပြောလာ၏။

"တင်ကိုကိုက စကားပြောတာ မဆိုးဘူး တော်သားပဲ၊ သူပြောတာလဲ မှန်တယ်၊ တစ်ခါတလေ စာရေးဆရာတစ်ယောက်ဟာ သူ့ရည်ရွယ်ချက်ကတော့ ကောင်းပါတယ်၊ လူငယ်လေးတွေတချို့ခံယူချက်က မရင့်ကျက်သေးတော့ အတွေးအခေါ် တစ်မျိုးဖြစ်ပြီး အဆိပ်ဖြစ်သွားတယ်"

"အင်း.. ဟုတ်တာပဲ" ကျွန်မက အင်းလိုက်၏။

"ဒါထက်ဆိုးတာက မိန်းကလေး စာဖတ်ပရိသတ်ပေါ့၊ ကျွန်မက မိန်းကလေးအတော်များများနဲ့ ဆက်ဆံရတော့ သူတို့အဖြစ်အပျက်တွေနဲ့ သူတို့စိတ်ဓာတ်ကို လေ့လာခွင့် တော်တော်ပဲ ရတယ်၊ ခုတော့ အသင်းတိုက်မှာ အသက်မွေးမှုတစ်ခု ဖြစ်နိုင်အောင်ကို စက်ချုပ်၊ ဆွဲယက်တာထိုး၊ မုန့်လုပ်နည်းရော၊ ထမင်းချက်နည်းရော၊ ဈေးရောင်းနည်းရော သူ့အချိန်နဲ့သူ သင်တယ်လေ၊ အဲဒီဟာတွေအပြင် တစ်ချိန်ကတော့ စာပေဆွေးနွေးပွဲဆိုပြီး ကျွန်မလဲ တစ်ချိန်ဖွင့်ထားတယ်"

"ဟုတ်ကဲ့"

"အသင်းက စာကြည့်တိုက်မှာ ကြိုက်ရာစာအုပ်ကို ငှားဖတ်နိုင်တယ်၊ သင်တန်းပြီးလို့ ညဘက် ကိုယ့်ကိုးကွယ်ရာဘာသာအလျောက် ဘုရားဝတ်ပြုပြီးရင် စာဖတ်ခွင့် တစ်နာရီပေးထားတာကိုး၊ ခုန ပြောတဲ့ နေ့လယ်ဆွေးနွေးပွဲ ရောက်ရင် ဘယ်စာအုပ်ကဖြင့် ဘယ်လိုသဘော ဘာကို ဆိုလိုတယ်ဆိုတာ သူတို့နဲ့ ဆွေးနွေးပေးရတယ်၊ အပြင်ကလဲ ကျောင်းဆရာမကြီးတွေ အတော်များများ အလှည့်နဲ့ လာပြီး ဟောပြောဆွေးနွေးကြတယ်၊ တော်တော်လေး အောင်မြင်သား"

"စာမဖတ်တတ်တဲ့ မိန်းကလေးတွေလဲ ပါမှာပေါ့" ကျွန်မက မေးလိုက်၏။

"ပါတယ်လေ၊ ခုတော့ ကျွန်မရဲ့လက်ထောက် ဥမ္မာခင်က စာသင်တဲ့တာဝန် ယူထားတယ်၊ တချို့လဲ ဖတ်တတ်ရုံပဲ ရှိပါသေးတယ်၊ တချို့ကတော့ အခြေခံ တစ်တန်း နှစ်တန်းရှိလာတော့ ကျွန်မတို့အသင်း ရောက်ရင်ပဲ စာကို အတော်ဖတ်တတ်သွားတယ်၊ ဥမ္မာခင်က မဆိုးပါဘူး၊ သူ့အဖြစ်ကလဲ အတော် ဝမ်းနည်းစရာကောင်းတယ်"

"ဘယ်လိုဖြစ်လို့လဲ"

"ဒေါ်ခင်နှင်းယု ကြားရရင် ဝတ္ထုတစ်ပုဒ် ဖြစ်သွားမှာပဲ၊ သူက စာရေးဆရာ ကို..... ကို သိပ် သဘောကျတာ၊ လူငယ်တွေစိတ်ဆိုတာ တစ်မျိုးပေါ့လေ၊ စာပေနယ်က ကျော်ပြီး လူကိုပါ ချစ်လာကြတာ၊ ကလေးမလေးက ဒီတုန်းက စိတ်ဓာတ်အပြောင်းအလဲအရွယ် နှစ်ဆယ်မပြည့်သေးတော့ ငယ်လဲ ငယ်သေးတယ်မို့လား၊ ဒါပေမင့် မိဘတွေက ဆယ်တန်းအောင်အပြီးမှာ မိဘချင်း သဘောတူတဲ့

mgyoe.com
လူနဲ့ စေ့စပ်ထားတယ်၊ ကောင်မလေးက ရန်ကုန်ထွက်ပြေးလာပြီး သူချစ်တဲ့ စာရေးဆရာဆီ သွားတာပဲ၊ ကို.....ကလဲ ဒီနေရာမှာ သစ္စာရှိရှာပါတယ်၊ သူမှာ မိန်းမရှိတယ်လို့ အကျိုးအကြောင်း ပြောပြတာလဲ မရဘူး၊ ဒါနဲ့ ကျွန်မကို အကြောင်းကြားပြီး ကျွန်မလက်ထဲကို ဥမ္မာခင်ကို အပ်တယ်၊ ဥမ္မာခင်က လမ်းပေါ်မှာ ပျက်စီးနေတဲ့ မိန်းကလေးအမျိုးအစားထဲမှာ မပါပြန်ဘူး၊ ဒါကြောင့် ကျွန်မက သူ့မိဘတွေ လှမ်းအကြောင်းကြားရတယ်၊ မိဘတွေ လိုက်လာပြန်တော့လဲ ဥမ္မာခင်နဲ့ လူကြီးချင်း စေ့စပ်ထားတဲ့ သူငယ်က စာရေးဆရာနောက် လိုက်ပြေးတယ်ဆိုပြီး စေ့စပ်ကြောင်းလမ်းတာကို ဖျက်လိုက်တယ်၊ ဥမ္မာခင်ကလဲ ရက်လှချည်ရဲ့ဆိုပြီး သတ်သေပါတော့မယ်ဖြစ်လို့"

"ဒေါ်ကျော့မှူးအလုပ်ကလဲ မလွယ်ပါဘူးနော်"

"ဟုတ်ကဲ့၊ ကျွန်မလဲ မိဘတွေကို တောင်းပန်၊ နောက်ဆုံး မိဘတွေက စာကို ဆက်သင်ပါ့မယ်ဆိုတဲ့ကတိ သူတို့သမီးဆီက တောင်းပြီး ကျွန်မလက်ထဲ ဥမ္မာခင်ကို ပြန်အပ်ခဲ့တယ်၊ ကျွန်မဆီမှာ နေရင်း ဆရာဖြစ်ဝင်ပြီး အောင်တော့ အပြင်မှာ ဆရာမလုပ်ဘဲ ကျွန်မတို့အသင်းမှာပဲ သူ ဆရာမလုပ်ပြီး စာမတတ်သေးတဲ့သူတွေကို သင်ပေးတယ်"

ကျွန်မက နားထောင်ရင်း စိတ်မောသွား၏။

"တော်ပါသေးရဲ့ ဒေါ်ကျော့မှူးရယ်.. လက်မတင်ကလေးပဲ၊ အင်းလေ.. အရွယ်အလိုက် မိန်းကလေးတွေရဲ့စိတ်ဟာ 'ဆေးကု၍မရပါ' ဆိုတဲ့ တစ်ချိန် ရှိတယ်ဆိုတာ တချို့မိခင်တွေက မစာနာတတ်ဘူး၊ ကိုယ်လဲ ငယ်ရာက ကြီးလာတာပဲ"

ဟုတ်တယ်လေ၊ တစ်ခါတလေလည်း ကျွန်မကိုယ်တိုင် ဦးနှောက်ခြောက်ခြောက်သွားလို့ အမှုဆောင်အဖွဲ့အစည်းအဝေးရောက်ရင် တင်ပြရတယ်။ "သူတို့က ဝိုင်းကူရှင်းပေးပေလို့ပေါ့၊ ခုတော့လဲ ဥမ္မာခင်က တကယ့်ဆရာမကြီးကျနေတာပဲ၊ သိပ်ရင့်ကျက်ပြီး သိမ်မွေ့နေတယ်"

"အင်း.. ဒေါ်ကျော့မှူးက အရိုးကု အကြောကု ဆရာဝန်မဟုတ်ဘူး၊ အသည်းနာကု စပယ်ရှယ်လစ် အထူးကု ဆရာဝန်မကြီးပေါ့"

ကျွန်မ စကားဆုံးလျှင် ဒေါ်ကျော့မှူးသည် ကားမောင်းရင်း ဟက်ဟက်ပက်ပက် ရယ်၏။ စကားစပ်မိသည်နှင့် ကျွန်မကလည်း မောင်အောင်မြင်၏အကြောင်းကို ပြောပြမိ၏။ ဒေါ်ကျော့မှူးသည် နားထောင်နေရာမှ..

"ဒေါ်ခင်နှင်းယုရေ.. ကျွန်မတော့ သံဝေဂဖြစ်သား၊ အသည်းနာ အထူးကုဆရာဝန်မကြီးတွေ အသည်းတကယ်နာလာတော့ ဘယ်သူကုမှာလဲဟင်" သူ မေးလိုက်၏၊ ကျွန်မသည် ရုတ်တရက် တုန်လှုပ်သွား၏။ မှန်၏။ ကျွန်မတွင် ယခုတိုင် ကျွန်မ၏ အသည်းနာဝေဒနာသည် ပျောက်သည်အထိ အနာလုံးလုံးမကျက်သေး၍ ဖြစ်ပါသတည်း။

ကျွန်မနှင့် ဒေါ်ကျော့မှူးသည် လမ်းခွဲလိုက်ကြ၏။

*

နောက်တစ်ပတ်အတွင်း ကျွန်မသည် ဦးထူးမြင့်နှင့် တွေ့ဆုံဖို့ ချိန်းဆိုကာ မဂ္ဂဇင်းတိုက်သို့ထွက်
mgyoe.com

mgyoe.com

လာခဲ့၏။ ကိစ္စကတော့ ထူးထူးခြားခြားကိစ္စမဟုတ်ပါ။ ကျွန်မမှာ ငွေအနည်းငယ်လို၍ ဖြစ်ပါသည်။ အနုပညာနယ်မြေမှာ ကျယ်ပြန့်လှပါသည်။ စာပေ၊ ရုပ်ရှင်၊ ပန်းချီ၊ အက၊ ဂီတ စသည်ဖြင့် ကျယ်ပြန့်သလောက် အကျိုးပေးကလည်း မတူကြ။ ဆရာသခ်ီ တစ်ခါကရေးသော ဆောင်းပါးတစ်ခုကို ကျွန်မဖတ်ရင်း သံဝေဂရမိ၏။ ဆရာတို့တစ်ခေတ်အတွက်လည်း ဝမ်းနည်းမိပါသည်။ သူ့ဆောင်းပါးလေးမှာ 'သူတို့ကံကောင်းကြပေသည်' ဟု ခေါင်းစဉ်တပ်ထားသည်။ သူတို့ဆိုသည်မှာ ကျွန်မတို့ခေတ်ကို ဆိုလိုပါသည်။ ကျွန်မတို့တစ်ခေတ်တွင် ဆောင်းပါးတစ်ပုဒ် ၇၅ ကျပ်၊ ဝတ္ထုတိုတစ်ပုဒ် ၁၅၀ ကျပ်၊ မဂ္ဂဇင်းဝတ္ထုရှည် ၃၀၀ ကျပ် ရပါသည်။ လုံးချင်းဝတ္ထုမှာ စာဖတ်ပရိသတ်ထုကောင်းရင်ကောင်းသလို အကျိုးခံစား ခွင့် ရှိပါသည်။ သို့သော် ဤသို့ရအောင် ကြိုးပမ်းလာခဲ့ရသော ဆင်းရဲအဆင့်ဆင့်တော့ ကိုယ်စီရှိကြသည်ပဲ ဖြစ်၍ ကျွန်မရေးသားဖော်ပြဖို့ မလိုပါ။ ဆရာတို့ခေတ်ကမူ ပရိသတ်က လက်ခံရုံမက တကယ့်ကို ပညာပြည့်ဝပါသော်လည်း ထုတ်ဝေသူတချို့၏ လောဘကြီးမှု၊ ခေါင်းပုံဖြတ်မှု၊ စာဖတ်ပရိသတ် အင်အားကလည်း နည်းပါးသေး၍လား မသိ၊ လက်ရွေးစင် စာကောင်းပေကောင်း ရေးနိုင်သော စာရေးဆရာကြီးများပင် ဝတ္ထုတစ်ပုဒ်ကို ၃၀ ကျပ်မျှ ရကာ ထိုငွေ ၃၀ ကျပ်ကိုလည်း ထုတ်ဝေသူက လာမပေး၊ စာရေးသူက ထုတ်ဝေသူရှိရာသို့ ချောင်းပေါက်လုအောင် သွားမှ ငွေပြေ ရတတ်ကြသည်။ ဤအဖြစ် အပျက်များကို ဆရာသခ်ီက ရေးသားဖော်ပြခြင်း ဖြစ်၏။

စာပေနယ်တွင်မက ရုပ်ရှင်နယ်တွင်လည်း ဤသို့ပါပင်တည်း။ ကျွန်မ ငွေလိုသောကိစ္စမှာ ကျွန်မတို့ ငယ်စဉ်တစ်ခေတ်က အလွန်ကျော်ကြားသော ရုပ်ရှင်မင်းသားကြီးတစ်ယောက် ကွယ်လွန်သော ကိစ္စအတွက် ဖြစ်ပါသည်။ သူတို့သည်လည်း လက်ရှိ ကျွန်မတို့ခေတ် ရုပ်ရှင်မင်းသားများလို ကံမကောင်းကြပေ။ ရုပ်ရည်တင့်တယ်မှု လျော့ကျသွားချိန် အိုမင်းချိန်တွင် စုဆောင်းပြီးမရှိသောအခါ သေပန်းမလှကြပါ။

ကံက ခေလွန်းသည်ဆိုရမည်၊ တခြားရုပ်ရှင်ဇာတ်လိုက်မင်းသားများ၊ ကွယ်လွန်အနိစ္စရောက်ချိန်တွင် ရက်သတ္တပတ် သူ ဇာတ်ဆောင်လုပ်ခဲ့သော ဇာတ်ကားများကို ပြခြင်းဖြင့် ကျန်ရစ်သူများကို ထောက်ပံ့ခြင်းကိစ္စများကို သက်ဆိုင်ရာအစည်းအရုံးအနုပညာသည် အဖော်အချင်းချင်းက ညှိနှိုင်း၍ ပိုင်းဝန်းလုပ်ပေးကြပါသည်။

ဤဇာတ်လိုက်မင်းသားကြီးကျခါမှ ဘာက ဘယ်လို အဆင်မပြေသည် မသိ၊ ရာပနကိစ္စ လုံလောက်ရုံမျှ ငွေကူခြင်းရကာ ကျန်ရစ်သော ဇနီးနှင့် ကလေးများတွင် အတော်ပင် ကသီလင်တဖြစ်နေသည်ဟု နန္ဒဝန်စာပေမှ မောင်ခင်မောင်ထံမှ ကျွန်မသတင်းကြားရ၏။ ထိုကိစ္စကို ငွေကူချင်ခါမှ ကျွန်မ တခြားကိစ္စများတွင် ငွေအသုံးလွန်နေ၍ ဦးထူးမြင့်ဆီသို့ ငွေသွားဆွဲခြင်း ဖြစ်ပါသည်။ ငွေက တစ်ဆယ် ဆယ့်ငါးကျပ်မျှ ကူ၍လည်း မဖြစ်၊ သူ့ယောက်ျား ကွယ်လွန်ပြီး လုံးဝဝင်ငွေမရှိချိန်နှင့် တစ်ခုခု ဝင်ငွေရှိသော လုပ်ငန်းမစခင် ထမင်းနပ်မှန် စားနိုင်လောက်အောင် အနည်းဆုံး တစ်လစာ ဖူလုံအောင်တော့ ကျန်ရစ်သူဇနီးအား ကျွန်မ ငွေကူချင်ပါသည်။ ဒါကြောင့် ကျွန်မ ဦးထူးမြင့်ထံ မောင်ခင်မောင်နှင့်အတူ ငွေသွားယူရခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

ကျွန်မ မပြန်ခင် ဦးထူးမြင့်နှင့် စကားလက်ဆုံကျနေဆဲ မောင်အောင်မြင် ရောက်လာပါသည်။

"ဟာ.. မမယု ဘာလာလုပ်လဲ"

ကျွန်မ လာရင်းကိစ္စကို ပြောပြလိုက်၏။

ဦးထူးမြင့်ကလည်း ဘာလောက်ကိစ္စတစ်ခု မေးနေပါသည်။

"ပြီးပါပြီ အန်ကယ်၊ နက်ဖြန် ရမယ်တဲ့၊ ကျွန်တော်တို့ စာ စ စီပြီပေါ့"

"အေး.. အေး"

"အန်ကယ် မမယုကို အဲဒီဝတ္ထုအကြောင်း ပြောပြီးပြီလား" မောင်အောင်မြင်သည် အလွန်စိတ်ဝင်စားဟန်နှင့် ပြောလိုက်၏။

"မပြောရသေးဘူး၊ တို့နှစ်ယောက် ရုပ်ရှင်မင်းသား...... ကွယ်လွန်တဲ့အကြောင်း စကားလက်ဆုံကျနေလို့"

"ဘာဝတ္ထုလဲဟင်" ကျွန်မက ဦးထူးမြင့်ကို မေးလိုက်၏။

"ဦးသုရိန်ရဲ့ (အသက် ငါးဆယ်ကျော်ပြန်ရင်ကွယ်) ဆိုတဲ့ ဝတ္ထုရှည် ဒီလ ကျွန်တော်တို့ ယုဂန်ထိုရ်မဂ္ဂဇင်းမှာ စပြီးပါမယ်၊ ဒီဝတ္ထုအတွက် မောင်အောင်မြင် ဘာလောက်သွားအပ်တာ" ဦးထူးမြင့်က ဖြေ၏။

"ဦးသုရိန်ဝတ္ထုတွေကို မဖတ်ရတာ ကြာပြီ၊ သိပ်ကို အဖွဲ့အနွဲ့ကောင်းတာပဲ"

"လူသာအိုတယ် ကလောင်ကတော့ မကျဘူးခင်ဗျ၊ ဒီဝတ္ထု စလာတဲ့အကြောင်းကို မောင်အောင်မြင်က ပြောတော့ မခင်နှင်းယု သိတယ်ဆို" ဦးထူးမြင့်က မေး၏။

"ကျွန်မမှ မဖတ်ရသေးဘဲ"

"ဒီလို.. ဒီလို မမယုရေ"

မောင်အောင်မြင်က ဝင်၍ ရှင်းလင်းပြောပြ၏။

"ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ် စာဆိုတော်နေ့က ကျွန်တော်တို့ရပ်ကွက်မှာ ကျင်းပတဲ့ ဟောပြောပွဲကို မမယု ရောက်တယ်လေ"

"အင်း.. ဆိုစမ်းပါဦး"

"အဲဒီတုန်းက တင်ကိုကိုက ပြောပြတယ်လေ၊ ငါးကျပ်တန်အိမ်ထောင်ရေးဆိုတာ"

"အင်း.. မယု သတိရပြီ"

"အဲဒီ ဟောပြောပွဲလုပ်တုန်းက ဦးသုရိန်ကလဲ မမယုတို့လိုပဲ နားထောင်တဲ့ပရိသတ်ထဲ ပါတယ်ဆိုပဲ၊ အမှန်တော့ အဲဒီ ငါးကျပ်တန်အိမ်ထောင်ရေးဝတ္ထုတိုရေးတာ သူတဲ့"

"ဟုတ်မှာပေါ့၊ တစ်ခါတလေ ကိုယ်တို့လဲ မလွတ်တမ်းဖတ်ရာက ဝတ္ထုတိုလေးတွေကို ဖတ်ဖို့ လွတ်သွားတဲ့အခါလဲ ရှိတယ်" ကျွန်မက ဖြေလိုက်၏။

"ဦးသုရိန်က သူဟာ ဒီဟောပြောပွဲ သွားပြီး နောင်တ အတော်ရတယ်တဲ့၊ အဲဒီနောင်တ ကနေ သူ့ဝတ္ထု 'အသက် ငါးဆယ်ကျော်ပြန်ရင်ကွယ်' ဟာ ပေါက်ဖွားလာတာ မမယုရေ၊ သူတို့မှာ ရေးတတ်လိုက်တာနော်"

mgyoe.com

မောင်အောင်မြင်သည် တအံ့တဩပြောလိုက်၏။ ဦးထူးမြင့်ကလည်း ခေါင်းလေး တညိတ်ညိတ်နှင့် နားထောင်နေရာမှ ဝင်ပြော၏။

"ဝတ္ထုထွက်လာတော့လဲ ဖတ်ကြည့်ပေါ့၊ ဝတ္ထုထဲမှာ ဒီဟောပြောပွဲက ပြန်လာမှ သူ့အိမ်ရောက်တော့ ပါးရေတွန့်စ ပြုနေတဲ့ သူ့ချစ်ဇနီးကို ကြည့်ရင်း ဒီဝတ္ထုကို တစိမ့်စိမ့်ရေးတာ ဆိုပဲ၊ သူ့ဘဝမှာ မကျော်ကြားခင် စာရေးဆရာလေးဘဝကနေ သူ အသက်ငါးဆယ်အထိ ဘဝအမျိုးမျိုးကို ဖြတ်သန်းလာရာမှာ အပါးက တစ်ဖဝါးမကွာဘဲ သူနဲ့အတူ ဒုက္ခအဆင့်ဆင့်ကို ခါးစည်းခံလာတဲ့ သူ့မိန်းမ အကြောင်းပဲဗျ၊ ခု မြေးနှစ်ယောက်ရတဲ့ ဘွားအေဘဝအထိ သူ့မိန်းမဟာ သူ့သားတွေကို ဖြစ်သမျှ ဝင်ငွေနဲ့ ထိန်းလာပုံ၊ ခု ဘွားအေဘဝဆိုတဲ့ အမယ်အိုဘဝရောက်တောင် မြေးလေးတွေကို အုပ်အုပ် ထိန်းထိန်းနဲ့ ဣန္ဒြေရရ နေပြတာ မြင်ရတော့မှ သူ့မှာ သူ့မိန်းမရဲ့ ကျက်သရေကိုလဲ ကြည်ညိုမိတယ် ပေါ့၊ တင်ကိုကိုရဲ့ ဟောပြောချက်ကြောင့် သူ သံဝေဂရပြီး အသက်ငါးဆယ်ပြည့်တဲ့နေ့မှာ အတွေး အခေါ် ဘယ်လိုပြောင်းလဲလာတယ်ဆိုတာ တင်ပြသွားတာပါပဲဗျာ"

ဦးထူးမြင့်သည် စိန်ကောင်း ကျောက်ကောင်းကို အကဲခတ်တတ်သူပီပီ ဦးသုရိန်၏ စိန်သွားတပ် ကလောင်သွား၏ အရည်အသွေးကို သူ အားရပါးရ ချီးကျူးနေပါတော့သည်။

"ကဲ.. မယုလဲ ရှာပနကို ဆက်သွားဦးမယ်"

ကျွန်မသည် မောင်အောင်မြင်ကို မေးထိုးပြရင်း..

"မောင်အောင်မြင်ရော စွံပြီလား ဦးထူးမြင့်" ဟု မေးလိုက်၏။ မောင်အောင်မြင်သည် ဦးထူးမြင့် မျက်နှာကို ကြောင်တက်တက်နှင့် ကြည့်နေရင်း အဖြေကို နားထောင်နေဟန်တူသည်။

"မောင်အောင်မြင်လား စမ်းချောင်းဘေးမှာထိုင်ပြီး ရေငတ်နေတဲ့ကောင်လေးဗျ၊ သူက စမ်းရေ သောက်ရင် ငှက်ဖျားတက်မှာကြောက်တယ် ထင်ပါရဲ့၊ အမှန်တော့ စိမ့်စမ်းက ကျလာတဲ့ ရေဟာ ငှက် ဖျားပိုးတော့ ပါတာပေါ့၊ ဒီရေကို ကျိုသောက်ရင် ပြီးတာပဲ"

ဦးထူးမြင့်စကားလုံးမှာ ကောင်းလိုက်သည့်ဖြစ်ခြင်း။ ကျယ်ဝန်းနက်နဲလှ၏။ မောင်အောင်မြင်တော့ ဘယ်လိုသဘောပေါက်မယ် မသိပါပေ။

ကျွန်မသည် ရုပ်ရှင်မင်းသားကြီး၏ ရှာပနသို့ ထွက်ခဲ့၏။ သင်္ဂြိုဟ်ခြင်းကိစ္စမှာ ပြီးခဲ့ပြီ။ ယခုတလော နာရေးများကို သွားရောက်သော်လည်း သင်္ဂြိုဟ်ပြီးမှဖြစ်စေ၊ ရက်လည်မှဖြစ်စေ သွားရ၏။ ထိုအချိန်မှ လူရှင်းသည်။ လူများချိန် ကျွန်မရောဂါကြောင့် ဘယ်ကိုမှ မသွားရပါ။

ယခုလည်း ခေတ်ဟောင်းရုပ်ရှင်မင်းသားကြီး၏ ရှာပနမှာ ပြာကျခဲ့ပြီ။ အိမ်မှာ တိတ်ဆိတ်လျက်ရှိ၏။ အိမ်ရှေ့သဲမြေပေါ်တွင် မင်းသားကြီး၏ သားများဖြစ်ဟန်တူသော ကလေးငယ်တစ်စုတို့ ကစားနေကြ၏။ အိမ်၏ လှေကားကို ကျွန်မအတက်တွင် လှေကားသုံးထစ်မှာ အလယ်ကအထစ် ကျိုးနေ၍ ကျွန်မကို လိုက်ပို့သူ နန္ဒဝန်မောင်ခင်မောင်မှာ ကျွန်မကို တွဲ၍တင်ရသည်။

ရုပ်ရှင်မင်းသားကြီး၏ဇနီးဖြစ်ဟန်တူသူ အမျိုးသမီးသည် အိမ်ဝခါးပန်းတွင် ငုငုကြီး ထိုင်နေ၏။ ရင်ခွင်တွင်းဝယ် နို့စို့ကလေးငယ်သည် တပြုတ်ပြုတ်နှင့် နို့စို့နေသည်။ သူ့မိခင်၏မျက်နှာကို တစ်ချီ

mgyoe.com